# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မမေ့မလျော့ခြင်း

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သောသူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သော သူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)


၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၁)၊ အမှတ် (၃၅၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဘူးသီးတောင်- ရသေ့တောင်- စစ်တွေ အမြန်ရေယာဉ် ပြန်လည်ပြေးဆွဲနေမှုကို တွေ့ရစဉ်။

## ကိုဗစ်- ၁၉ ကြောင့် ခေတ္တရပ်နားခဲ့သည့် ဘူးသီးတောင်- ရသေ့တောင်- စစ်တွေ အမြန်ရေယာဉ် ပြန်လည်ပြေးဆွဲ

**ဘူးသီးတောင် စက်တင်ဘာ ၂၁**

ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကြောင့် ဘူးသီးတောင်-ရသေ့တောင်- စစ်တွေမြို့များသို့ ပြေးဆွဲလျက်ရှိသည့် ပုဂ္ဂလိကပိုင် ရွှေပြည်တန် အမြန်ရေယာဉ်ကို ယခုနှစ် ဇူလိုင် ၁၈ ရက်မှစ၍ ခေတ္တရပ်နားထားခဲ့ရာမှ ယနေ့နံနက်ပိုင်းမှ စတင်ကာ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဘူးသီးတောင်မြို့မှ ရသေ့တောင်- စစ်တွေမြို့သို့ ပုံမှန်ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျော့နည်းလာပြီဖြစ်၍

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## မြန်မာထွက်ကုန် ပဲစင်းငုံသီးနှံများ အိန္ဒိယနိုင်ငံမှ သက်တမ်းတိုးဝယ်ယူမည်ဆိုသည့် သတင်းများကြောင့် မူလဈေးနှုန်းထက် ရာနှုန်းပြည့် မြင့်တက်

**မန္တလေး စက်တင်ဘာ ၂၁**

ယခုရက်ပိုင်းအတွင်း မြန်မာထွက်ကုန် ပဲစင်းငုံသီးနှံများအား အိန္ဒိယနိုင်ငံမှ သက်တမ်းတိုးဝယ်ယူမည်ဆိုသည့် သတင်းများကြောင့် မန္တလေးပဲဈေးကွက်၌ မူလပေါက်ဈေးထက် ဈေးနှုန်းများ ရာနှုန်းပြည့် မြင့်တက်နေကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

၂၀၂၁ ခုနှစ် ပဲရာသီတွင် အဆိုပါ ပဲစင်းငုံဈေးနှုန်းမှာ ပေါ်ဦးပေါ်ဖျား မတ်လအတွင်းက သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀ နှုန်းဖြင့် အဖွင့်ဈေးစခဲ့သော်လည်း ယခုရက်ပိုင်း

*စာမျက်နှာ ၃ ကော်လံ ၁* ●



## ယနေ့ ဖတ်စရာ


တစ်ဖက်သတ်အမြင် တစ်ဖက်သတ်အတွေးဖြင့် အမုန်တရားနှင့် ဝေးသူတွေ

ဆောင်းပါး စာ -၆

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ငါးမြို့နယ်၌ ကြံစိုက်ဧက ၂၅၀၀၀ ကျော်စိုက်ပျိုးထားရှိ

ပြည်တွင်းသတင်း စာ -၇

အိန္ဒိယမှ ကိုဗစ် -၁၉ ကာကွယ်ဆေးများ ပြည်ပသို့ တင်ပို့မှု ပြန်လည်စတင်မည်

နိုင်ငံတကာသတင်း စာ -၁၃

မြန်မာ့အလင်း

# နိမ့်ကျခြင်းမှ လွတ်ကင်းအောင်

၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်သည့် ရွှေ့ပြောင်းသန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အထက်တန်းပညာ မသင်ကြားဖူးသူနှင့် စာလုံးဝ မတတ်မြောက်သူ ဦးရေသည် မြင့်မားလျက်ရှိသည်ကို တွေ့ရှိရပြီး ပြည်နယ်များတွင် ပညာရေးနှင့် ပတ်သက်ပါက ပိုမိုအားနည်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ပညာရေးကို အလေးပေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၁၈ ရက်တွင် မြစ်ကြီးနားမြို့၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အထက်တန်းပညာ မသင်ကြားဖူးသူနှင့် စာလုံးဝမတတ်မြောက်သူဦးရေ မြင့်မားလျက်ရှိခြင်းက မိမိတို့နိုင်ငံ၏ ပကတိအခြေအနေဖြစ်ပြီး နိုင်ငံ့အနာဂတ်အတွက် မကောင်းသည့် အလားအလာတစ်ခုပင်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေးတို့ကို အသိပညာ၊ အတတ်ပညာ နည်းပါးနိမ့်ကျနေသည့် လူသားအရင်းအမြစ်ဖြင့် မြှင့်တင်ရန်မှာ လွန်စွာခဲယဉ်းလှမည်ဖြစ်သည်။ ကျောင်းပညာအလယ်တန်းအဆင့်မျှသာ သင်ကြားဖူးသူများ၊ စာလုံးဝ မတတ်မြောက်သူများမှာ အခြားသော အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုကိုပါ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခြင်းမရှိပါက ဆင်းရဲမွဲတေမှုမှ မည်သည့်အခါမျှ လွတ်မြောက်နိုင်မည်လည်း မဟုတ်။ မကောင်းမှု ဒုစရိုက်လုပ်ငန်းများဆီ ရောက်မသွားလျှင်ပင် တော်လှပြီဟုသာ ဆိုရတော့မည် ဖြစ်သည်။ ဆင်းရဲမွဲတေခြင်း–ပညာမသင်ကြားနိုင်ခြင်း–ဝင်ငွေနည်းပါးနိမ့်ကျခြင်းဟူသော သံသရာစက်ဝန်း၌သာ လည်ပတ်နေရပြီး မိမိတို့ကိုယ်တိုင် ရုန်းထွက်မှသာ လွတ်မြောက်နိုင်ကြမည်ဖြစ်ရာ ဆင်းရဲမွဲတေမှုနှင့် အသားကျနေထိုင်မသွားကြစေရန် တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်ရန်လိုအပ်သည်။

အထူးသဖြင့် မိမိတို့ လူမျိုးများ၏ အရည်အသွေး၊ အရည်အချင်းသည် ဗီဇသဘောအရ နိမ့်ကျခြင်း မရှိသည့်အတွက် ရေရှည်တွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို နှစ်စဉ်မြှင့်တင်သွားရန်လိုအပ်သလို ကျောင်းပြင်ပရောက်နေသူများအတွက် လက်တွေ့အလုပ်အကိုင်များ ရရှိနိုင်၊ ဝင်ငွေရရှိနိုင်သည့် သက်မွေးဝမ်းကျောင်းပညာများ ထိထိရောက်ရောက် သင်ကြားပေးနိုင်ရေး၊ စာမတတ်သူ ပပျောက်ရေးတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် သဘာဝသယံဇာတ အရင်းအမြစ်ချို့တဲ့ခြင်းသည် အဓိကကျသော ပြဿနာတစ်ရပ်မဟုတ်၊ သယံဇာတတစ်ခုမျှမရှိဘဲ ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကို သာဓကအဖြစ် တွေ့မြင်နိုင်သည်။ သို့ရာတွင် လူသားအရင်းအမြစ် ချို့တဲ့နိမ့်ကျခြင်းကမူ လူတစ်ဦးချင်းအနေဖြင့် ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်မည်မဟုတ်သလို နိုင်ငံကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်နိုင်မည် မဟုတ်သည့်အလျောက် ကျောင်းပညာ၊ အသက်မွေးအတတ်ပညာများ သင်ကြားနိုင်ရေး တိုက်တွန်းအားပေးခြင်း၊ အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို ပြုလုပ်ပေးရမည်ဖြစ်သည်။

နိမ့်ကျသည့်အခြေအနေမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်လိုသည့် လူတစ်ဦးချင်းစီ၏ အလိုဆန္ဒသည် ပတ်ဝန်းကျင်၏ ဩဇာလွှမ်းမိုးမှုပေါ်တွင် မူတည်နေသည်ဟု ပညာရှင်တို့က ဆိုကြသည်။ ပတ်ဝန်းကျင်အခြေအနေများ၊ ယဉ်ကျေးမှုအစဉ်အလာများ၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ၊ အာဟာရစားသုံးနိုင်မှုအခြေအနေများ၊ ဦးစီးခေါင်းဆောင်တို့၏ အရည်အသွေးများက ဒေသဖွံ့ဖြိုးရေး၊ ပြည်နယ်ဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသည့်အလျောက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက် တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ကြရေး တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | သူရဦးအောင်မျိုးမြင့် ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုဝန်ကြီးရုံး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့မီးရထား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| (၂) | ဒေါက်တာ သန်းထွဋ်လွင် ဒုတိယပါမောက္ခချုပ် တောင်ကုတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် တောင်ကုတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

စက်တင်ဘာ ၂၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ သုံးခုမှ D Parin–E Injection(Enoxaparin Sodium) အခု ၂၈၀၀၀၊ Pimcef Injection အခု ၂၀၀၀၊ Merofenem Injection အခု ၁၅၀၀၊ Ronem Injection အခု ၁၅၀၀၊ Clavox Tablets အခု ၆၀၀၀၊ Pantotec Injection အခု ၃၁၀၀၀၊ Otide Injection အခု ၁၀၀၀၊ Azitec (Azithromycin)အခု ၂၀၀၀၀၊ Sol–U–Pred Injection အခု ၃၀၀၀၀၊ Cefepime Injection အခု ၄၀၀၀၊ Tazin Injection အခု ၃၀၀၀၊ Dorvit– C(Vitamin C) အခု ၁၂၈၀၀။

ရန်ကုန်ဆိပ်ကမ်းများမှ Face Shield ၄၂၃၅ ခု၊ Mask အခု ၄၄၀၀၊ Oxygen Tube အခု ၄၀၀၊ Oxygen Mask အခု ၂၀၀၊ Inhaler ၁၆၃၈ ခု၊ Revolizer အခု ၁၅၆၀၊ Oxygen Concentrator ၄၄၁ ခု၊ Oxygen Cylinder အခု ၂၆၈၀၊ Oxygen Plant ၁၉ ခု၊ Regulator အခု ၂၀၀၀ နှင့် ဆေးဝါးမျိုးစုံ ၃၈ မျိုး (၂၇၃၈၃၉ ဒသမ ၂၄ Kg)။

နယ်စပ်(မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ ခြောက်ခုတို့မှ Oxygen Cylinder အခု ၇၁၀၊ Mask ၃၄၀၀၀ Kg၊ Liquid Oxygen တန် ၂၀၊ Flow Meter/Regulator ၄၅ ခု၊ Oxygen Plant နှစ်ခု၊ Gloves ၂၆၃၀၀ Kg၊ Trolley ၁၀ ခု၊ Menaphthone Sodium Bisulphateusp Injection ၂၀၀၀ Kg၊ Powder For Injection ၁၆၆၃၂ Kg၊ Diclofence Injection ၉၉၀၀ Kg၊ Spirometer အခု ၈၀၀ တို့ကိုထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၁–၉–၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 2 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 3 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 4 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 5 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 6 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 7 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 8 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 9 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 10 | Injection – Meropenam | 1g/Vial | 10000 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လားရှိုးမြို့သို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ရောက်ရှိ

**လားရှိုး စက်တင်ဘာ ၂၁**

လားရှိုးမြို့သို့ မြန်မာ့လေကြောင်းလိုင်းဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ လူဦးရေ ကိုးသောင်းကျော်အတွက် ကိုဗစ်–၁၉ ကာကွယ်ဆေးများ ယနေ့နံနက် ၁၀ နာရီတွင် ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးများ ရောက်ရှိလာခြင်းကို လားရှိုးမြို့နယ် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၊ လားရှိုးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ရဲအောင်ထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ရယူခဲ့ကြသည်။

ယခုရောက်ရှိလာသော ကိုဗစ်–၁၉ ကာကွယ်ဆေးများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များမှ လူဦးရေ ကိုးသောင်းကျော်အတွက် ဆေးခွဲတမ်းများရရှိခြင်းဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်များသို့ ဆေးခွဲတမ်းများ ပြန်လည်ခွဲပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများအား ကိုဗစ်–၁၉ ကာကွယ်ဆေးများကို သတ်မှတ်ထားသော စုရပ်များတွင် စည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ် –၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဦးထံမှ သိရသည်။ **ဥမ္မာချို(ပြန်/ဆက်)**

## နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက် နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပျဉ်းမနားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm)ကို ဒုတိယအသုတ် ပထမအကြိမ်ထိုးနှံ

**ပျဉ်းမနား စက်တင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ကာကွယ်ဆေးထိုးနှံရေး စင်တာတွင် ကာကွယ်ဆေးထိုးနှံပေးနေမှု ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကာကွယ်ဆေးလာရောက် ထိုးနှံကြသည့်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးရာ ကာကွယ်ဆေးလာရောက် ထိုးနှံကြသူများက ကာကွယ်ဆေး ထိုးနှံပေးနေမှုနှင့် ပတ်သက်ပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ပျဉ်းမနားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Sinopharm)ကို ဒုတိယအသုတ် ပထမအကြိမ်ထိုးနှံရာတွင် ယခင်ကာကွယ်ဆေးထိုးနှံခွင့်ရရှိသူများမှ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သူများ၊ နာတာရှည်ရောဂါ ခံစားနေရသူများ၊ မသန်စွမ်းသူများနှင့် အသက် ၅၅ နှစ်မှ ၆၄ နှစ်အကြား အသက်ကြီးသူများကို စက်တင်ဘာ ၁၆ ရက်မှ စတင်ကာ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် အဖွဲ့ဝင်များ ပျဉ်းမနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှိ ကာကွယ်ဆေးထိုးနှံရေး စင်တာ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှု ကြည့်ရှုအားပေးစဉ်။**



● *ရွှေ့ဖုံးမှ*

အတွင်း အိန္ဒိယနိုင်ငံ၏ ဝယ်လိုအား များပြားလာခြင်းနှင့်အတူ သက်တမ်းတိုးဝယ်ယူမည်ဆိုသည့် သတင်းများကြောင့် လက်ရှိ စက်တင်ဘာလ တတိယပတ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ နှုန်းအထိ ရာနှုန်းပြည့် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ်မှာလည်း သွက်လက်မြန်ဆန်နေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"အိန္ဒိယနိုင်ငံက မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ သီးနှံတွေကို ယခင်က အောက်တိုဘာလအထိ တင်ပို့ခွင့်ပြုထားရာကနေ ယခုဒီဇင်ဘာလအထိ သက်တမ်းတိုးပေးပြီးတော့ ဝယ်ယူမယ်ဆိုတဲ့သတင်း ကြားသိရပါတယ်။ ပဲစင်းငုံက ဒီနှစ် လက်ကျန်နည်းနေတယ်။ နိုင်ငံခြားဝင်ငွေတန်ဖိုးကလည်း တက်နေပါတယ်။ အိန္ဒိယဝယ်လိုအားကလည်း များပြားနေတဲ့အတွက်ဈေးက တက်လာတာပါ။ အခုလိုဈေးနှုန်းမြင့်တက်လာတာကြောင့် ပဲစင်းငုံစိုက်တောင်သူတွေ အားတက်စရာပါ။ ကုန်သည်တွေအနေနဲ့လည်း အမြတ်အစွန်းရရှိတဲ့နှစ်လို့ ပြောလို့ရပါတယ်။ ပဲစင်းငုံဈေးကွက်က အိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယနိုင်ငံကို မူတည်နေပါတယ်။ ၂၀၁၇ ခုနှစ်က တင်သွင်းခွင့်ကို ကိုတာစနစ်နဲ့ ပြုပြင်ပြောင်းလဲခဲ့တဲ့အတွက် ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၃၀၀၀၀ အထိ ကျဆင်းခဲ့လို့ တောင်သူတွေနဲ့ ကုန်သည်တွေမှာ အကြီးအကျယ် ထိခိုက်နစ်နာမှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ဆက်လက်၍ ၎င်းက "လာမယ့်နှစ် ပဲရာသီမှာ ပဲစင်းငုံက အထွက်နှုန်းကောင်းမယ်လို့ ခန့်မှန်းထားပါတယ်။ အိန္ဒိယနိုင်ငံက လွတ်လပ်စွာတင်ပို့ခွင့်ပြုတာကြောင့် ဈေးကွက်လည်း ရှင်သန်သွက်လက်နေပါတယ်။ ဒီနှစ်မှာ ပဲစင်းငုံက တစ်မူထူးခြားတဲ့ နှစ်လို့ ပြောလို့ရပါတယ်။ မြန်မာထွက်ကုန်သီးနှံတွေကနေ နိုင်ငံခြားငွေရှာဖွေပေးတဲ့နေရာမှာလည်း အဆင့်တစ်ဆင့်မှာရှိပါတယ်" ဟု ပြောသည်။

၂၀၂၁ ခုနှစ် ပဲရာသီတွင် အိန္ဒိယနိုင်ငံမှ ဈေးကွက်လိုအပ်ချက်အရ လွတ်လပ်စွာ ဖွင့်လှစ်ပေးလိုက်သည့်အတွက် အားတက်စရာဖြစ်နေကြောင်း၊ ပဲစင်းငုံသီးနှံကို အထက်မြန်မာပြည်ဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကထား စိုက်ပျိုးကြကြောင်း၊ လက်ရှိအချိန်တွင် ပဲစင်းငုံကို ဩဂုတ်လမှစတင် စိုက်ပျိုးခဲ့ရာ မိုးလေဝသ ကောင်းမွန်မှုကြောင့် အပင်ဖြစ်ထွန်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အနောက်တောင် မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❁ *ရွှေ့ဖုံးမှ*

မြို့နယ်အတွင်းရှိ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ ရေကြောင်းခရီးဖြင့် သွားလာနိုင်ရန်အတွက် ရွှေပြည်တန် အမြန်ရေယာဉ်များကို တစ်ပတ်လျှင် အင်္ဂါ၊ စနေ(နှစ်ရက်) ပြေးဆွဲမည်ဖြစ်ပြီး ခရီးသွားပြည်သူများအား ရောဂါကူးစက်မှု မရှိစေရေးအတွက် မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေပြည်တန် အမြန်ရေယာဉ်တွင် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ခရီးသွားပြည်သူများအား ရေယာဉ်ပေါ်သို့ မတက်ရောက်မီ လက်ကို စနစ်တကျဆေးကြောပြီးမှ ရေယာဉ်ပေါ်သို့ လိုက်ပါစီးနင်းကြရန်၊ ခရီးသွားပြည်သူများ အနေဖြင့်လည်း ရေယာဉ်စီးနင်းသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ ခရီးသွားလာကြရန် သတိပေးမှုများပြုလုပ်ပြီး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပုံမှန်စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**လှကျော် (ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို ပြန်လည်စိစစ်ရေး ဒုတိယအကြိမ်ညှိနှိုင်း

**နေပြည်တော် စက်တင်ဘာ ၂၁**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း ပြန်လည်စိစစ်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို ၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးမှုများအရ လက်ရှိပြဋ္ဌာန်းချက်များနှင့်လုံလောက်မှု ရှိ မရှိသုံးသပ်၍ အခြားပြင်ဆင်စရာများရှိပါကလည်း ဖြည့်စွက်ဆွေးနွေးရန်၊ လက်တွေ့လုပ်ဆောင်ရသည့် လုပ်ငန်းသဘာဝနှင့် လျော်ညီစွာ အကောင်အထည်ဖော်နိုင်ရန် ပြည့်စုံကောင်းမွန်သည့် ဥပဒေ(မူကြမ်း) တစ်ရပ်ဖြစ်ပေါ်လာရေးအတွက် အစည်းအဝေး တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေး အကြံပြုကြစေလိုကြောင်း ပြောသည်။

ထို့နောက် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အကြံပြုဆွေးနွေးချက်များအရ ဥပဒေ(မူကြမ်း)အပေါ် ပြန်လည် စိစစ်ပြင်ဆင်ထားရှိသည့်အချက်များကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက ဥပဒေ(မူကြမ်း)အပေါ် လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေး၍ ပြဋ္ဌာန်းချက်တစ်ခုချင်းအလိုက် အတည်ပြုချက်ရယူခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက သံဃာထုတစ်ရပ်လုံးနှင့် သာသနာတော်၏အကျိုးအတွက် ဤဥပဒေကို ပြင်ဆင်ရခြင်းဖြစ်ပါကြောင်း၊ အားလုံးစေတနာအပြည့်ဖြင့် ပါဝင်ဆွေးနွေး အကြံပြုကြသည်ဟု ယုံကြည်ပါကြောင်း၊ အားလုံးပါဝင် ဆောင်ရွက်ပါက ပိုမိုကောင်းမွန်သည့် ရလဒ်ကောင်းကိုရရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာန၏ ဥပဒေအကြံပြုချက်များရယူ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသို့ ကိုဗစ်-၁၉ ကာကွယ်ကုသရေးသုံးပစ္စည်းများ လှူဒါန်း

**မြစ်ကြီးနား စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးတို့သည် စက်တင်ဘာ ၂၀ ရက်က ပြည်နယ်အတွင်း ကိုဗစ်- ၁၉ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူရှင်များက လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ကုသရေးသုံးပစ္စည်းများ လှူဒါန်းပွဲကို တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဘိန်းအစားထိုးစံပြလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် မူဆယ်မြို့ အခြေစိုက် ရွှေလျှက် ကုမ္ပဏီလီမိတက်နှင့် ရွှေလီမြို့ ဟုန်ဖွာကုမ္ပဏီလီမိတက်တို့မှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေး သုံးပစ္စည်းများ လှူဒါန်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွက် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ယခုကဲ့သို့ ပါဝင်ကူညီလှူဒါန်းပေးကြသည့် ကုမ္ပဏီများနှင့် တာဝန်ရှိသူများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မူဆယ်မြို့အခြေစိုက် ရွှေလျှက် ကုမ္ပဏီလီမိတက်နှင့် ရွှေလီမြို့ ဟုန်ဖွာကုမ္ပဏီ လီမိတက်တို့မှ တာဝန်ရှိသူများက လှူဒါန်းသည့် Surgical Mask အခုရေ သုံးသိန်း၊ PPE ဝတ်စုံ ၅၀၀ နှင့် Oxygen Concentrator ၁၀ လုံးတို့အား လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်



ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မြစ်ကြီးနားမြို့၌ တည်ထောင်ဖွင့်လှစ်သွားမည့် အားကစားနှင့် ကာယပညာသိပ္ပံ(ကချင်)ဖွင့်လှစ်နိုင်ရေးအတွက် မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် (OSS-၁၂၁/၁က) လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးပြီး မြေဧရိယာ ပါဝင်သည့် ဥယျာဉ်ခြံမြေ လုပ်ကိုင်သူများ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာတန်ဖိုးနှင့် သီးနှံလျော်ကြေးများ ပေးအပ်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း၌ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများ၊ စေတနာ့ဝန်ထမ်းများနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၌ ပြည်နယ်အတွင်းရှိ ခရိုင် လေးခရိုင်မှ သင်တန်းသား ၂၄ ဦးတို့အား ၅ ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့သည့် ရပ်ရွာအခြေပြုဘောလုံးနည်းပြသင်တန်း( Premier Skill Community Coaching Course) သင်တန်းဆင်းပွဲသို့ တက်ရောက်ပြီး သင်တန်းနည်းပြ နှစ်ဦးအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စက်ရုံ၊ အလုပ်ရုံ ၁၇ ခုမှ အလုပ်သမား ၂၂၉၀ အား ပထမအကြိမ် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံ


**ထန်းတပင် စက်တင်ဘာ ၂၁**

ကိုဗစ်– ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၁ ရက်တွင် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ ၁၇ ခုတို့မှ အလုပ်သမား ၂၂၉၀ အား ကိုဗစ်– ၁၉ရောဂါကာကွယ်ဆေးများ ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း မြို့နယ် ကိုဗစ်– ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

ထန်းတပင်မြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား ကာကွယ်ဆေးထိုးနှံပေးမှုများကို စက်တင်ဘာ ၁၄ ရက်မှစ၍ ဆောင်ရွက်ခြင်းဖြစ်ကာ စက်ရုံအလိုက် ထိုးနှံပေးခဲ့မှုမှာ ထန်းတပင်– မြန်မာအထည်ချုပ်စက်ရုံမှ ၂၆၆ ဦး၊ ဟော်စွင့်စက်ရုံမှ ၄၁ ဦး၊ Global Paper Holding စက်ရုံမှ ၁၅ ဦး၊ ပန်ဒါအချိုမှုန့်စက်ရုံမှ ၁၀၉ ဦး၊ Star World စက်ရုံမှ ၁၄၂ ဦး၊ မင်းသားလေးစက်ရုံမှ ၂၆၀၊ Glory Home စက်ရုံမှ ၂၇ ဦး၊ Thamadi Family စက်ရုံမှ ၂၃ ဦး၊ Beauty World Co.,Ltd မှ ၄၀၊ Yu Sheng Printing Co.,Ltd မှ ၁၇ ဦး၊ Bondsin Metal (Myanmar)Co.,Ltdမှ ငါးဦး၊ Over Sea စက်ရုံမှ ၆၆၁ ဦး၊ GBL Bags Factory မှ ၁၂၁ ဦး၊ Hydrodynamic စက်ရုံမှ ၃၈၃ ဦး၊ Hui Tong Company မှ ၂၅ ဦး၊ King စက်ရုံမှ ၂၇ ဦးနှင့် ပိုင်ဆိမ့်စက်ရုံမှ ၁၂၈ ဦး ဖြစ်သည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ခာတ်မြေဩဇာများ၊ စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေး

## မွန်ပြည်နယ်တွင် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် မိုးစပါးစိုက်ပျိုးလျာထားဧက ၆၈၀၀၀၀ ကျော် ရည်မှန်းထား

**မော်လမြိုင် စက်တင်ဘာ ၂၁**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ပြည်နယ်အတွင်းရှိ တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ပေး နိုင်ရေးနှင့် စပါးအထွက်နှုန်း ကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍအား အထွက်နှုန်းကောင်းမွန်စေရေးသည် အဓိကဖြစ်ကြောင်း၊ သီးနှံများအထွက်နှုန်းကောင်းမွန်စေရေး အတွက် လိုအပ်သည့် သွင်းအားစုများ၊ စက်မှုလယ်ယာစိုက်ပျိုးခြင်းနှင့် သိပ္ပံနည်းကျစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးစေ့များရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရာတွင်လည်း ခာတ်မြေဩဇာ လိုအပ်ချက်များ၊ စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ပေးနိုင်ရေးတို့အပြင် မွေးမြူရေးကဏ္ဍများကိုပါ ဆောင်ရွက်ပေးနိုင်ရေး စသည်တို့ကို မှာကြားသည်။

ထို့နောက် တက်ရောက်ကြသူများက စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် စံပြစိုက်ခင်းများ၊ မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သုတေသနလုပ်ငန်းများနှင့် သိပ္ပံနည်းစနစ်ဖြင့်စိုက်ပျိုးခြင်း၊ တောင်သူများ၏ လိုအပ်သည့် ခာတ်မြေဩဇာများ၊ စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ပေးနိုင်ရေး တင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်ပြည်နယ်တွင် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် မိုးစပါးစိုက်ပျိုးလျာထားဧက ခြောက်သိန်းရှစ်သောင်းကျော် ရည်မှန်းထားပြီး စက်တင်ဘာလအထိ ခြောက်သိန်း ရှစ်သောင်း တစ်ထောင် သုံးရာကိုးဆယ်ဧကစိုက်ပျိုးထားပြီဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၄၅ ဧက စိုက်ပျိုးဆောင်ရွက်ထားပြီဖြစ်ကာ မိုးအလွန်ကာလတွင် အခြားသီးနှံများအပြင် ဒေသထွက်သီးနှံများဖြစ်သည့် ရော်ဘာ၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်နှင့် အခြား သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း ပြည်နယ်အတွင်းရှိ တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထောက်ပံ့ပေးနိုင်ရေးနှင့် စပါးအထွက်နှုန်း ကောင်းမွန်စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

# ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုလျော့ကျသွားပါက အများပြည်သူကို ဝန်ဆောင်မှုကောင်းစွာပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

**လားရှိုး စက်တင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ နောင်ချို ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံတို့အား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားပြီး နောင်ချိုထပ်ဆင့်လွှင့်စက်ရုံကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကျောက်မဲမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်ဦးစီးမှူး၊ ကျောက်မဲမြို့နယ် မိုင်းလုံမြို့နှင့် မိုင်းငေါ့မြို့တို့မှ ဦးစီးမှူးများ၊ ကျောက်မဲ ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံတို့အား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် လုံခြုံရေးကိစ္စများ မှာကြားပြီး ကျောက်မဲထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် သီပေါမြို့နယ်ရုံး၌ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ သီပေါထပ်ဆင့်လွှင့် စက်ရုံမှူးတို့အား တွေ့ဆုံမှာကြားပြီး ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

### လုပ်ငန်းဆိုင်ရာများ မှာကြား

ညနေပိုင်းတွင် လားရှိုးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ရှမ်းပြည်နယ် မြောက်ပိုင်း တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ခရိုင်ရုံး ဝန်ထမ်းများ၊ နမ္မတူ၊ မိုင်းရယ်၊ တန့်ယန်းမြို့နယ်များမှ မြို့နယ်ဦးစီးမှူးများ ၊ ထပ်ဆင့်လွှင့်စက်ရုံမှ လားရှိုး ဇုန် တာဝန်ခံအင်ဂျင်နီယာနှင့် လက်အောက်ရှိ လားရှိုး၊ မူဆယ်၊ ကွမ်းလုံ၊ သိန္နီ၊ ကွတ်ခိုင်၊ နမ္မတူ၊ လောက်ကိုင်တို့မှ ထပ်ဆင့်လွှင့်စက်ရုံမှူးများ၊ ကိုယ်ပွားသတင်းစာတိုက် (လားရှိုး) တာဝန်ခံတို့အား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။



### ကြိုတင်ပြင်ဆင် ဆောင်ရွက်

တွေ့ဆုံစဉ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လားရှိုးခရိုင်၊ မူဆယ်ခရိုင်၊ မိုးမိတ်ခရိုင်၊ လောက်ကိုင်ခရိုင်၊ ဟိုပန်ခရိုင်နှင့် နမ့်ဆန်ခရိုင်တို့မှ ခရိုင်ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများက Video Conferencing နည်းဖြင့် တက်ရောက်ကြသည်။ ထို့နောက် လားရှိုးမြို့ လူထုအခြေပြုဗဟိုဌာနကို လှည့်လည်ကြည့်ရှုပြီး ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု လျော့ကျသွားပါက အများပြည်သူကို ဝန်ဆောင်မှုကောင်းစွာပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန် မှာကြားခဲ့သည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် လားရှိုး ထပ်ဆင့်လွှင့်စက်ရုံ နှင့် ကိုယ်ပွားသတင်းစာတိုက် (လားရှိုး) တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

### ကြိုးပမ်းဆောင်ရွက်

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သတင်းအချက်အလက်များကို ပြည်သူစိတ်ဝင်စားအောင် ထုတ်လွှင့်ပြန်ကြားပေးရေး၊ လူငယ်များ အသိအမြင် မှန်ကန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းကောင်းပီသစွာ နိုင်ငံတော်အပေါ် သစ္စာစောင့်သိ တာဝန်ကျေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဝန်ထမ်းများအနေဖြင့် လက်ရှိအခြေအနေတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုလျော့နည်းလာပြီ ဖြစ်သော်လည်း လုပ်ဆောင်နေသည့် ကိုဗစ်–၁၉ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန်၊ ယနေ့ကြုံတွေ့နေရသော ဆူပူအကြမ်းဖက်မှုများကို လျော့နည်းပပျောက်စေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းလာစေရေး၊ အဖျက်ရန်ကို ပြည်သူနှင့်အတူ ပူးပေါင်းတွန်းလှန်ရေး တိုက်တွန်းနှိုးဆော်မှုများကို ဆက်လက်ဆောင်ရွက်ရန်၊ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုသိသိသာသာကျဆင်းလာပြီး ဆူပူအကြမ်းဖက်နေမှုများသည်လည်း ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် မကြာမီလျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်း၊ ပုံမှန်အခြေအနေနီးပါး ပြန်ရောက်ပါက မိမိတို့၏ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားခဲ့သည်။

တွဲဖက်ပြည်နယ် (ပြန်/ဆက်)

# မင်းဘူး(စကု)မြို့နယ်၌ ကိုဗစ် -၁၉ ကာကွယ်ဆေး လာရောက်ထိုးနှံသူ တစ်ရက်လျှင် ၁၈၀၀ ကျော်ရှိ

**မင်းဘူး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်းရှိ ကိုဗစ်ကာကွယ်ဆေးတစ်ကြိမ်မျှ မထိုးနှံရသေးသော မိဘပြည်သူများအတွက် ကိုဗစ်–၁၉ ကာကွယ်ဆေးများကို စက်တင်ဘာ ၁၈ရက်မှစ၍ ထိုးနှံပေးလျက်ရှိရာ နေ့စဉ် ကာကွယ်ဆေးထိုးနှံသူများပြားပြီး တစ်ရက်လျှင် ပျမ်းမျှလူဦးရေ ၁၈၀၀ ကျော် လာရောက် ထိုးနှံလျက်ရှိကြောင်းနှင့် ယနေ့စတုတ္ထမြောက်နေ့အဖြစ် သတ်မှတ်ထားသောနေရာများ၌ ဆက်လက်ထိုးနှံပေးနေသကဲ့သို့ မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအသီးသီးမှ ပြည်သူများကလည်း စိတ်ပါဝင်စားစွာဖြင့် လာရောက်ထိုးနှံလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေး လာရောက်ထိုးနှံကြသူများကို ခရိုင်၊ မြို့နယ် ကိုဗစ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံရမည့်ရက်တွင်လည်း မပျက်မကွက် လာရောက်ထိုးနှံကြရန် အားပေးစကား ပြောကြားပြီး ကာကွယ်ဆေးများ ထိုးနှံနေမှု၊ စေတနာ့ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးနေမှုနှင့် စာရင်းဇယားအချက်အလက် ဖြည့်စွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မင်းဘူးမြို့နယ်၌ ကာကွယ်ဆေးများကို မင်းဘူးဦးဩဘာသမြို့နယ်ခန်းမ၊ စကု(အထက) ကျောင်း၊ ရွာသာယာ(အထက) ကျောင်းနှင့် ဆင်ခေါင်း(အထက) ကျောင်းတို့၌ နေ့စဉ်နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ ထိုးနှံပေးလျက်ရှိရာ ပထမနေ့တွင် ၁၈၈၉ ဦး၊ ဒုတိယနေ့တွင် ၁၈၀၀၊ တတိယနေ့တွင် ၂၂၁၅ ဦးနှုန်းဖြင့် လာရောက်ထိုးနှံသူ ၅၉၀၄ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



# တစ်ဖက်သတ်အမြင် တစ်ဖက်သတ်အတွေးဖြင့် အမှန်တရားနှင့် ဝေးသူတွေ

စာချစ်သူ

တစ်နေ့က အလုပ်ကိစ္စတစ်ခုဖြင့် မြို့ထဲသို့ တက္ကစီအငှားယာဉ်ငှားစီးဖြစ်ခဲ့သည်။ ကားပေါ်ရောက်တော့ တက္ကစီဆရာကြီးက ကားဆွဲမကောင်းကြောင်း ညည်းလေသည်။ ပြီးတော့ "မြန်မြန်နိုင်ချင်ပါပြီဗျာ"ဟု ဆိုလေ၏။

"ဆရာကြီးက ဒီရပ်ကွက်ကပဲလား"

"ဟုတ်တယ်"

"ဟင်၊ ဒါဆို ဟိုတစ်နေ့က ဒီရပ်ကွက်ထဲမှာ လက်နက်တွေ မိတယ်လို့ သတင်းစာမှာ ဖတ်လိုက်ရတယ်"

"ဒါကတော့ဗျာ၊ မဟုတ်လည်း ဟုတ်တယ်လို့ လုပ်မှာပဲ။ သူတို့လက်ထဲမှာပဲဟာ။ အပေါ်က ဖိအားပေးတော့ တွေ့ရာလူငယ်တွေဖမ်းပြီး လက်နက်တွေနဲ့အတူ ဓာတ်ပုံရိုက်ပြီး လုပ်ချင်လုပ်တာပဲ"

ထို့နောက်မှာတော့ သူကလည်း သူ့အတွေး၊ ကျွန်တော်ကလည်း ကျွန်တော့်အတွေးတို့ဖြင့် စကားသံများ ဆွံ့အ တိတ်ဆိတ်သွားလေသည်။ မြန်မာပြည်တွင် ထိုသို့ တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အတွေးတို့ဖြင့် အမှန်တရားနှင့် ဝေးကွာသူတွေက အများသားလား။

## မီဒီယာအချို့၏ သတင်းတင်ဆက်ပုံ

လက်သည်တရားခံက ပြည်ပငွေကြေးအထောက်အပံ့များစွာကို လက်ခံရယူပြီး ချစ်သူကိုသာစေ၊ မုန်းသူကိုနာစေ တစ်ဖက်သတ်ရေးသားတင်ပြနေကြသော ပြည်ပအားကိုးပုဆိန်ရိုး သတင်းမီဒီယာများကြောင့်ဟု ဆိုရပါမည်။ ထိုသတင်းမီဒီယာအချို့၏ သတင်းတင်ဆက်ပုံများကို သုတေသနကျကျ လေ့လာကြည့်ပါလျှင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများကို အရေးယူဆောင်ရွက်လျှင် ဒေသခံပြည်သူများဟု ရည်ညွှန်းလိုက်သည်။ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများကို သူလျှိုဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့လျှင် ထောက်ခံအားပေးသည့်သဘောအသွင်ဖြင့် သတင်းအပိတ်တွင် ထိုသူသည် ရပ်ကွက်ထဲတွင်သတင်းပေး သူလျှိုဒလန်ဟု ကျော်ကြားနေသူ ဖြစ်သည်ဟူသည့် ကောက်ချက်ကို မပျက်မကွက် ဖော်ပြလေ့ရှိသည်။

ထို့အပြင် **ထိုပြည်ပငွေကြေးအထောက်အပံ့များကို ရယူထားသော သတင်းမီဒီယာအချို့သည် အကြမ်းဖက်သမားများ၏ လမ်း၊ တံတား၊ ရထားလမ်းများကို မိုင်းထောင်ဖုံးခွဲသည့်ဖြစ်စဉ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေသည့် အဆောက်အအုံများ၊ ဆေးပေးခန်းများ၊ ဆေးရုံများကို အကြောင်းမဲ့ဝင်ရောက်ပစ်ခတ်၊ ဗုံးထောင်ဗုံးခွဲသည့် ဖြစ်စဉ်များ၊ နိုင်ငံရေးပါတီဝင်များနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်သည့် ဖြစ်စဉ်များစသည့် အကြမ်းဖက်လုပ်ရပ်တို့ကို များသောအားဖြင့် မဖော်ပြ၊ ဖော်ပြပါလျှင် သတင်းထိမ်ချန်၍ လိုရာဆွဲယူကာ ဖော်ပြကြသည်။**

> ❒ **ထိုပြည်ပငွေကြေး အထောက်အပံ့များကို ရယူထားသော သတင်းမီဒီယာအချို့သည် အကြမ်းဖက်သမားများ၏ လမ်း၊ တံတား၊ ရထားလမ်းများကို မိုင်းထောင်ဖုံးခွဲသည့်ဖြစ်စဉ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေသည့် အဆောက်အဦများ၊ ဆေးပေးခန်းများ၊ ဆေးရုံများကို အကြောင်းမဲ့ ဝင်ရောက်ပစ်ခတ်၊ ဗုံးထောင်ဗုံးခွဲသည့် ဖြစ်စဉ်များ၊ နိုင်ငံရေး ပါတီဝင်များနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်သည့် ဖြစ်စဉ်များ စသည့် အကြမ်းဖက်လုပ်ရပ်တို့ကို များသောအားဖြင့် မဖော်ပြ၊ ဖော်ပြပါလျှင် သတင်းထိမ်ချန်၍ လိုရာဆွဲယူကာ ဖော်ပြကြသည်**

အကြမ်းဖက်သမားများကို သက်ဆိုင်ရာက ပစ်ခတ်ဖမ်းဆီးအရေးယူခဲ့သည့်ဖြစ်စဉ်မျိုး ဆိုပါမူ ဇာတ်နာအောင် သာသာထိုးထိုးဖော်ပြကြပြန်သည်။ လူငယ်အချို့၏ ဆန္ဒပြမှုဖြစ်စဉ်များ ဆိုပါမူလည်း အင်အား လေး၊ ငါး၊ ဆယ်ယောက်ခန့် ဆန္ဒပြနေသည့် မြေပြင်အနေအထားကို အင်အားများသယောင်ထင်မှတ်လာစေရန် ဓာတ်ပုံ၊ ဗီဒီယိုများကို ပုံအကျပ်များ ရိုက်ကူး၍ ရိုးသားသောပြည်သူများကို ထင်ယောင်ထင်မှားဖြစ်စေသည်။

## အဆန်းမဟုတ်

ထိုထိုသော ပြည်ပငွေကြေးအထောက်အပံ့ ရယူထားသော သတင်းမီဒီယာများ၏ ဝါဒဖြန့်ချိမှုများသည် တကယ်တော့ အဆန်းမဟုတ်ပါ။ ကိုလိုနီလက်ဟောင်းလက်သစ်များ ခေတ်အဆက်ဆက်လုပ်ဆောင်နေသော ဆင်သေကို ဆိတ်သားရေဖြင့် ဖုံးအုပ်သည့် လုပ်ကွက်များသာ ဖြစ်ပေသည်။

ဝန်ကြီးချုပ် နေရူးခေတ်တွင် အိန္ဒိယပြည်ကြီး၌ သတင်းမီဒီယာများ အတော်ခြေရှုပ်ခဲ့ကြသည်။ ဝန်ကြီးချုပ် နေရူးသည် ကြားနေရေးဝါဒကို ရှေ့ဆောင်ဟောပြောလှုံ့ဆော်ပြီး အကောင်အထည်ဖော်ခဲ့သူဖြစ်ရုံမက အမေရိကန်၏ ရုပ်သေးရုပ်များကို ရွံမုန်းသူဖြစ်၍ ဝန်ကြီးချုပ်နေရူး ရာထူးမှ ပြုတ်ကျရန် မီဒီယာများကို အသုံးပြု၍ လှုပ်ရှားခဲ့ကြသည်။

## အိန္ဒိယ၌ ခြေရှုပ်ခဲ့

အိန္ဒိယပြည်ရှိ အမေရိကန်ပြန်ကြားရေးဌာန (ယူအက်စ်အိုင်အက်စ်)သည် အရပ်ရပ်မှ သတင်းများကို စုဆောင်းပေးရသောဌာနဖြစ်သည်။ အိန္ဒိယပြည်တွင် ထင်ရှားသော အစိုးရနှင့် နိုင်ငံရေးခေါင်းဆောင်များ၏ သတင်းများ၊ ခေါင်းဆောင်ချင်း သဘောကွဲလွဲနေသည့်သတင်းများ၊ နိုင်ငံခြားရေးရာနှင့် ပြည်တွင်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အိန္ဒိယအစိုးရအဖွဲ့၏ အရေးကြီးသောဆုံးဖြတ်ချက်များနှင့် လုပ်ငန်းများ၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့ သဘောချင်းမတိုက်ဆိုင်ဘဲ ပဋိပက္ခဖြစ်နေမှု သတင်းများကို စုဆောင်းပေးရသည်။

အမေရိကန်ကိုယ်စားလှယ်များသည် အိန္ဒိယအစိုးရပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ အယ်ဒီတာများ၊ သတင်းရေးသားသူများ၊ အိန္ဒိယသတင်းစာများနှင့် သတင်းစဉ်များမှ အယ်ဒီတာများနှင့် လျှို့ဝှက်စွာ ဆက်သွယ်ထားသည်။ အချို့သော သတင်းစာများနှင့် ဂျာနယ်များကို ယူအက်စ်အိုင်အက်စ်က ငွေကြေးမတည်ပေးထားလေသည်။ ပုံနှိပ်ထုတ်ဝေသူများနှင့် အယ်ဒီတာချုပ်များကိုလည်း ငွေအမြောက်အမြား ထောက်ပံ့ပေးကမ်းထားလေသည်။ သတင်းစာဆရာအချို့ကို ဝယ်ယူထားသည်။

သူတို့သည် အမေရိကန်ကိုယ်စားလှယ်များထံမှ ငွေရရှိမည်ဆိုလျှင် တစ်ဖက်သတ် ဖော်ပြထားသော သတင်းဆောင်းပါးများ၊ သတင်းစာဖတ်ပရိသတ်များ၏ သဘောထားပြောင်းလဲလာရေးအတွက် ရေးသားဖော်ပြချက်များ၊ ယူအက်စ်အိုင်အက်စ်က ပေးသော သတင်းများ၊ ဆောင်းပါးများကို မှန်မှန်ထည့်ပေးလေ့ရှိကြသည်။

နှစ်စဉ်နှစ်တိုင်း ယူအက်စ်အိုင်အက်စ်သည် သူတို့ပေးကမ်းထောက်ပံ့ထားသော အိန္ဒိယအမျိုးသား သတင်းစာဆရာ တစ်ဒါဇင်ခန့်ကို အမေရိကန်ပြည်သို့ သုံးလကြာခရီး လှည့်လည်ရန် စရိတ်အကုန်အကျခံ၍ စီစဉ်ပေးသည်။ ယင်းသို့အားဖြင့် ထိုသတင်းစာဆရာဆိုသူတို့သည် အမေရိကန်တို့၏ သစ္စာကိုခံရပြီး အမေရိကန်တို့ ရေးခိုင်းသမျှ ဘာမဆို ရေးသားပေးခဲ့ကြရလေတော့သည်။ ယင်းထည့်သွင်းဖော်ပြပေးသော သတင်းများနှင့် ဆောင်းပါးများ ပုဒ်ရေအရေအတွက်အရ ယူအက်စ်အိုင်အက်စ်က ငွေပေးချေလေသည်။

အရှေ့အိန္ဒိယ နယူးအေဂျင်စီမှ ဒါရိုက်တာတစ်ဦးသည် တိဘက်ပြည်အကြောင်းကို ရေးသားသည့် စာအုပ်အတွက် ယူအက်စ်အိုင်အက်စ်မှ အိန္ဒိယရူပီး ငွေထောင်ပေါင်းများစွာ ရရှိခဲ့လေသည်။ တိဘက်ပြည်အကြောင်း စာအုပ်ထဲပါ အဓိကအခန်းများမှာမူကား စီအိုင်အေ၏ စာရွက်စာတမ်းများကို မှီငြမ်းပြုကာ ယူအက်စ်အိုင်အက်စ်က ရေးသားပေးခြင်း ဖြစ်သည်။

အိန္ဒိယပြည်အတွက် အမေရိကန်က ရွေးချယ်ပေးသောစာအုပ်များကို အကူလီမီစယာဆိုသူက အူရယာဘာသာဖြင့် ဘာသာပြန်ဆိုရေးသားပေးခဲ့သည်။ သူသည် အမေရိကန်ကိုယ်စားလှယ်ထံမှ ထိုခေတ်က တစ်လလျှင် ရူပီး ၆၀၀ မှ ၇၀၀ အထိ ရရှိခဲ့လေသည်။ အိန္ဒိယပြည်တွင် အမေရိကန်နှင့် ပူးပေါင်းလိုသော စာရေးဆရာများ၊ အမေရိကန်အပေါ် သဘောထားမှန်ကန်ပေါ်လွင်အောင်ရေးသားပေးသော စာရေးဆရာများ၏ စာအုပ်များကို ယူအက်စ်အိုင်အက်စ်က ပုံနှိပ်ထုတ်ဝေပေးပြန်သည်။

ဝန်ကြီးချုပ်နေရူး ကွယ်လွန်ပြီးနောက်ပိုင်းတွင် အမေရိကန်သည် ကာကွယ်ရေးဝန်ကြီးဖြစ်သူ ခရစ်ရှနန်မီနွန်ဘက်သို့ မြားဦးလှည့်လာပြန်သည်။ ရွေးကောက်ပွဲစတင်ခါနီးအချိန်တွင် အမေရိကန်သတင်းစာများကလည်း ခရစ်ရှနန်မီနွန်ကို ဆန့်ကျင်ပြီး ဝေဖန်တိုက်ခိုက် ရေးသားခဲ့ကြလေတော့သည်။

တိုင်းမ်မဂ္ဂဇင်း၏ မျက်နှာဖုံးတွင် ခရစ်ရှနန်မီနွန်၏ ရုပ်ပုံကိုရယ်စရာဖြစ်အောင် ရေးဆွဲထည့်သွင်းဖော်ပြလျက် အထူးထုတ်စာစောင်အဖြစ် ထုတ်ဝေခဲ့လေသည်။ ယင်းတိုင်းမ်မဂ္ဂဇင်း အထူးထုတ်စာစောင်များကို ဘုံဘေမြို့ (ယခုမွမ်ဘိုင်း)၌ အနှံ့အပြားဖြန့်ဖြူး၍ နိုင်ငံရေးအားဖြင့် ခရစ်ရှနန်မီနွန်အား သိက္ခာချခဲ့ကြလေသည်။ ဤကဲ့သို့ အငြိုးကြီးကြီးဖြင့် သဲသဲမဲမဲ လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် ၁၉၆၇ ခုနှစ်တွင် ကျင်းပသော အိန္ဒိယပြည် အထွေထွေရွေးကောက်ပွဲတွင် အမေရိကန်လိုလားသော အင်အားစုများက ထင်ထင်ရှားရှား ပါဝင်ဆောင်ရွက်ပေးကြသဖြင့် ခရစ်ရှနန်မီနွန်မှာ ရှုံးနိမ့်သွားခဲ့ရလေသည်။

ဤသို့ဖြင့် အိန္ဒိယပြည်ရှိ အမေရိကန်ပြန်ကြားရေးဌာန(ယူအက်စ်အိုင်အက်စ်)သည် အိန္ဒိယပြည်ရှိ အမေရိကန် အာရှဖောင်ဒေးရှင်းအဖွဲ့နှင့်အတူ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းရေးကို ပြည်ပအားကိုးပုဆိန်ရိုးလက်ကိုင်တုတ် မီဒီယာသမားများအား မွေးမြူ၍ ခလောက်ဆန် အကောက်ကြံခဲ့ဖူးလေသည်။ အိန္ဒိယအစိုးရက ရိပ်မိသွားသဖြင့် ၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလတွင် အိန္ဒိယပြည်ရှိ အမေရိကန် အာရှဖောင်ဒေးရှင်းကို ပိတ်ပင်ခဲ့လေတော့သည်။

## စိမ့်ဝင်ထိုးဖောက်ခဲ့ဖူး

မြန်မာနိုင်ငံ၌လည်း တစ်ချိန်က အာရှဖောင်ဒေးရှင်းနှင့် ဖို့ဒ်ဖောင်ဒေးရှင်းတို့သည် ပညာရေးလောကနှင့် စတုတ္ထမဏ္ဍိုင် မီဒီယာလောကထဲသို့ စိမ့်ဝင်ထိုးဖောက်ခဲ့ဖူးသည်။ ဖဆပလအစိုးရခေတ်တွင် ရန်ကုန်မြို့၌ အင်္ဂလိပ်၊ မြန်မာ၊ တရုတ်နှင့် အိန္ဒိယနွယ်ဖွား သတင်းစာတိုက်ပေါင်းစုံရှိသည်။ သတင်းစာတိုက်ပေါင်းစုံမှ အယ်ဒီတာများနှင့် သတင်းထောက်များစုဝေးရာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကြီးနှင့် မြန်မာပြည် သတင်းထောက်အသင်းကြီးတို့လည်း ရှိခဲ့လေသည်။

ထိုအချိန်တွင် အင်္ဂလိပ်သတင်းစာကြီး နှစ်စောင်ကို တပည့်မွေးပေးကမ်းထောက်ပံ့ပြီး မြန်မာပြည် သတင်းထောက်များအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းတို့နှင့်အပြိုင် သတင်းစာကလပ် တစ်ခုတည်ထောင်ရန် ကြိုးပမ်းခဲ့ကြသေးသည်။ ယင်းသို့ သင်းခွဲဂိုဏ်းခွဲထောင်ပြီး ဖြိုခွဲရန် ကြိုးပမ်းလာချက်ကို နှစ်ဖက်အသင်းတို့မှ အသင်းဝင်အတော်များများနှင့် မြန်မာသတင်းစာအချို့က ဝိုင်းဝန်းဆန့်ကျင်ခဲ့ကြသဖြင့် သတင်းစာကလပ်မှာ အကောင်အထည်ပေါ်မလာတော့ပေ။

သို့ရာတွင် အာရှဖောင်ဒေးရှင်းအဖွဲ့သည် ကွန်မြူနစ်ဆန့်ကျင်ရေးဟုဆိုကာ သာသနာရေး၊ နိုင်ငံရေးနှင့် လူမှုရေးအသင်းအဖွဲ့အချို့နှင့် စာနယ်ဇင်းအချို့အား ငွေကြေးထောက်ပံ့ကူညီကာ စည်းရုံးသိမ်းသွင်းနိုင်ခဲ့လေသည်။

## ဆန္ဒပြမှုဖြစ်စဉ်

မြန်မာ့မြေကို ကျူးကျော်သူ တရုတ်ဖြူများကို တိုက်ထုတ်ပစ်ခဲ့ရသည့် မဲခေါင်စစ်ဆင်ရေးတွင် မြန်မာ့တပ်မတော်က အမေရိကန်လက်နက်ခဲယမ်းမီးကျောက် အမြောက်အမြားကို သိမ်းဆည်းရမိခဲ့သည်။ ထိုကိစ္စကိုအကြောင်းပြု၍ ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးကို ရန်ကုန်တက္ကသိုလ်ကျောင်းသားများက ဝိုင်းဝန်း၍ ဆန္ဒပြခဲ့ကြလေသည်။

ထိုဆန္ဒပြမှုဖြစ်စဉ်တွင် ကမ္ဘာလှည့်ခရီးသည်တစ်ဦးဖြစ်သူ နိုင်ဂျီးရီးယားနိုင်ငံသား အဂျလာဆိုသူသည်လည်း ရှေ့ဆုံးမှပါဝင်လာခဲ့သည်။ အဂျလာသည် စည်းကမ်းသေဝပ်စွာ ဆန္ဒပြနေကြသော တက္ကသိုလ်ကျောင်းသားများကြားမှ အုတ်နီခဲအကျိုးအပဲ့များကိုကောက်၍ အမေရိကန်သံရုံးကို ပစ်ပေါက်ပါလေတော့သည်။ ဗန္ဓုလပန်းခြံအတွင်းမှ ကုလားဒိန်တစ်စုကလည်း ခဲများဖြင့်ပစ်ပေါက်ရာ သံရုံးကိုထိမှန်သည်ထက် တက္ကသိုလ်ကျောင်းသားများကို ပို၍ထိမှန်လေတော့သည်။

ထိုအခါ စည်းကမ်းသေဝပ်စွာ ဆန္ဒပြနေကြသော တက္ကသိုလ်ကျောင်းသားများသည် ဒေါသကို မထိန်းနိုင်တော့ဘဲ အကြမ်းပြန်ဖက်ကြလေတော့သည်။

*စာမျက်နှာ ၉ သို့*

# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ဥပဒေရေးရာဝန်ကြီးဌာနမှ အင်္ဂလိပ်-မြန်မာဥပဒေဝေါဟာရအဘိဓာန် (THE ENGLISH-MYANMAR LAW DICTIONARY) စာအုပ်ထုတ်ဝေ


**နေပြည်တော် စက်တင်ဘာ ၂၁**

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေသမားများအတွက် လက်စွဲစာအုပ်အဖြစ် ကိုင်ဆောင်ထားရှိရမည့် အင်္ဂလိပ်-မြန်မာဥပဒေ ဝေါဟာရအဘိဓာန် (THE ENGLISH–MYANMAR LAW DICTIONARY) ကို ထုတ်ဝေပြီးဖြစ်သည်။

အဆိုပါ အဘိဓာန်စာအုပ်တွင် အင်္ဂလိပ်ဝေါဟာရ စကားလုံး ၄၃၉၈ လုံး၏ ဥပဒေဆိုင်ရာ မြန်မာအဓိပ္ပာယ်များကို စုစည်းဖော်ပြထားပြီး ဝေါဟာရများကို ဥပဒေရေးရာဝန်ကြီးဌာနက ဘာသာပြန်ဆိုထားခြင်းဖြစ်၍ တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်ဖြစ်သည်။

ဥပဒေပညာလေ့လာသူများ၊ ဥပဒေသမားများအတွက် အဖိုးတန်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး လောက်ကိုင်ဒေသ၌ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများနှင့် အလှူငွေများထောက်ပံ့

**လောက်ကိုင် စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးတို့ ဦးဆောင်သော အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ နှစ်နိုင်ငံနယ်စပ်ဝင်/ထွက်ဂိတ်ဖြစ်သော ရန်လုံကျိုင်းတံတား တည်ရှိရာနေရာသို့ လည်းကောင်း၊ BP–125 အနီး နှစ်နိုင်ငံယာယီနယ်စပ်ဂိတ်ဖွင့်လှစ်မည့်နေရာသို့ လည်းကောင်း၊ Quarantine Centre သို့လည်းကောင်း၊ လောက်ကိုင်ခရိုင်ပြည်သူ့ဆေးရုံနှင့် မိုးလုံလေလုံ အားကစားကွင်း၊ ချမ်းမြေ့ဂုဏ်ဝေ သီလရှင်ကျောင်းတိုက်တွင် သီလရှင်များ ဆေးကုသဆောင်သို့ လည်းကောင်း ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံခန့်ခွဲရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကိုးကန့်နှင့် "ဝ" ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လောက်ကိုင်နှင့် ကုန်းကြမ်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒေသအဆင့်/ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လောက်ကိုင်ဒေသသည် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ရပ်တန့်မသွားစေရေး၊ နယ်စပ်ကုန်သွယ်ရေးအားပေးရန်၊ သို့မှသာ ဒေသပြည်သူများအတွက် စားနပ်ရိက္ခာမပြတ်လပ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာတတ်များတိုးပွားလာရေးအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးကိုပါ တိုးမြှင့်ဆောင်ရွက်ကြရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ကျ ဝန်ထမ်းများအား အားပေးစကား ပြောကြားသည်။

ထို့နောက် ကိုဗစ်ရောဂါကာကွယ်ရေးပစ္စည်းများနှင့် အလှူငွေကျပ် ၁၀ သိန်းစီထောက်ပံ့ပေးခဲ့သည်။(**အပေါ်ပုံ**) **လောက်ကိုင်(ပြန်/ဆက်)**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအနေဖြင့် အစိုးရယန္တရား လည်ပတ်နိုင်အောင် ပေးအပ်သောတာဝန်ကို ကြိုးစားဆောင်ရွက်ကြရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ၊ လူတော်လူကောင်းများ ဖော်ထုတ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ပေးသွားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး၏ လမ်းညွှန်ချက်အရ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)တွင် ပုဂံခေတ် နံရံဆေးရေးပန်းချီများ တွေ့ရှိချက်၊ သုတေသနပြုချက်များမှတစ်ဆင့် ဆရာ ဆရာမများ၏ သင်ကြားရေးတွင် အထောက်အကူဖြစ်စေရန် "ပုဂံခေတ်နံရံဆေးရေးပန်းချီမှ ယဉ်ကျေးမှုပုံရိပ်များ" အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အမျိုးသား ယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) သရဖီဆောင်တွင် ကျင်းပရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်က "ပုဂံခေတ်နံရံဆေးရေးပန်းချီမှ ယဉ်ကျေးမှုပုံရိပ်များ" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်သူများက စာတမ်းဖတ်ကြားမှုအပေါ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ခေတ္တပါမောက္ခချုပ် ဒေါက်တာကေသီထွေးနှင့် ဒုတိယ ပါမောက္ခချုပ် (စီမံ)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ၊ အနုပညာအထက်တန်းကျောင်း၊ ဇာတ်ရုံဌာနခွဲ(ရန်ကုန်)တို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရီရီမြင့်**

## မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ငါးမြို့နယ်၌ ကြံစိုက်ဧက ၂၅၀၀၀ ကျော် စိုက်ပျိုးထားရှိ

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်းသကြားစားသုံးမှုဖူလုံစေရန်အတွက် မြို့နယ် ငါးမြို့နယ်၌ ကြံစိုက်ဧက ၂၅၀၀၀ ကျော်ကို စိုက်ပျိုးထားကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကြံသီးနှံကို ခရိုင်နှစ်ခရိုင်ရှိ မြို့နယ်ငါးမြို့နယ်မှ တောင်သူများကို မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပြီး မြို့နယ်အလိုက် စိုက်ပျိုးထားရှိကြောင်း၊ မန္တလေးခရိုင်တွင် ပုသိမ်ကြီးမြို့နယ်၌ ကြံစိုက်ဧက ၂၄၀၊ ပြင်ဦးလွင်ခရိုင်တွင် မတ္တရာမြို့နယ်၌ ၁၈၅၈ ဧက၊ စဉ့်ကူးမြို့နယ်၌ ၇၄၆၅ ဧက၊ သပိတ်ကျင်းမြို့နယ်၌ ၅၂၁၆ ဧကနှင့် တကောင်းမြို့နယ်၌ ၁၀၄၄၆ ဧက စုစုပေါင်းစိုက်ဧက ၂၅၂၂၅ ဧကကို စိုက်ပျိုးထားရှိကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တိုးတိုးဝင်းက ပြောကြားသည်။

ကြံစိုက်ပျိုးရာတွင် ကြံသီးနှံမျိုးကွဲပေါင်း ၁၈ မျိုးရှိပြီး တိုင်းဒေသကြီးအတွင်း၌ ယင်းမျိုးကွဲများအားလုံးကို စိုက်ပျိုးထားကြောင်း၊ ဒေသမျိုးရင်းအနေဖြင့် CO–775၊ F–15C၊ ရေဆင်း(၁)၊ VMC– 74၊ 527 နှင့် ရေဆင်း(၂) ဟူ၍ ဒေသမျိုး ငါးမျိုးနှင့် အခြားအထွက်ကောင်းမျိုး ၁၃ မျိုးရှိကြောင်း၊ ယခင်နှစ်က ကြံတစ်ဧကလျှင် အထွက်နှုန်းအနေဖြင့် ၂၄ ဒသမ ၈၅ တန်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ကြံတစ်တန်လျှင်ငွေကျပ် ၄၂၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



## မှတ်သားဖွယ်ရာ မိုးရေချိန်

**ရန်ကုန် စက်တင်ဘာ ၂၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(ပုဗ္ဗသီရိမြို့နယ်)တွင် ၄ ဒသမ ၃၃ လက်မ၊ ရွှေဘိုမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ နေပြည်တော်(ဥတ္တရသီရိမြို့နယ်)တွင် ၂ ဒသမ ၉၅ လက်မ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်)တွင် ၂ ဒသမ ၇၉ လက်မ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၆၉ လက်မနှင့် ဟဲဟိုးမြို့နှင့် ကော့သောင်းမြို့တို့တွင် ၁ ဒသမ ၅၇ လက်မစီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါကာလအတွင်း နိုင်ငံတော်၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် အားဖြည့်ဆောင်ရွက်ပေးလျက်ရှိသည့် လူမှုဖူလုံရေးလုပ်ငန်းများအကြောင်း တစေ့တစောင်း

မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၁၉၅၆ ခုနှစ်တွင် စတင်၍ လူမှုဖူလုံရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ လူမှုဖူလုံရေးအာမခံစနစ်အရ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ထည့်ဝင်ကြေးမှ စုဆောင်းရရှိသည့် လူမှုဖူလုံရေးရန်ပုံငွေဖြင့် အကျိုးဝင်အာမခံအလုပ်သမားတို့အတွက် လူမှုဖူလုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**မိုးမခ**

၂၀၂၁ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ လူမှုဖူလုံရေး အာမခံစနစ် ခြောက်မျိုးအနက် မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရ အာမခံစနစ်နှစ်မျိုးဖြစ်သည့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်နှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအာမခံစနစ်နှစ်မျိုးအရ အလုပ်သမားလုပ်ခ လစာ၏ သုံးရာခိုင်နှုန်းကို အလုပ်ရှင်မှလည်းကောင်း၊ နှစ်ရာခိုင်နှုန်းကို အလုပ်သမားမှလည်းကောင်း ရန်ပုံငွေသို့ ထည့်ဝင်၍အာမခံအလုပ်သမားတို့၏ လူမှုစီးပွားအခက်အခဲဖြစ်ချိန်၌ ငွေကြေး ထောက်ပံ့မှုပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။



ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လူမှုဖူလုံရေးအဖွဲ့နှင့် အကျိုးဝင်မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။

## ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆောင်ရွက်ချက်များ

ကိုဗစ်-၁၉ ရောဂါကြောင့် လူမှုရေး၊ စီးပွားရေး အပါအဝင် ကဏ္ဍပေါင်းစုံ၌ သက်ရောက်မှုများ ကြုံတွေ့ခဲ့ရာ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် စီးပွားရေးသက်ရောက်မှုအပေါ်ကုစားနိုင်ရန် နိုင်ငံတော်၏ ကိုဗစ်-၁၉ Fund သို့ လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ်ဘီလီယံ ၅၀ အား ၆-၄-၂၀၂၀ ရက်နေ့တွင် ထည့်ဝင်ခဲ့ပြီး ၂၂-၇-၂၀၂၀ ရက်နေ့တွင် လူမှုဖူလုံရေးရန်ပုံငွေသို့ ပြန်လည်လွှဲပြောင်း ရရှိခဲ့ပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်းနှင့် အလုပ်သမားများ လျှော့ချခြင်းများစသည်တို့ကြောင့် အလုပ်ရှင်နှင့် အလုပ်သမားများ ထိခိုက်မှုများဖြစ်ပေါ်လာခြင်းများ လျော့နည်းသက်သာစေရန်နှင့် စီးပွားရေးလုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်စေရန် ဖြေလျှော့ဆောင်ရွက်မှုများနှင့် ငွေကြေးထောက်ပံ့ပေးမှုများအတွက် ဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့မှ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် ရုံးအမိန့်စာများ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိ

ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်သိမ်းသွားသည့် အလုပ်ဌာနများမှ အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအား ခြောက်လအထိ ဆေးကုသမှုခံယူခွင့်နှင့် သတ်မှတ်ကာလများအတွက် ငွေကြေးအကျိုးခံစားခွင့်ပြုခြင်း၊ ထည့်ဝင်ကြေးကာလကို သက်ဆိုင်ရာလကုန်ဆုံးပြီး လဆန်း ၁၅ ရက်အတွင်းပေးသွင်းရန် သတ်မှတ်ချက်အား သုံးလအထိ နောက်ဆုတ်၍ ပေးသွင်းခွင့်ပြုခဲ့ပြီး ယခုအခါတွင် ခြောက်လအထိ နောက်ဆုတ်၍ ပေးသွင်းခွင့်ပြုခြင်း၊ အလုပ်လက်မဲ့ကာလအတွင်း ဆေးကုသမှုကို တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုခြင်း၊ အလုပ်လက်မဲ့ ဖြစ်သည့်နေ့မှစ၍ ဆေးဖိုးနှင့် ခရီးစရိတ်များကို တစ်နှစ်အထိ တိုးမြှင့်ခံစားခွင့်ပြုခြင်းတို့ကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့မှုမက ပျက်ကွက်ကြေးများကိုလည်း ဖြေလျှော့ကင်းလွတ်ခွင့်ပြုခဲ့ရာ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ မေလအထိ စုစုပေါင်း ခန့်မှန်းငွေကျပ် ၇၇၅၁ ဒသမ ၅၀၆ သန်းကို ဖြေလျှော့ပေးနိုင်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အချိန်မီပေးသွင်းရန် အခက်အခဲဖြစ်ပေါ်နေသည့် အလုပ်ဌာနများမှ ပျက်ကွက်ကြေးကင်းလွတ်ခွင့်ပြုရန် ထပ်မံတင်ပြလာခြင်းအပေါ် လူမှုဖူလုံရေးအဖွဲ့မှ ပျက်ကွက်ကြေးအား ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင်တစ်ကြိမ်၊ တစ်ကြိမ်လျှင် တစ်လစာကင်းလွတ်ခွင့်ပြုခဲ့ရာ ဌာနပေါင်း ၉၅၉ ဌာနတို့အတွက် ပျက်ကွက်ကြေးငွေကျပ် ၁၆၅ ဒသမ ၄၉၈ သန်းကို ကင်းလွတ်ခွင့်ပြုပေးခဲ့ပါသည်။




မန္တလေးတိုင်းဒေသကြီးတွင် လူမှုဖူလုံရေးအဖွဲ့နှင့် အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအား အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးစဉ်။

## ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အခြေအနေ

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အလုပ်သမားဆေးရုံကြီးများတွင် အထူးကုဆရာဝန်များ ပါဝင်သည့် Local Clinical Management Committee ဖွဲ့စည်းတာဝန်ပေးအပ်၍ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများ၏ ဆေးလိုအပ်ချက်များကို တွက်ချက်ပြီး ဆေးဝါးများ အသင့်ဖြစ်စေရေး စိစစ်ဆောင်ရွက်လျက်ရှိပါသည်။ လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်အလုပ်သမားဆေးရုံကြီးတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာနှင့် သံသယလူနာ ၄၂၈ ဦး၊ မန္တလေးအလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ အတည်ပြုလူနာနှင့် သံသယလူနာ ၉၇၃ ဦးနှင့် ရန်ကုန်မြို့ ထန်းတပင်အလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ အတည်ပြုလူနာနှင့် သံသယလူနာ ၇၅၄ ဦးကို ကုသပေးနိုင်ခဲ့ပါသည်။ ထန်းတပင်အလုပ်သမား ဆေးရုံကြီးတွင် ကိုဗစ်-၁၉ အတည်ပြုအာမခံအလုပ်သမားလူနာများကို လက်ခံထားရှိကုသနိုင်ရေး ထပ်မံတိုးချဲ့ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အပြင် ကိုဗစ်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားဆေးရုံကြီးများ၌ အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

**❄ လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်အလုပ်သမားဆေးရုံကြီးတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာနှင့် သံသယလူနာ ၄၂၈ ဦး၊ မန္တလေးအလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ အတည်ပြုလူနာနှင့် သံသယလူနာ ၉၇၃ ဦးနှင့် ရန်ကုန်မြို့ ထန်းတပင်အလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ အတည်ပြုလူနာနှင့် သံသယလူနာ ၇၅၄ ဦးကို ကုသပေးနိုင်ခဲ့ပါသည်။ ထန်းတပင်အလုပ်သမားဆေးရုံကြီးတွင် ကိုဗစ်-၁၉ အတည်ပြုအာမခံအလုပ်သမားလူနာများကို လက်ခံထားရှိကုသနိုင်ရေး ထပ်မံတိုးချဲ့ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်**

လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ဆေးခန်းများတွင် အတွင်းလူနာ ၄၀၆၉ ဦးနှင့် ပြင်ပလူနာ ၁၀၂၀၁၀၂ ဦး စုစုပေါင်း ၁၀၂၄၁၇၁ ဦးတို့အား ကုသမှုပေးနိုင်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်ဆောင်ရွက်ပေးမှုအရ ကိုဗစ်-၁၉ ကာကွယ်ဆေးများကိုလည်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား ထိုးနှံပေးလျက်ရှိရာ ၆-၉-၂၀၂၁ ရက်နေ့အထိ အလုပ်ဌာန ၃၅၆၂ ဌာနမှ အာမခံအလုပ်သမား ၂၈၄၆၆၈ ဦးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## အသိပညာပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များပေးအပ်

အသိပညာပေးလုပ်ငန်းများအနေဖြင့် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးခန်းများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် စပ်လျဉ်းသည့် လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ကာကွယ်ရေးသုံးပစ္စည်းများကို အချိန်နှင့် တစ်ပြေးညီ ဖြန့်ဖြူးဆောင်ရွက်နိုင်ခဲ့သလို ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်း၍လည်း ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယာယီပိတ်ထားသည့် စက်ရုံ၊ အလုပ်ရုံများရှိ အာမခံအလုပ်သမားများအား ၎င်းတို့ပေးသွင်းထားသည့် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေအဖြစ်လည်းကောင်း၊ အရေးပေါ်ကာလအတွင်း စက်ရုံ၊ အလုပ်ရုံများအား မသမာသူများ၏ မီးရှို့မှုကြောင့် ယာယီပိတ်သိမ်းထားသည့် လူမှုဖူလုံရေးအကျုံးဝင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအား ၎င်းတို့ပေးသွင်းထား *စာမျက်နှာ ၉ သို့*

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှလွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်- ၁၉ ကာကွယ်ရေးပစ္စည်းများ တင်သွင်းလာစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများနှင့် မူဆယ်၊ မြဝတီနှင့် ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်းသုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီရှစ်ခုမှ ယာဉ်စီးရေ ၁၁ စီးဖြင့် အောက်ဆီဂျင် (အိုးခွံ) ၃၃၉၀ ၊ Oxygen Plant ၂၁ ခု၊ အိမ်သုံး Oxygen Concentrator ၄၄၁ ခု၊ လက်အိတ် ၂၆ တန်နှင့် နှာခေါင်းစည်း (Mask) တန် ၄၀ တင်သွင်းခဲ့သည်။ Oxygen Plant ၂၁ ခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ၁၉ ခုနှင့် မူဆယ်မှ မန္တလေးမြို့သို့တစ်ခု၊ ချင်းရွှေဟော်မှ ပုသိမ်ကြီးမြို့သို့ တစ်ခုဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

တောမီးလောင်လျှင် တောကြောင်လက်ခမောင်း ခတ်ဆိုဘိသကဲ့သို့ ရန်ကုန်ဆင်ခြေဖုံးမှ လူဆိုးစာရင်းဝင်လူပေလူတေများသည် တွေ့ကရာလိုက်၍ ရိုက်ခွဲဖျက်ဆီးလုလားယက်လားဖြင့် ရှန်းရင်းဆန်ခတ်မှုများ ပေါ်ပေါက်လာသည်။ ရန်ကုန်တစ်မြို့လုံးသို့ ကူးစက်ပြန့်ပွားသွားလေတော့သည်။ စာရင်းချုပ်တော့ ဆန္ဒပြသူလူထုကြီးထဲမှ လူသုံးဦးသေဆုံးကာ လူ ၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ လက်သည်တရားခံ အဂျလာမှာမူ ကျောက်တံတား ရဲဌာနအတွင်း၌ ကြာကြာမနေလိုက်ရပါ။ အင်္ဂလိပ်သတင်းစာတိုက်ကြီးတစ်တိုက်မှ အယ်ဒီတာချုပ်တစ်ဦးနှင့် အယ်ဒီတာတစ်ဦးတို့က ငွေ ၅၀၀၀ ကျပ်တန် အာမခံပေး၍ ပြည်နှင်ဒဏ်မှု သာခံယူပြီး လေကြောင်းခရီးဖြင့် သက်သက်သာသာ ပြည်တော်ပြန်သွားနိုင်ခဲ့လေသည်။

### ပူးပေါင်းကြံစည်လုပ်ကြံမှု

အဂျလာ၏ ကျူးသွင်းမှုထဲတွင် ဝင်သွားပြီး ရှုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သောကြောင့် မြန်မာ့တပ်မတော်၏ မဲခေါင်စစ်ဆင်ရေးအောင်ပွဲမှာ မေးမှိန်သွားခဲ့ရလုနီးနီး ဖြစ်ခဲ့ရလေသည်။ ရန်ကုန်မြို့မှ ပြည်ချစ်မျိုးချစ်လူထုကြီးနှင့် ရန်ကုန်တက္ကသိုလ်ကျောင်းတော်သားများ၏ နယ်ချဲ့ဆန့်ကျင်ရေးဆန္ဒထုတ်ဖော်ပြသပွဲကြီးမှာ မြေပေါ်မြေအောက် လက်ဝဲသမားများ၏ အကြမ်းဖက်မှု၊ ဆူပူခိုင်းမှုဖြစ်သယောင်ယောင် သိက္ခာချခံခဲ့ရသည်။

ထိုစဉ်က မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းဌာနနှင့် သတင်းကိုယ်စားလှယ်များမှာ မြန်မာနိုင်ငံသား နည်းပါးလွန်းလှပြီး ကပြားနှင့် နိုင်ငံခြားသားများသာဖြစ်နေကြသည်။ မဲခေါင်စစ်ဆင်ရေးမှ ပေါက်ဖွားလာသော ရန်ကုန်မြို့မှ အဖြစ်အပျက်သတင်းများကို ကမ္ဘာသို့ ဖြန့်ချိခဲ့ရာ၌ အဓိပ္ပာယ်တစ်မျိုး သက်ရောက်သွားအောင် ပူးပေါင်းကြံစည်လုပ်ကြံမှုကို ခံခဲ့ရလေသည်။ မျိုးချစ်ပြည်သူများ၏ ကိုလိုနီနယ်ချဲ့စနစ် ဆန့်ကျင်ရေးနှင့် နယ်ချဲ့ကျူးကျော်မှု ရှုတ်ချရေးအဟုန်လည်း တန့်ပြီး မေးမှိန်ပျောက်ကွယ်သွားခဲ့ရလေသည်။

ထို့ကြောင့် တော်လှန်ရေးအစိုးရတက်လာပြီးသည့်အခါတွင် မြန်မာနိုင်ငံ၌ ခြေကုပ်စခန်းများ ဖွင့်ထား၊ ယူထားကြသည့် နိုင်ငံခြား အဖွဲ့အစည်းမှန်သမျှတို့ကို ဖျက်သိမ်းပစ်၍၊ ရုပ်သိမ်းပစ်သင့်သည်များကို ရုပ်သိမ်းပစ်ခဲ့ရကာ ပြည်သူပိုင်သိမ်းယူသင့်သည်များကို ပြည်သူပိုင်သိမ်းယူခဲ့ရလေသည်။ အာရှဖောင်ဒေးရှင်းနှင့် ဖို့ဒ်ဖောင်ဒေးရှင်းစသောအဖွဲ့ကြီးတို့ကိုလည်း ရုပ်သိမ်းဖျက်သိမ်းပစ်ခဲ့ရလေသည်။

> ❍ **၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလတွင်မူ ပြည်ပငွေကြေးအထောက်အပံ့များရယူထားသော သတင်းမီဒီယာအချို့သည် သူတို့လိုလားသူများကို သာသာထိုးထိုး ချီးမြှောက်ရေးသားဖော်ပြခဲ့ကြသည်။ အခြေခံလူတန်းစားများ ထောက်ခံလာကြသော ပါတီသစ်တစ်ခုကို အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှ ငွေကြေးထောက်ပံ့မှုရယူထားသည်ဟုဆိုကာ ပါတီဖျက်သိမ်းပစ်နိုင်ခဲ့သည်အထိ အလဲထိုးခဲ့သည်။ အချက်အလက်များမှာ တိကျစုံလင်လှ၍ ပြည်တွင်းအဆင့်မျှ မဟုတ်တန်ရာ။ နိုင်ငံတကာအဆင့်အဖွဲ့အစည်းကြီးများသာ လက်လှမ်းမီနိုင်သည့် စာရင်းဇယားအချက်အလက်များသာ ဖြစ်တန်ရာ၏**

### တစ်ကျော့ပြန်အခြေစိုက်ခဲ့

သို့တစေ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တစ်ကျော့ပြန် ဒီမိုကရေစီစနစ်အရ ပေါ်ပေါက်ခဲ့သော ရွေးကောက်ခံ အစိုးရသက်တမ်းနှစ်ဆက် ဆယ်စုနှစ်ကာလများတွင် ဂျော့ဆိုရော့စ်ဖောင်ဒေးရှင်းအပါအဝင် အနောက်နိုင်ငံများမှ ဖောင်ဒေးရှင်းများစွာတို့ မြန်မာ့မြေပေါ်သို့ တစ်ကျော့ပြန် အခြေစိုက်ခဲ့ကြပြန်ပါသည်။

ရဲရဲတောက်တောက် ဒီမိုကရေစီဘက်တော်သားသတင်းမီဒီယာများလည်း ပေါ်ထွက်လာကြသည်။ ပြုပြင်ပြောင်းလဲမှုများစွာဖြင့် မြန်မာ့နွေဦးကို အကောင်အထည်ဖော်ခဲ့သူ သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင် စာနယ်ဇင်းလွတ်လပ်ခွင့်၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဘာရေးညာရေးဟုဆိုကာ လက်သီးလက်မောင်းတွေ တန်းလာကြသည်။

ဒီမိုကရေစီအိုင်ကွန်ဟုဆိုသည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော NLD အစိုးရ လက်ထက်တွင်မူ အုပ်ချုပ်ရေးမဏ္ဍိုင်ကို စတုတ္ထမဏ္ဍိုင်က ထိန်းညှိရမည့်အစား တပ်မတော်ဖြိုခွဲရေးကို ပစ်မှတ်ထားလာကြသည်။ ရခိုင်ပြည်အရေးနှင့် ပတ်သက်၍ ပို၍ခြေစွာလာကြသည်။ ဝလုံးတို့လို သတင်းမီဒီယာသမားများ ပေါ်ထွက်လာသည်။

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလတွင်မူ ပြည်ပငွေကြေးအထောက်အပံ့များ ရယူထားသော သတင်းမီဒီယာအချို့သည် သူတို့လိုလားသူများကို သာသာထိုးထိုး ချီးမြှောက်ရေးသားဖော်ပြခဲ့ကြသည်။ အခြေခံလူတန်းစားများ ထောက်ခံလာကြသော ပါတီသစ်တစ်ခုကို အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှ ငွေကြေးထောက်ပံ့မှု ရယူထားသည်ဟုဆိုကာ ပါတီဖျက်သိမ်းပစ်နိုင်ခဲ့သည်အထိ အလဲထိုးခဲ့သည်။ အချက်အလက်များမှာ တိကျစုံလင်လှ၍ ပြည်တွင်းအဆင့်မျှ မဟုတ်တန်ရာ။ နိုင်ငံတကာအဆင့်အဖွဲ့အစည်းကြီးများသာ လက်လှမ်းမီနိုင်သည့် စာရင်းဇယားအချက်အလက်များသာ ဖြစ်တန်ရာ၏။**

### အထင်အမြင်မှားစေရန်

လက်ရှိ မြန်မာ့နိုင်ငံရေးအကူးအပြောင်းကာလတွင်လည်း အဆိုပါပြည်ပ ဩဇာခံ မီဒီယာအချို့သည် ပြည်ပအလိုကျ တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အတွေးတို့ဖြင့် မြေပြင်မှ ပကတိအမှန်တရားကို အများပြည်သူများ ဝေဝါးစေရန်၊ ကမ္ဘာက မြန်မာကို အထင်မှား၊ အမြင်မှားစေရန် လုပ်ကြံဖန်တီးနေကြဆဲပင်။ ထိုသို့သော ပြည်ပဩဇာခံ မီဒီယာအချို့၏ လုပ်ကြံဖန်တီးထားသော သတင်းလိမ်၊ သတင်းအမှားများကို စိတ်ခံစားချက် အလို့ငှာ တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အတွေးဖြင့် လက်ခံနားယောင်ရင်း အမှန်တရားနှင့် တစ်စတစ်စဝေးကွာလာသူ ဖော်ပြပါ တက္ကစီယာဉ်မောင်းဆရာကြီးလိုလူစား အများအပြားကလည်း ရှိနေကြဆဲပင်။

သို့ဖြစ်၍ အမှန်တရားကို လိုလားသူ၊ မြတ်နိုးသူတိုင်းသည် အမှန်တရားကို ရှာဖွေရာတွင် "တစ်ဆင့်ကြားစကားနဲ့လည်း မရှာနဲ့။ Tradition ဆိုတဲ့အစဉ်အလာနဲ့လည်း မရှာနဲ့။ လူပြောသူပြောဒီလိုတဲ့ဆိုတာနဲ့လည်း မရှာနဲ့။ စာထဲမှာပါတယ်ဆိုတာနဲ့လည်း မရှာနဲ့၊ မဆုံးဖြတ်နဲ့။ Logic နည်းနဲ့လည်း မဆုံးဖြတ်နဲ့။ အနုမာန အတွေးအခေါ်မျိုးနဲ့လည်း မဆုံးဖြတ်နဲ့။ ကြောင်းကျိုးဆင်ခြင်တဲ့နည်းနဲ့လည်း မဆုံးဖြတ်နဲ့။ ငါ့အယူဝါဒနဲ့ ကိုက်ညီတယ်ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ ဖြစ်နိုင်တယ်ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ တို့ဆရာပြောတဲ့စကားဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ ကိုယ်ပိုင်ဉာဏ်နဲ့သိပြီးဆုံးဖြတ်ပါ" ဟူသည့် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော "ကာလာမသုတ်" တရားတော်နှင့်အညီ မြန်မာပြည်သူများ ဆုံးဖြတ်ကြပါကုန်။ ။

---

*စာမျက်နှာ ၈ မှ*

သည့် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေအဖြစ် လည်းကောင်း ခွင့်ပြုထုတ်ပေးခြင်း၊ လူမှုဖူလုံရေး အကျုံးဝင်အာမခံအလုပ်သမားကိုယ်ဝန်ဆောင်မိခင်များအား လုပ်ငန်းခွင်သို့ မလာရောက်ရသည့် နေ့ရက်များအတွက် ဆေးခွင့်သတ်မှတ်၍ ရှစ်ပတ်မှ ၂၆ ပတ်အထိ ခွင့်ပြုပြီး မကျန်းမာမှုအကျိုးခံစားခွင့်အဖြစ် လုပ်ခလစာ၏ ၆၀ ရာခိုင်နှုန်းကို ခွင့်ပြုခြင်းအပြင် Quarantine ဝင်ရောက်ရသည့် အာမခံအလုပ်သမားများအား ဆေးခွင့်သတ်မှတ်၍ ငွေကြေးအကျိုးခံစားခွင့်အား လုပ်ခလစာ၏ ၆၀ ရာခိုင်နှုန်း ခွင့်ပြုခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ကိုဗစ်-၁၉ ကာလအတွင်း လူမှုဖူလုံရေးရန်ပုံငွေမှ လူမှုဖူလုံရေး ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၇၀၈၈၃ ဒသမ ၄၄၄ သန်းကို ကူညီထောက်ပံ့ပေးနိုင်ခဲ့ပြီး မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းအဖြစ် ငွေကျပ် ၇၉၃ ဒသမ ၃၁၄ သန်းအား ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါသည်။


### နိုင်ငံတော်၏ လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် အလုပ်သမားဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များ၊ သုံးပွင့်ဆိုင်ဖွဲ့စည်းထားသည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ ညှိနှိုင်းဆွေးနွေးချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာလအတွင်း အကျုံးဝင်အလုပ်သမားများ၏ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ပေးရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# လှမ်းလာခဲ့လေ ကဗျာ၀ကမ်းခြေ

မောင်ဉာဏ်(နတလ)

မွန်ပြည်နယ်သည် သဘာ၀အလှအပများ၊ ဘုရားပုထိုးစေတီများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရိုးရာဓလေ့ ဖော်ရွေပျူငှာမှုများနှင့် ပြည့်နှက်နေသည့် ပြည်နယ်တစ်ခု ဖြစ်သည်။ မွန်ပြည်နယ်ကို မြို့နယ် ၁၀ မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး မော်လမြိုင်မြို့တွင် ကျိုက်သလ္လံစေတီတော်ကြီး၊ ကျိုက်သုတ်စေတီတော်နှင့် မဟာမြတ်မုနိဘုရား၊ ကျိုက်ထိုမြို့တွင် ကျိုက်ထီးရိုးစေတီတော်နှင့် ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရား၊ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခန့်က ထေရ၀ါဒဗုဒ္ဓသာသနာတော် စတင် ထွန်းကားခဲ့သည့် သထုံမြို့တော်၊ ရိုးရာအိမ်တွင်းလက်မှုပညာ လုပ်ငန်းများ ကောင်းမွန်စွာ ထိန်းသိမ်းထားသော ဘီလူးကျွန်း၊ ရွာလွတ်၊ ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရားကြီး တည်ရှိရာ မုဒုံမြို့နယ် ၀င်းစိန်တောရလျောင်းတော်မူဘုရားကြီး၊ ဒုတိယကမ္ဘာစစ်အတွင်း သေမင်းတမန်မီးရထားလမ်း စတင်ဖောက်လုပ်ခဲ့ရာ သံဖြူဇရပ်မြို့၊ ကျိုက္ခမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေ၊ မွန်ပြည်နယ်၏ တောင်ဘက်အကျဆုံးရှိ လှပသော ပင်လယ်ကမ်းခြေများ တည်ရှိရာ ရေးမြို့စသည်ဖြင့် မြို့နယ်အလိုက်လည်း ထင်ရှားကျော်ကြားသည်။



ကဗျာ၀ကမ်းခြေနှင့် ပင်လယ်ကမ်းခြေပတ်လမ်း။


မွန်ပြည်နယ်၏ အကျယ်အ၀န်းမှာ ၄၇၄၇ ဒသမ ၇ စတုရန်းမိုင်ရှိပြီး ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ သာယာလှပသည့် ရှည်လျားသော ကမ်းရိုးတန်းကိုလည်း ပိုင်ဆိုင်ထားသည်။

**ရေးမြို့နယ်သမိုင်း**

ရေးမြို့နယ်သည် မွန်ပြည်နယ်၏ တောင်ဘက်အကျဆုံး မြို့နယ်တစ်ခုဖြစ်ပြီး လှပစိမ်းလန်းသာယာသော တောတောင်လျှိုမြောင်များနှင့် သဘာ၀အလှအပများဖြင့် တင့်တယ်လျက်ရှိပါသည်။ ကောဇာသက္ကရာဇ် ၉၄ ခုနှစ် တပေါင်းလဆုတ် ၂ ရက် သောကြာနေ့တွင် ဒေဝီမြို့ (ယခုထား၀ယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ၀တီရွာ)တွင် စိုးစံသော မာရဒေဝီမင်းသမီးသည် ယခုရေးမြို့နေရာတွင် အုတ်မြစ်ချပြီး အဝိဇ္ဇဇေယျပူရ အမည်သမုတ်ကာ မြို့သစ်တည် အုပ်ချုပ်ခဲ့သည်။ ပျက်စီးတိမ်ကောလိုက် ပြန်လည်တည်ဆောက်လိုက်ဖြင့် ခြောက်ကြိမ်တိုင် ပြန်လည်တည်ဆောက်ခဲ့ရသော မြို့ဖြစ်ကြောင်း မြို့သမိုင်းအရ သိရသည်။

ရေးမြို့နယ်သည် အရှေ့မှ အနောက်သို့ ၂၂ မိုင်နှင့် တောင်မှ မြောက်သို့ မိုင် ၅၀ ရှည်လျားပြီး ဧရိယာမှာ ၄၄၅ ဒသမ ၀၅ စတုရန်းမိုင် ကျယ်၀န်းသည်။ ရေးမြို့နယ်တွင် ရေးမြို့၊ လမိုင်းမြို့၊ ခေါဇာမြို့များ ပါ၀င်သည်။ ရေးမြို့နယ်သည် မော်လမြိုင်မြို့မှ ၉၈ မိုင် အကွာတွင် ရှိပြီး မွန်ပြည်နယ်အတွင်း အကျယ်၀န်းဆုံးသောမြို့နယ်ဖြစ်သည်။ ရေးမြို့နယ်တွင် ရော်ဘာ၊ ကွမ်းသီး၊ ဒူးရင်း၊ မင်းဂွတ်၊ သံပရာခြံလုပ်ငန်းများနှင့် ရေလုပ်ငန်းများလုပ်ကိုင်ကြပြီး ဒေသတွင်းရောင်း၀ယ်ဖောက်ကားမှုအတွက် အချက်အချာကျရာဒေသဖြစ်သည်။

ရေးမြို့နယ်တွင် မွန်လူမျိုးများ အဓိကနေထိုင်ကြပြီး မွန်တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့ထုံးတမ်း ယဉ်ကျေးမှုများကိုလည်း လေ့လာနိုင်သည်။ သာသနာအစ သထုံက ဆိုသည့်အတိုင်း မွန်တိုင်းရင်းသားလူမျိုးများသည် ဘာသာတရား သက်၀င်ယုံကြည်မှု၊ ယဉ်ကျေးမှု မြင့်မားသည်။ ကိုယ်ပိုင်တိုင်းရင်းသားစာပေ၊ ဘာသာစကားရှိသည်။ မွန်တိုင်းရင်းသားတို့တွင်သာရှိသော တစ်မှုထူးခြားသည့် သဘော်ဆွမ်းကြီးကပ်သည့် ရိုးရာဓလေ့ရှိသည်။




မွန်ပြည်နယ် ရေးမြို့နယ် ကဗျာ၀ ပင်လယ်ကမ်းခြေပတ်လမ်း အခြေပြမြေပုံ။

* ကဗျာ၀ကမ်းခြေသည် လူသိများလာသည်နှင့်အတူ ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးသည်လည်း ဒေသခံများ၏ မျှော်လင့်ချက်များ ဖြစ်လာသည်။ နယ်မြေဒေသ အေးချမ်းလာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းနှင့်အတူ ကဗျာ၀ကမ်းခြေသည် သာယာလှပသောကမ်းခြေတစ်ခုအဖြစ် တဖြည်းဖြည်း လူသိများလာလျက်ရှိသည်

**နယ်စပ်ရေးရာ၀န်ကြီးဌာန၏ ဆောင်ရွက်ချက်များ**

ထိုကဲ့သို့အေးချမ်းတည်ငြိမ်သည့်ဒေသတွင် တစ်ချိန်က လက်နက်ကိုင်များကြီးစိုးခဲ့သောကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အားနည်းခဲ့ပြီး ဒေသဖွံ့ဖြိုးမှုတွင်လည်း နောက်ကျနေးကွေးခဲ့သည်။ ၁၉၉၅ ခုနှစ်နောက်ပိုင်း ငြိမ်းချမ်းရေးရယူပြီးချိန်မှစ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစိုက်မတ်မတ်ဆောင်ရွက်နိုင်ခဲ့သည်။ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးကိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သက်သေပြနေခြင်းပင် ဖြစ်ပါသည်။

နယ်စပ်ရေးရာ၀န်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မွန်ပြည်နယ်အတွင်း ကျိုက်ထို၊ သထုံ၊ ဘီးလင်း၊ ကျိုက်မရော၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်များတွင် နယ်စပ်ဒေသ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သော လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများကို နှစ်စဉ်ရန်ပုံငွေများခွင့်ပြုပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နယ်စပ်ဒေသကျေးရွာများကိုသာမက အစွန်အဖျားဖြစ်သော ပင်လယ်ကမ်းခြေဒေသရှိ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် ပင်လယ်ကမ်းခြေများတည်ရှိရာ မွန်ပြည်နယ်၏ တောင်ဘက် အကျဆုံး ရေးမြို့နယ်တွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ**

ရေးမြို့နယ်သည် နယ်မြေကျယ်၀န်းသော ဒေသဖြစ်သည်နှင့်အညီ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်လည်းများပြားသည်။ထို့ကြောင့် နှစ်စဉ် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေများဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ လမ်းတံတားလုပ်ငန်းများပင် ဖြစ်သည်။ ကျေးရွာအချင်းချင်း ကူးလူးဆက်သွယ်နိုင်သည့်လမ်းများ၊ ဒေသထွက်ကုန်များ အချိန်မီ ပို့ဆောင်နိုင်ရေးအတွက် ကုန်ထုတ်လမ်းများ၊ တစ်ရွာနှင့်တစ်ရွာ အချိန်တိုအတွင်း သွားလာနိုင်မည့် လမ်းကွန်ရက်များ လိုအပ်သည်။ ထို့ကြောင့် ယခင်က လမ်းမပေါက်သေး သော ကျေးရွာများတွင် လမ်းဖောက်လုပ်ပေးသည်။ ချောင်းကူး၊ မြောင်းကူးတံတားများ တည်ဆောက်ပေးသည်။ ပေါက်ပြီးသောလမ်းများကိုလည်း မြေလမ်းအဆင့်မှ ကျောက်ခင်းလမ်း၊ ကျောက်ခင်းလမ်းအဆင့်မှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။

ထို့ကြောင့် မွန်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက် ခဲ့သည့် ၁၉၉၅ ခုနှစ်မှယနေ့အထိ ရေး-ဖလံချောင်း၀-ကျုံကွီးလမ်း၊ ဖလံချောင်း၀-ညီစားလမ်း၊ ဖလံချောင်း၀-ကမ်းနီ- အိုင်ရှည်လမ်း၊ ရေး - ခေါဇာ - မကျီးလမ်း၊ မော့ကနင်-ဘဲလမု -ကလိတ်တုတ်-ဘီဆိုင်- ကွမ်းသီးတောလမ်း၊ကျောင်းရွာ - ငါးကလေးချောင်း-လိပ်ပုတ်-မင်းလှအေးလမ်း၊ ရေး-ခေါဇာသွားလမ်းမှ ကဗျာ၀-တရုတ်ထောက်- ခေါဇာလမ်းစသည့် မြို့နယ်တွင်း လမ်းမကြီးများ၊ နယ်စပ်ဒေသ ကျေးရွာချင်းဆက်လမ်းများ အပါအ၀င် စုစုပေါင်း မြေလမ်း ၁၀၀ မိုင် ၄ ဖာလုံ၊ ကျောက်ခင်းလမ်း ၁၁၅ မိုင် ၅ ဖာလုံ၊ကတ္တရာလမ်း ၃၈ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်တံတား ၉၁ စင်း( စုစုပေါင်း အရှည် ၃၉၃၂ ပေ) ၊ Box Culvert ၃၆ စင်း၊ ရေပြွန် ၅၃ ခုတို့ ဆောင်ရွက်ပေးနိုင်ခဲ့သည်။


လမ်းတံတားလုပ်ငန်းများအပြင် အခြားသော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် စာသင်ကျောင်းဆောင်များ၊ ကျေးရွာဆေးပေးခန်း အဆောက်အအုံများ၊ အိမ်ရာများ တည်ဆောက်ပေးခဲ့သည်။ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးခဲ့သည်။

*စာမျက်နှာ ၁၂ သို့*

# ဘာသာတရားပေါင်းစုံအနေဖြင့် လက်တွေ့ဖြစ်ပျက်နေသည့်အခြေအနေမှန်များ၊ ပြုလုပ်ခဲ့သည့်အခြေအနေမှန်များကိုကြည့်ပြီး အမှန်များကိုစဉ်းစားဆင်ခြင်နိုင်ရန် လိုအပ်

**နေပြည်တော် စက်တင်ဘာ ၂၁**

ထန်တလန်မြို့ ခရစ်ယာန်အသင်းတော်မှ သင်းအုပ်ဆရာ သေဆုံးမှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့သည်။




ဒီသတင်းကတော့ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး မဟုတ်မမှန်သတင်းများ ထုတ်လွှင့်ပေးနေတဲ့ ပြည်ဖျက်မီဒီယာ အချို့မှာပါ ထုတ်လွှင့်နေတာကို တွေ့ရပါတယ်။ ထုံးစံအတိုင်း စက်တင်ဘာလ ၁၉ ရက်နေ့မှာ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာမှာ မီးရှို့တယ်ဆိုတဲ့ကိစ္စတွေ စသဖြင့် မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်နေကျဖြစ်တဲ့ ခေတ်သစ်မီဒီယာကနေပြီး စတင်ထုတ်လွှင့်ခဲ့တာကို တွေ့ရပါတယ်။

ဒီသတင်းမှာတော့ ထန်တလန်မြို့မှာ ၁၈ ရက်နေ့က တိုက်ပွဲဖြစ်ပြီး ခရစ်ယာန်အသင်းတော်က သင်းအုပ်ဆရာပါစတာကျုံးဗျက်ဟုမ်းနှင့် ပတ်သက်၍ တပ်မတော်ကပစ်တဲ့ ကျည်ထိမှန်သေဆုံးသွားတယ်ဆိုတဲ့ကိစ္စတွေ ဒါတွေကို ထုတ်လွှင့်ခဲ့တာကို တွေ့ရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖြစ်စဉ်အမှန်ကတော့ စက်တင်ဘာလ ၁၈ ရက်နေ့ ညနေ ၄ နာရီနဲ့ ၄ နာရီခွဲလောက်မှာ နယ်မြေလုံခြုံရေး တာဝန်ယူနေတဲ့အဖွဲ့တွေက ထန်တလန်မြို့မှာ လှည့်ကင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ခဲ့ရာ ထန်တလန်မြို့၊ အမှတ် ၁ ရပ်ကွက်ကိုရောက်ရှိနေတဲ့အချိန်မှာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ အင်အား ၁၀၀ လောက်က မြို့ထဲ၊ရပ်ကွက်ထဲ၊အိမ်တွေထဲကနေပြီး စောင့်ကြိုတိုက်ခိုက်တာတွေပြုလုပ်ခဲ့ပြီး အပြန်အလှန် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပါတယ်။ အဲဒီလို ဖြစ်ပွားပြီးခဲ့တဲ့အချိန်မှာပဲ အကြောင်းအရင်း စိစစ်လိုက်တဲ့အခါ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့တာကို တွေ့ရပါတယ်။ နေအိမ် အလုံး ၂၀ နဲ့ ဆောက်လုပ်ရေးဦးစီးဌာနပိုင် လမ်းဦးစီးရိပ်သာ သုံးထပ်အဆောက်အအုံ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရပါတယ်။ အဲဒီ မီးလောင်မှုဖြစ်ပွားတဲ့နေရာကို ထန်တလန်မြို့ အမှတ် ၂ ရပ်ကွက်မှာနေထိုင်တဲ့ ထန်တလန်ရာပြည့် နှစ်ချင်းအသင်းတော်က သင်းအုပ်ဆရာ ပါစတာကျုံးဗျက်ဟုမ်းက သူ့အိမ်ကနေ ဆိုင်ကယ်နဲ့ ထွက်ခွာပြီး အမှတ် ၂ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း ထားထားဆေးဆိုင်အနီး ရောက်ရှိစဉ်မှာ ကျည်ထိမှန် သေဆုံးခဲ့တယ်လို့ သိရပါတယ်။

## စုံစမ်းစစ်ဆေးလျက်ရှိ

စတင်တိုက်ပွဲဖြစ်ပွားတဲ့အချိန်က ညနေ ၄နာရီကနေ ၄ နာရီ ၂၅အထိ ဖြစ်ပါတယ်။ သူ ကျည်ထိမှန်သေဆုံးတဲ့အချိန်က ညနေ ၆ နာရီ ဖြစ်ပါတယ်။ သူ့ကိုတော့ စက်တင်ဘာလ ၁၉ ရက်နေ့ ၁၂နာရီ ထန်တလန် အမှတ် ၂ ရပ်ကွက် ထန်တလန်သင်္ချိုင်းမှာ ခရစ်ယာန်ဘာသာရေးဆရာများဦးစီးပြီး ဂူသွင်းသင်္ဂြိုဟ်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီဖြစ်စဉ် ဖြစ်ပွားပြီး နောက်ပိုင်းမှာ ခုနကပြောတဲ့ မဟုတ်မမှန်သတင်းတွေ ထွက်လာတာပဲဖြစ်ပါတယ်။ ဖြစ်စဉ်အမှန်ကတော့ ယခုအတိုင်းပဲဖြစ်ပါတယ်။ စက်တင်ဘာ ၁၈ ရက်နေ့ ထန်တလန်မြို့တွင် ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်မှာ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေက ထန်တလန်မြို့ အတွင်းမှာရှိတဲ့ လူနေအိမ်တွေကို အကာအကွယ်ယူပြီးတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ပစ်ခတ်ခဲ့တဲ့ ဖြစ်စဉ်ဖြစ်ပါတယ်။ ဒီကျည်ထိမှန် သေဆုံးခြင်းနှင့်ပတ်သက်ပြီး ထပ်မံစုံစမ်းစစ်ဆေးလျက်ရှိပါတယ်။

ဒီနေရာမှာ တပ်မတော်က ပစ်ခတ်တယ်ဆိုပြီး တစ်ဖက်သတ်စွပ်စွဲတာတွေ ပြီးရင် လက်စွပ်တွေယူသွားတယ်၊ နာရီတွေယူသွားတယ်ဆိုတဲ့ မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်နေတာတွေ တွေ့ရပါတယ်။ ဒီထုတ်လွှင့်ချက်တွေနဲ့အတူ ချင်းပြည်နယ်၊ ချင်းခရစ်ယာန်အဖွဲ့ချုပ်က စက်တင်ဘာလ ၁၉ ရက်နေ့ ရက်စွဲနဲ့လည်း သဘောထား ထုတ်ပြန်ခဲ့တဲ့အကြောင်းအရာတွေ တွေ့ရတယ်။ ကချင် နှစ်ချင်းခရစ်ယာန်အဖွဲ့ချုပ် KTC ကလည်း သူတို့ရဲ့ သဘောထားထုတ်ပြန်ချက်တွေကို ထုတ်နေတာကိုလည်း တွေ့ရပါတယ်။ အဲဒီအထဲမှာတော့ ကျွန်တော်ပြောခဲ့တဲ့ သတ်ဖြတ်ခံရတာတွေ၊ ဘာသာရေးအဆောက်အအုံကို ပျက်စီးစေခြင်းတို့ ဒီလိုမျိုးစွပ်စွဲချက်တွေ စွပ်စွဲထားတာ တွေ့ရပါတယ်။ သင်းအုပ်ဆရာသေဆုံးသွားခြင်းကတော့ ခုနက ပြောခဲ့တဲ့ အကြောင်းအရာတွေကြောင့် ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်ပြောချင်တာက NUG၊ CRPH အကြမ်းဖက်အဖွဲ့တွေအနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မငြိမ်မသက်ဖြစ်အောင်၊ တည်ငြိမ်အေးချမ်းမှုထိခိုက်အောင်အတွက် ဆောင်ရွက်လျက်ရှိတယ်။ လဆန်းပိုင်း ၇ ရက်နေ့တုန်းက ပိုပြီးတော့မှ ပဋိပက္ခတွေဖြစ်ပွားလာအောင် မြှောက်ပင့်ပေးတဲ့ ကြေညာချက်မျိုး ထုတ်ခဲ့တာတွေ့ရတယ်။ အဲဒီနောက်ပိုင်းမှာလည်း ချင်းပြည်နယ် အချို့နေရာတွေမှာ မငြိမ်မသက်မှုတွေဖြစ်ပွားလာတာ တွေ့ရပါတယ်။ ချင်းပြည်နယ် ထန်တလန်ဘက်မှာ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းတစ်ခုဖြစ်တဲ့ လုံတဲစခန်းကို အကြမ်းဖက် ၄၀၀ လောက်နဲ့ဝိုင်းတိုက်တဲ့ ဖြစ်စဉ်မျိုးတွေ ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဟာနဲ့ ပတ်သက်ပြီး ယခုနောက်ပိုင်းမှာ ချင်း နှစ်ချင်းခရစ်ယာန်အဖွဲ့ချုပ် CBC နဲ့ ကချင် နှစ်ချင်းခရစ်ယာန်အဖွဲ့ချုပ် KBC တို့ရဲ့ ထုတ်ပြန်ချက်တွေကိုလည်း တွေ့ရပါတယ်။

## ဘာသာရေးဘက်ကိုဦးတည်နေ

ဒီထုတ်ပြန်ချက်တွေနဲ့ ပတ်သက်ပြီး အဓိက ပြောချင်တာရယ်၊ အဖြစ်မှန်နဲ့ ပတ်သက်ပြီး ပြောချင်တာရယ် အဓိကကတော့ ဘာသာရေးဘက်ကို ဦးတည်နေတာကိုတွေ့ရပါတယ်။ ဒါဟာ အန္တရာယ်များတဲ့ အလုပ်တစ်ခုပဲဖြစ်ပါတယ်။ ဒါတွေဟာ မလုပ်သင့်တဲ့ လုပ်ငန်းတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄ အရ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်တဲ့ အခွင့်အရေးကို အညီအမျှရရှိပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ဘာသာရေးနဲ့ပတ်သက်လာလို့ရှိရင် အခြေခံဥပဒေမှာ ပုဒ်မ ၃၆၁၊ ၃၆၂၊ ၃၆၃ တို့မှာ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သောနေ့တွင် နိုင်ငံတော်တွင်ရှိနေသော ကိုးကွယ်ရာဘာသာများအဖြစ် အသိအမှတ်ပြုပြီးလို့ ပုဒ်မ ၃၆၂ မှာ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ပုဒ်မ ၃၆၃ မှာတော့ နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်လို့ အတိအလင်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်ရာဘာသာပေါင်းစုံနှင့် ဖွဲ့စည်းတည်ဆောက်ထားတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။

## တပ်မတော်ကအားပေးကူညီ

ဒီဖြစ်စဉ်တစ်ခုကို အခြေခံပြီး ဘာသာရေးသွေးခွဲမှု ပဋိပက္ခအသွင် ဖန်တီးလာတယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မလုပ်ဆောင်သင့်တဲ့ လုပ်ငန်းတစ်ခုလို့ ပြောချင်ပါတယ်။ နိုင်ငံတော်အနေနဲ့ရော၊ တပ်မတော်အနေနဲ့ရော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ အစိုးရအဖွဲ့ မဖြစ်ခင်ကတည်းက ဘာသာပေါင်းစုံကို အားပေးတာတွေ၊ ဘာသာပေါင်းစုံနဲ့ပတ်သက်ပြီး ထောက်ပံ့ကူညီမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဘာသာသာသနာနဲ့ ပတ်သက်ပြီး အားပေးတာတွေ၊ ဆောင်ရွက်တာတွေ လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီလို လုပ်ဆောင်လျက်ရှိတဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လက်ထက်ကတည်းက ခရီးစဉ်တွေ ဘာသာရေးဆိုင်ရာ အခမ်းအနားတွေမှာ အမြဲတမ်းတက်ရောက်တာတွေ၊ တပ်မတော်ကနေ အားပေးကူညီတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အနေနဲ့လည်း တာဝန်ထမ်းဆောင်နေချိန်ကာလမှ လက်ရှိကာလအထိ နိုင်ငံအတွင်းမှာ ဒေသအနှံ့အပြားကို သွားရောက်တဲ့အချိန်မှာ ဘာသာရေး၊ လူမှုရေးခွဲခြားမှုမရှိဘဲ သက်ဆိုင်ရာဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်တွေနဲ့ တွေ့ဆုံတာတွေ၊ ကူညီထောက်ပံ့တာတွေ၊ ဆွေးနွေးတာတွေကို အကြိမ်များစွာ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ခရစ္စမတ်အချိန်တိုင်း ရန်ကုန် ဗိုလ်တထောင်မှာရှိတဲ့ စိန်မေရီကယ်သီဒြယ်ဘုရားရှိခိုးကျောင်းကို အမြဲတမ်းရောက်ရှိပါတယ်။ ခရစ္စမတ်ပွဲတော်နေ့နဲ့ ပတ်သက်ပြီး နှုတ်ခွန်းဆက်စကားများ အမြဲတမ်း ပြောဆိုခဲ့ပါတယ်။ အဲဒီအထဲက သိမှတ်ဖွယ်ရာလေးတစ်ခုကို နိုင်ငံတော်ဝန်ကြီးချုပ်ပြောခဲ့တဲ့ မူရင်းစကားအတိုင်း ပြန်လည်ပြောချင်ပါတယ်။

ဒါကတော့ **"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ခရစ်ယာန်ဘာသာဝင် ၃ ဒသမ ၂ သန်းခန့် ရှိပြီး လူဦးရေရဲ့ ၆ ရာခိုင်နှုန်းခန့်ရှိပါတယ်။ မြန်မာနိုင်ငံ၏ လူဦးရေအများဆုံး ကိုးကွယ်ရာ ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်၊ မူဆလင်၊ ဟိန္ဒူနှင့် အခြားဘာသာဝင်များဟာ နှစ်ပေါင်းများစွာကတည်းက အချင်းချင်းစည်းလုံး ညီညွတ်စွာ အမိနိုင်ငံတော်ကြီးကောင်းကျိုးကို ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဘာသာတရားအသီးသီးရဲ့ မွန်မြတ်တဲ့ အဆုံးမတွေအောက်မှာ ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ် အစဉ်လာကောင်းတွေနဲ့ နေထိုင်လျက်ရှိကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပုဒ်မ ၃၆၂၊ ၃၆၃ တို့မှာ ဘာသာရေးလွတ်လပ်ခွင့် ကူညီစောင့်ရှောက်မှုတို့အတွက် အာမခံပေးထားပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘာသာရေးကို အသုံးချပြီး ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်း စည်းလုံးမှုကို ပြိုကွဲအောင် လုပ်ဆောင်နေတာတွေကို အားလုံးဂရုပြုကြရမှာ ဖြစ်ပါတယ်"**။ ၂၀၁၉ ခုနှစ်၊ ခရစ္စမတ်နေ့မှာ နိုင်ငံတော်ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ပါတယ်။

ဒီအချိန်မှာ NUG၊ CRPH လိုအဖွဲ့အစည်းတွေ၊ ပြည်ဖျက်မီဒီယာတွေအနေနဲ့ မဟုတ်မမှန်သတင်းတွေ ထုတ်လွှင့်နေတာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲအောင်၊ နောက်ဆုံးမှာ ဘာသာတရားအချင်းချင်း စိတ်ဝမ်းကွဲအောင် ဒါတွေကိုလုပ်ဆောင်နေတာ ဖြစ်ပါတယ်။ အဲဒါကြောင့် ပြည်သူများအနေနဲ့ သတိချပ်ဖို့ ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ခရစ်ယာန်အသင်းတော်နှင့် ပတ်သက်ပြီး ပြောချင်တာက ကချင်ခရစ်ယာန်အသင်းတော်(KBC)နဲ့ ချင်းခရစ်ယာန်အသင်းတော်လည်း ပါပါတယ်။ ကချင်ပြည်နယ်မှာရှိတဲ့ သဘောထားထုတ်ပြန်ခဲ့သည့်အဖွဲ့ KBC အဖွဲ့နှင့်ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဘဝကတည်းက တော်တော်ရင်းနှီးတဲ့အဖွဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်နဲ့လည်း ကူညီမှုများ၊ ပံ့ပိုးမှုများ၊ ငြိမ်းချမ်းရေးအရ ဆောင်ရွက်နိုင်အောင် လုပ်ဆောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်ပါတယ်။ သူတို့ အဖွဲ့ကတော့ ၎င်းတို့၏ စိတ်ပူပန်မှုကို ပြောခြင်းဖြစ်ပါတယ်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အပြစ်တင်လိုခြင်း မရှိပါဘူး။ သို့သော်စိတ်ပူပန်မှုဟာ မဟုတ်ဘူးဆိုတဲ့အကြောင်း ခရစ်ယာန်ဘာသာဝင်များ သိစေချင်ပါတယ်။

ထို(KBC)အဖွဲ့ကဆိုရင် ကချင်ပြည်နယ်အတွင်းမှာ ကျွန်တော်တို့ မိုင်းရှင်းရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီး ကူညီပေးဖို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လက်ထက်ကတည်းက အကူအညီတောင်းခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း တိုက်ပွဲရှောင်ပြည်သူများ မိမိနေရပ် နေထိုင်နိုင်ရန်အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ အောင်မြင်မှုများလည်းရှိခဲ့ပါတယ်။

*စာမျက်နှာ ၁၂ သို့*

# ကိုဗစ်-၁၉ ရောဂါကာလအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်မိသားစုများ သက်သာချောင်ချိရေးအတွက် ဆန်နှင့်အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

ပဲခူး စက်တင်ဘာ ၂၁

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပဲခူးမြို့တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်မိသားစုများ သက်သာချောင်ချိရေးအတွက် ဆန်နှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကိုဗစ်-၁၉ ရောဂါကာလအတွင်း လုံခြုံရေးနှင့် ကျန်းမာရေးတာဝန်များကို ပူးတွဲထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဆန်နှင့် အခြေခံစားသောက်ကုန်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုမရှိစေရန် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် နေထိုင်သွားရန်နှင့် ဆက်လက်၍လည်း တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ထောက်ပံ့ပေးခြင်းများကိုလည်း ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးမြို့တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သားများ၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁) လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များအတွက် ဆန်အိတ် ၅၀၊ ဆီပိသာ ၂၇၀ ၊ ကုလားပဲ သုံးအိတ်၊ ဆား ခြောက်အိတ်၊ ကြက်ဥ အလုံး ၃၀၀၀ ၊ ခေါက်ဆွဲခြောက် အထုပ် ၉၀၀ နှင့် ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို လည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်နှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၀ တို့အား ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး**(အပေါ်ပုံ)** ပဲခူးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**



*စာမျက်နှာ ၁၁ မှ*

ဒ့ါအပြင် ကချင်ပြည်နယ်မှာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့တဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ၎င်းအပြင်နေရာများရှိတဲ့ ခရစ်ယာန်ဘာသာဘုရားရှိခိုးကျောင်းများကို ပြုပြင်ပေးခြင်းများကို ကျွန်တော်တို့ တပ်မတော်အင်ဂျင်နီယာအဖွဲ့က ဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ ထိုအကြောင်းအရာများကိုလည်း အချိန်အားလျော်စွာ သတင်းထုတ်ပြန်ပေးထားခဲ့ပါတယ်။ ထိုကိစ္စများကို လုပ်ဆောင်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါမှာ ကျွန်တော်တို့အနေနဲ့ လူမျိုးဘာသာလူတန်းစားခွဲခြားမှုမရှိဘဲ တိုက်ပွဲရှောင်စခန်းများ၊ IDP camp မှာရှိသည့် ပြည်သူလူထုများ၊ ရခိုင်ပြည်နယ်မှာရှိသည့် ဘင်္ဂါလီများကစ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

## လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထား

ဒ့ါပြင် EAO အဖွဲ့များကိုလည်း ကာကွယ်ဆေးထိုးပေးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ထို့အတူ တပ်မတော်ဟာလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံ ကိုးကွယ်ရာဘာသာအသီးသီးနဲ့ ဖွဲ့စည်းထားတဲ့ တပ်မတော်ဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်ထဲမှာလည်း တိုင်းရင်းသားလူမျိုး ပေါင်းစုံရှိတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံရှိပါတယ်။ ကိုးကွယ်ရာ ဘာသာအသီးသီး၊ ဘာသာပေါင်းစုံနဲ့ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားပြီးဖြစ်တယ်။ သက်ဆိုင်ရာဘာသာရေး အခမ်းအနားနေ့များမှာ တပ်ရင်းတပ်ဖွဲ့ကအစ သက်ဆိုင်ရာဘာသာဝင်များကို သူတို့ရဲ့ဘာသာရေးနဲ့ပတ်သက်တဲ့ ဘာသာရေးလုပ်ငန်းများဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ အားပေးကူညီ ထောက်ပံ့ဆောင်ရွက်နိုင်ဖို့ အမြဲတမ်း ကူညီဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် ကျွန်တော်ပြောချင်တာက NUG၊ CRPH အဖွဲ့များ၊ ခုနကပြောတဲ့ ပြည်ဖျက်မီဒီယာအဖွဲ့များက ကျွန်တော်တို့နိုင်ငံအတွင်းမှာ လူမျိုးရေးအရ ခွဲခြားလာမှု ဖြစ်ပေါ်လာအောင်၊ ဘာသာရေးအရ ကွဲပြားမှုများဖြစ်ပေါ်လာအောင် အမြဲတမ်း ဆောင်ရွက်နေမှာဖြစ်ပါတယ်။

ဒီအဖျက်လုပ်ငန်းများနှင့် ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ တိုင်းရင်းသားပေါင်းစုံအနေနဲ့ ဘာသာတရားပေါင်းစုံအနေနဲ့ လက်တွေ့ဖြစ်ပျက်နေတဲ့ အခြေအနေမှန်များ၊ ပြုလုပ်ခဲ့တဲ့ အခြေအနေမှန်များကိုကြည့်ပြီး အမှန်များကို စဉ်းစားဆင်ခြင်နိုင်ဖို့၊ ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည် ဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်ထောင်စုကို တည်ဆောက်နိုင်ဖို့အတွက် ကျွန်တော်အနေနဲ့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

*စာမျက်နှာ ၁၀ မှ*

ရေးမြို့နယ်အတွင်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ဘုရားတောင်ကမ်းခြေ၊ ကော့ဒွတ်ကမ်းခြေ၊ ပင်လယ်ဝကမ်းခြေ၊ ကဗျာဝကမ်းခြေ၊ ဓမ္မသတ်ကမ်းခြေ၊ မကျီးကမ်းခြေ၊ ဓနိကြာ ကမ်းခြေများတည်ရှိသည်။

## ကဗျာဝ ပင်လယ်ကမ်းခြေပတ်လမ်း

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရေးမြို့နယ်အတွင်း အရေးပါသော ကဗျာဝ ပင်လယ်ကမ်းခြေပတ်လမ်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ လမ်းမှာ ရေး-ခေါဇာ သွားလမ်းမှ ကဗျာဝကျေးရွာသို့ ဆက်သွယ်သည့်လမ်း ၂ မိုင် ၅ ဖာလုံ၊ ကဗျာဝကျေးရွာမှ တရုတ်ထောက်ကျေးရွာအထိ ၃ မိုင် ၄ ဖာလုံ၊ တရုတ်ထောက်ကျေးရွာမှ ကျောက်အိုင်ကျေးရွာအထိ ၁ မိုင် ၆ ဖာလုံ၊ ကျောက်အိုင်ကျေးရွာမှ ခေါဇာမြို့အထိ ၁ မိုင် ၆ ဖာလုံ၊ စုစုပေါင်း ၉ မိုင်၅ ဖာလုံရှိသည်။ ကဗျာဝပင်လယ်ကမ်းခြေပတ်လမ်း ၉ မိုင် ၅ ဖာလုံ အနက် ၇ မိုင် ၅ ဖာလုံကို ကတ္တရာလမ်းအဆင့် ဖောက်လုပ်ပြီးစီးပြီဖြစ်ပြီး ကျန် နှစ်မိုင်ကိုလည်း ကတ္တရာလမ်းအဆင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ရေး – ခေါဇာသွားလမ်းမှ ကဗျာဝကျေးရွာ၊ ကဗျာဝကျေးရွာမှ တရုတ်ထောက်ကျေးရွာအထိ လမ်းပိုင်းကို ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပြီး တရုတ်ထောက်ကျေးရွာမှ ခေါဇာအထိ လမ်းပိုင်းကို ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည်။ လမ်းတစ်လျှောက်လိုအပ်သော တံတားများနှင့် Box Culvert များ တည်ဆောက်ပေးခဲ့သည်။

ကဗျာဝပင်လယ်ကမ်းခြေပတ်လမ်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယခင်က တစ်ကြောင်းထိုးမြေသားလမ်းအဆင့်သာရှိခဲ့ပြီး မိုးရွာသွန်းမှုများပြားသော ဒေသဖြစ်သဖြင့် မိုးရာသီသွားလာရန် ခက်ခဲသည့်အခြေအနေမှ ယခုအခါ ရာသီမရွေးအချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်၍ ပင်လယ်ကမ်းခြေဒေသကျေးရွာများ၏ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး၊ ဒေသထွက်ကုန်များ အချိန်မီတင်ပို့နိုင်ရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုလျက်ရှိသည်။ တည်ငြိမ်အေးချမ်းမှုရှိ၍ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်ခြင်း၏ အကျိုးကျေးဇူးကို ဒေသခံပြည်သူများ ခံစားရခြင်းဖြစ်သည်။

## ခရီးသွားလုပ်ငန်းအတွက်လည်း အရေးပါ

ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ဖောက်လုပ်ခဲ့သော ကဗျာဝပင်လယ်ကမ်းခြေ ပတ်လမ်းသည် ပင်လယ်ကမ်းခြေဒေသ အပန်းဖြေခရီးသွားလုပ်ငန်းအတွက်လည်း အရေးပါသောလမ်းတစ်လမ်း ဖြစ်လာခဲ့သည်။ ကဗျာဝကမ်းခြေကို ရောက်ရှိရန် ရေး-ထားဝယ်သွားကားလမ်းမှ ခွဲထွက်၍ ကလေ့ကြီးကျေးရွာ လမ်းခွဲမှတစ်ဆင့်ဝင်ရပြီး ဒေသ၏ သာယာလှပသော မြင်ကွင်းများအား ခပ်စိပ်စိပ်မြင်တွေ့ခွင့်ရရှိသည်။ မြို့ပေါ်နှင့် လမ်းတစ်လျှောက်ရွာများတွင် ကြော်ငြာဆိုင်းဘုတ်၊ လမ်းညွှန်များမှအစ မွန်စာပေနှင့် ရေးသားထားသည်ကို တွေ့ရှိရသည်။ ခြေတံရှည်ဆင်တူသော ရိုးရာအိမ်အမြင့်ကလေးများကိုလည်း သပ်သပ်ရပ်ရပ် နေချင်စဖွယ်တွေ့ရသည်။ ကဗျာဝရွာကို ရောက်ရန်ကြားတွင် ကလေ့ကြီးရွာ၊ ဟံဂံရွာနှင့် အခြား မွန်ရွာကလေးများအား ဖြတ်သွားရသည်။

ကမ်းခြေတွင် အခွံမာသည့် ခရုအမျိုးအစားတစ်မျိုး၏ အမည်ကို အစွဲပြုပြီး ကဗျာဝရွာ၊ ကဗျာဝကမ်းခြေဟု ခေါ်တွင်လာခဲ့ကြကြောင်း မှတ်သားရသည်။ ကဗျာဝကမ်းခြေသို့ရောက်လျှင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃ ခုနှစ်က တည်ဆောက်ပေးခဲ့သော အရှည် ၃၇၅ ပေရှိ ကဗျာဝကွန်ကရစ်တံတားရှိသည်။ တံတားမရောက်မီနေရာမှစ၍ ကမ်းခြေ၏ သာယာလှပမှုနှင့် ပင်လယ်လေများအား စတင်ရှူရှိုက်ခံစားရပြီး စိတ်လက်ပေါ့ပါးလန်းဆန်းခြင်းကို ခံစားရမည်ဖြစ်သည်။

ကဗျာဝကမ်းခြေသည် အလျားသိပ်မရှည်သော်လည်း ငွေရောင်သဲဖြူဖြူများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိသေးဘဲ အေးချမ်းစွာ အနားယူအပန်းဖြေနိုင်သည်။ ကမ်းခြေတစ်လျှောက် ဒေသခံများက လာရောက်လည်ပတ် အပန်းဖြေကြသည့်ဧည့်သည်များအတွက် ထီးရောင်စုံများ၊ ဒရင်းဘတ်များ၊ ပက်လက်ကုလားထိုင်များအား ငှားရမ်းပေးသည့် ဝန်ဆောင်မှုများလည်း ဆောင်ရွက်ပေးနေပြီ ဖြစ်သည်။ ကမ်းခြေတွင် ဆိုင်ကယ်၊ လေးဘီးတပ်စက်တပ်ယာဉ်များလည်းငှားရမ်းစီးနင်းနိုင်ပြီး ပင်လယ်ရေလှိုင်းစီးရန် ဗောကွင်းငှား ဝန်ဆောင်မှုများလည်းရှိသည်။

ကမ်းခြေတွင် လတ်ဆတ်သော အုန်းရည်ချိုမြမြကို ထိုင်သောက်နိုင်သည်။ ထီးရိပ်အောက်တွင် အနားယူရင်း ပင်လယ်ကိုကြည့်ရှုခံစားကာ သန့်ရှင်း လတ်ဆတ်သော ပုစွန်ကင်၊ ငါးကင်၊ ပင်လယ်စာများလည်း မှာယူစားသုံးနိုင်သည်။ ပင်လယ်ပြင်ဘက်သို့ ငေါ်ထွက်နေသော တောင်အငူ၊ ကွေ့ဝိုက်သောပုံသဏ္ဍာန်ဖြင့် သဲသောင်ဖြူလွလွ ကမ်းခြေ၊ ညင်သာသော လှိုင်းလုံးလေးများနှင့် ကမ်းခြေအလှသည် တစ်မူထူးခြားနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

## ဒေသခံများ၏ မျှော်လင့်ချက်

ကဗျာဝကမ်းခြေသည် လူသိများလာသည်နှင့်အတူ ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးသည်လည်း ဒေသခံများ၏ မျှော်လင့်ချက်များ ဖြစ်လာသည်။ နယ်မြေဒေသ အေးချမ်းလာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းနှင့်အတူ ကဗျာဝကမ်းခြေသည် သာယာလှပသော ကမ်းခြေတစ်ခုအဖြစ် တဖြည်းဖြည်းလူသိများလာလျက်ရှိသည်။

သို့သော်လည်း ကဗျာဝကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ်းခြေသာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ်းခြေတွင် ယာဉ်ရပ်နားရန်နေရာများ၊ ကမ်းခြေဆင်းမည့်လမ်း၊ စားသောက်ဆိုင်၊ အမှိုက်စွန့်ပစ်ရန်နေရာစသည်ဖြင့် စနစ်တကျဆောင်ရွက်ရန် လိုအပ်ချက်များရှိနေသေးသည်။

မည်သို့ပင်ဆိုစေကာမူ ရေးမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေများသည် သဘာဝအလှတရားများဖြင့် လွန်စွာသာယာလှပသော ကမ်းခြေများဖြစ်သည်။ ၎င်းတို့အနက် ကဗျာဝကမ်းခြေသည် ရေးမြို့မှ မိုင် ၂၀ ခန့်သာ ကွာဝေးသော အနီးဆုံးကမ်းခြေတစ်ခု ဖြစ်၍ သွားလာရေးလွယ်ကူသည်။ မြို့ပြမွန်းကျပ်မှုများမှ ခဏတာကင်းဝေးပြီး မပျက်စီးသေးသော သဘာဝအလှတရားများနှင့် အေးချမ်းမှုတို့ကို ခံစားနိုင်ရန် **“လှမ်းလာခဲ့လေ ကဗျာဝကမ်းခြေ”** ဟု ဖိတ်ခေါ်လိုပါသည်။ ။

# ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ကမ္ဘာ့ခေါင်းဆောင်များ ပြန်လည်အလေးထားသွားမည်

**ဂျီနီဗာ စက်တင်ဘာ ၂၁**

ကမ္ဘာ့ခေါင်းဆောင်များသည် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးယောက်သို့ လာရောက်နေကြသည်။ ပြီးခဲ့သည့်နှစ်အတွင်းက ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် ကုလသမဂ္ဂ အထွေထွေညီလာခံကို အွန်လိုင်းပေါ်မှသာ ကျင်းပနိုင်ခဲ့သည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ နောက်လိုက်ရာတွင် မျှော်လင့်ချက်မဲ့သွားမည်မဟုတ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောသည်။

၂၀၁၅ ခုနှစ် ကုလသမဂ္ဂ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ကိုယ်စားလှယ်များက ချမှတ်ခဲ့ကြသည်။

ရည်မှန်းချက်များထဲတွင် ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရေးနှင့် ငြိမ်းချမ်းပြီးအလုံးစုံပါဝင်သော လူ့အဖွဲ့အစည်းများကို မြှင့်တင်ရန်တို့ပါဝင်သည်။

သို့သော်လည်း နိုင်ငံပေါင်း ၁၀ နိုင်ငံတွင်သာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ၇၃ ရာခိုင်နှုန်းထိုးရသေးသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ အရာရှိများက ပြောသည်။

လာမည့်နှစ်လယ်ပိုင်းတွင် ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ရေး ကုလသမဂ္ဂထွေထွေအတွင်းရေးမှူးချုပ်က လိုလားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်။

# အီတလီနိုင်ငံတွင် တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုစတင်

**ရောမ စက်တင်ဘာ ၂၁**

အီတလီနိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်မှ စတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံပေးမှုများကို စတင်နေပြီဖြစ်သည်။ တိုင်းပြည်၏ ဆေးအေဂျင်စီက မီးစိမ်းပြပြီးနောက် ယခုလို စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီး ဌာနသည် ယခုလအစောပိုင်းက ဖိုက်ဇာ သို့မဟုတ် မော်ဒါနာ ကာကွယ်ဆေးကို ကိုယ်ခံအားနည်းသည့် လူများကို ထိုးပေးမည်ဟု ကြေညာခဲ့သည်။



အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

သက်ကြီးရွယ်အိုများ၊ စောင့်ရှောက်ရေး ဂေဟာများတွင် နေထိုင်နေရသူများနှင့် ကိုယ်တွင်းအင်္ဂါ လဲလှယ်ထားသူများကို ထိုးပေးသွားမည်ဖြစ်သည်။

အအေးခန်းဖြစ်အမှ ထုတ်လုပ်ထားသည့် လမ်းညွှန်မှုများ အပေါ်အခြေခံကာ ကျန်းမာရေးလုပ်သားများကိုလည်း အပိုဆောင်း၍ ကာကွယ်ဆေးထပ်ထိုးပေးမည်ဖြစ်သည်။

ကပ်ရောဂါ စတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ အီတလီနိုင်ငံတွင် လူပေါင်း ၄ ဒသမ ၆ သန်း ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရသည်။

**ဆင်ဟွာ**

# အိန္ဒိယမှ ကိုဗစ် -၁၉ ကာကွယ်ဆေးများ ပြည်ပသို့တင်ပို့မှု ပြန်လည်စတင်မည်

**နယူးဒေလီ စက်တင်ဘာ ၂၁**

အိန္ဒိယနိုင်ငံသည် ရပ်နားထားခဲ့ရသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးတင်ပို့မှုကို ယခုလနှောင်းပိုင်းတွင် ပြန်လည်စတင်တော့မည်ဟု သိရသည်။ ဧပြီလအတွင်း အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုများ စံချိန်တင်များပြားခဲ့ပြီးနောက် ပြည်ပသို့ ကာကွယ်ဆေးတင်ပို့မှုကို ရပ်နားထားခဲ့ရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ကာကွယ်ဆေးထုတ်လုပ်မှု အကြီးဆုံးဖြစ်ခဲ့ပြီး ပြည်တွင်း၌ ထုတ်လုပ်သည့် အက်စ်ထရာဇနီကာ ကာကွယ်ဆေးကို ပြည်ပနိုင်ငံများသို့ အကြီးအကျယ် တင်ပို့နိုင်ခဲ့သည်။ မေလအစောပိုင်းတွင် အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၄၀၀၀၀၀ ကျော် ရှိသည်။ သို့သော်လည်း မကြာသေးမီအတွင်း နေ့စဉ်ကူးစက်မှုမှာ ၃၀၀၀၀ အထိ ကျဆင်းလာခဲ့သည်။

အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ကိုဗစ်-၁၉ ကာကွယ်ဆေး ပြည်ပသို့တင်ပို့ခြင်းများ ပြုလုပ်သွားမည်ဟု ကျန်းမာရေးဝန်ကြီး မန်ဆုခ်မန်ဒါဗီရာက စက်တင်ဘာ ၂၀ ရက်တွင် ပြောသည်။ လာမည့်လအတွင်း တိုင်းပြည်အတွင်း လစဉ် ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်နိုင်မှုမှာ အလုံးရေသန်း ၃၀၀ အထိ ရှိလာမည်ဟု ၎င်းက ဆက်ပြောသည်။

အိန္ဒိယနိုင်ငံ၏ ပြည်ပသို့ ကာကွယ်ဆေးတင်ပို့မှု ရပ်နားထားခြင်းကြောင့် တစ်ကမ္ဘာလုံးအနှံ့ ကာကွယ်ဆေးထိုးပေးမှုလုပ်ငန်းများတွင် အနှောင့်အယှက် အဟန့်အတားများ ဖြစ်ပေါ်ခဲ့ရသည်။

ပထမနှစ်ဝက်ကာလအတွင်း ကိုဗက်အစီအစဉ်မှ ထောက်ပံ့ပေးသောကာကွယ်ဆေး ၇၀ ရာခိုင်နှုန်းကို အိန္ဒိယတွင် ထုတ်လုပ်သည့် ကာကွယ်ဆေးများဖြင့် ထောက်ပံ့ပေးရန် ရည်ရွယ်ခဲ့သည်။

ကာကွယ်ဆေး ပြည်ပသို့ ပြန်လည်တင်ပို့မည့် ကိစ္စနှင့်ပတ်သက်ပြီး အိန္ဒိယအစိုးရအနေဖြင့် အသေးစိတ်အချက်အလက်များ ထုတ်ပြန်ခဲ့ခြင်း မရှိပေ။

မည်သည့်အချိန်တွင် တင်ပို့မှုပြန်လည်စတင်မည်နှင့် အရေအတွက်ဘယ်လောက်များများကို တင်ပို့မည်ကိုအတိအကျပြောကြားခဲ့ခြင်း မရှိပေ။

**အင်န်အိတ်ချ်ကေ**



ကိုဗစ်-၁၉ ကာကွယ်ဆေးများ။

## ဆီးရီးယားဒုက္ခသည်များအတွက် အပြည်ပြည်ဆိုင်ရာမှ ထောက်ပံ့မှုများ ပေးရန် ဂျော်ဒန်တောင်းဆို

**အမ္မန် စက်တင်ဘာ ၂၁**

ဆီးရီးယားဒုက္ခသည်များအတွက် အကူအညီထောက်ပံ့မှုများ ပေးကြရန် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းထံ စက်တင်ဘာ ၂၀ ရက်တွင် ဂျော်ဒန်နိုင်ငံက တောင်းဆိုခဲ့သည်။

ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း အထောက်အပံ့များမှာ သိသိသာသာ လျော့ကျလာခဲ့သည်။ စီမံကိန်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး နက်ဆာရှရိတ်ဒါက မြို့တော်အမ္မန်တွင် ဘယ်လ်ဂျီယံ ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မီရာမီကစ်တီရာနှင့် တွေ့ဆုံစဉ် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲအတွင်း နှစ်နိုင်ငံစီးပွားရေး ဆက်သွယ်မှုများ မြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်ဟု ဂျော်ဒန်နိုင်ငံ စီမံကိန်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဆီးရီးယားဒုက္ခသည်များကို အကူအညီပေးရန်နှင့် လက်ခံထားသည့် အဖွဲ့အစည်းများကို အကူအညီပေးရန်တို့အတွက် အပြည်ပြည်ဆိုင်ရာမှ ထောက်ပံ့ပေးရန် တောင်းဆိုခဲ့သည်။

ဘယ်လ်ဂျီယံဝန်ကြီးကလည်း ဂျော်ဒန်နိုင်ငံကို ကူညီထောက်ပံ့ပေးရန် အဆင်သင့်ဖြစ်ကြောင်း ဂျော်ဒန်နိုင်ငံ၏ ဆီးရီးယားဒုက္ခသည်များကို လက်ခံထားမှုနှင့် အခြေခံဝန်ဆောင်မှုများ ပေးထားသည့်အတွက်လည်း ချီးကျူးကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ် ကူးစက်ခံရသူ ၂၇၆၈၈ ဦး ထပ်မံတွေ့ရှိ

**အင်ကာရာ စက်တင်ဘာ ၂၁**

တူရကီနိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၇၆၈၈ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၆၈၇၄၉၄၇ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာလည်း ၂၃၁ ဦး ထပ်တိုးလာသည့်အတွက် ၆၁၈၀၅ ဦး ရှိလာခဲ့သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၂၇၉၄၉ ဦး ရှိသည်။

တူရကီနိုင်ငံတွင် လူပေါင်း ၅၂ ဒသမ ၈၂ သန်း ကျော်ကို အနည်းဆုံး တစ်ကြိမ်ကာကွယ်ဆေးထိုးပေးခဲ့ပြီး နှစ်ကြိမ်ကာကွယ်ဆေး ထိုးပြီးသူ ၄၂ ဒသမ ၂၈ သန်း ရှိသည်။

**ဆင်ဟွာ**

# ကမ္ဘောဒီးယားနိုင်ငံ လူဦးရေ၏ ၅ ဒသမ ၂၄ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပေး

**ဖနောင်ပင် စက်တင်ဘာ ၂၁**

ကမ္ဘောဒီးယားနိုင်ငံ၌ စက်တင်ဘာ ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၂၈ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၅၃၄၄ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၇ ဦး ရှိလာပြီးနောက် စုစုပေါင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၁၄၀ အထိ ရှိလာကာ ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၉၈၁၈၆ ဦး ရှိလာပြီဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က အရွယ်ရောက်ပြီးသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးပြီး ဆယ်ကျော်သက်အရွယ် အသက် ၁၂ နှစ်မှ ၁၇ နှစ်ရှိသူများကို ဩဂုတ် ၁ ရက်မှစကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

စက်တင်ဘာ ၂၀ ရက်အထိ လူဦးရေ ၁၆ သန်း၏ ၇၆ ဒသမ ၇ ရာခိုင်နှုန်း သို့မဟုတ် ၁၂ ဒသမ ၂၇ သန်းအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲ အော်ဗန်ဒင်းက ပြောသည်။

လူဦးရေ၏ ၁၀ ဒသမ ၄၁ သန်း သို့မဟုတ် ၆၅ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးခဲ့ပြီး ၈၃၈၇၄၄ ဦး သို့မဟုတ် ၅ ဒသမ ၂၄ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်း ထိုးနှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ထိုင်းနှစ်သစ်ကူးကာလ၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ကာကွယ်ရန် အသက်ကြီးသူတစ်ဦး ရိုးရာနည်းဖြင့် လက်ဆေးပေးနေသည်ကို တွေ့ရစဉ်။



ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် အမျိုးသမီးငယ်တစ်ဦး ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူနေစဉ်။

# ထိုင်းနိုင်ငံမြို့တော် ဘန်ကောက်နှင့် အိမ်နီးချင်း ငါးပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်

**ဘန်ကောက် စက်တင်ဘာ ၂၁**

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၉၁၉ ဦးရှိလာပြီး ၁၄၃ ဦး ထပ်မံသေဆုံးကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာ (စီစီအက်စ်အေ) ၏ ဖော်ပြချက်အရ သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၄၁၈၄ ဦးမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် ထိုင်းနိုင်ငံ ဘန်ကောက်နှင့် အိမ်နီးချင်းငါးပြည်နယ်မှ ဖြစ်သည်။

မြို့နေဒေသခံ ၇၀ ရာခိုင်နှုန်းခန့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးနောက်ပိုင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံထားသော နိုင်ငံခြားသားခရီးသွားများအား နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။

လွန်ခဲ့သောနှစ်စပိုင်း ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁ ဒသမ ၅ သန်းရှိပြီး သေဆုံးသူပေါင်းမှာလည်း ၁၅၆၁၂ ဦးအထိ တိုးလာသည်။

စက်တင်ဘာ ၂၀ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၁၁၆၉၄ ဦးရှိပြီး ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသည့်ပမာဏထက် အနည်းငယ်ပိုများသည်။ ကိုဗစ်-၁၉ အခြေအနေဆိုးအောက်တွင် ကျရောက်နေသူပေါင်း ၃၅၄၈ ဦးရှိသည်။

စက်တင်ဘာ ၂၁ ရက်အထိ စုစုပေါင်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၄၅ ဒသမ ၂ သန်းကျော် ရှိလာခဲ့သည်။ ထိုင်းနိုင်ငံလူဦးရေ၏ ၂၁ ဒသမ ၄ ရာခိုင်နှုန်းခန့်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးပြီဖြစ်သည်။

ယခုနှစ်ကုန်တွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံထိုးပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၁၁၂၁၇၅ ဦးအထိရှိလာ

**ကွာလာလမ်ပူ စက်တင်ဘာ ၂၁**

မလေးရှားနိုင်ငံတွင် စက်တင်ဘာ ၂၀ ရက် သန်းခေါင်အချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၃၄၅ ဦး တိုးလာကြောင်း အတည်ပြုဖော်ပြပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၁၁၂၁၇၅ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ၄၃ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၁၄၃၀၂ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ဖော်ပြထားသည်။

နောက်ထပ် ၃၀၁ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော မလေးရှားနိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၃၇၄၄ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီး ဆေးရုံမှ ဆင်းလာသူ ၁၆၈၁၄ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၁၈၈၀၇၃၃ ဦး ရှိလာပြီဖြစ်သည်။

လတ်တလော ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားလျက်ရှိသူ ၂၀၇၆၉၈ ဦးအနက် ၁၁၅၄ ဦးမှာ အထူးကြပ်မတ် ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၆၃၃ ဦးမှာ အသက်ရှူ အထောက်အကူလိုအပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အနီး ဘာတူကေ့ဗ်ဒေသတွင် ဒေသခံတစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှု ခံယူနေစဉ်။

# ဗီယက်နမ်နိုင်ငံ၌ လူဦးရေ ၃၅ သန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်

**ဟနွိုင်း စက်တင်ဘာ ၂၁**

ဗီယက်နမ်နိုင်ငံ၌ စက်တင်ဘာ ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၆၉၂ ဦးရှိလာကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ငါးဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၁၆၈၇ ဦး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၀၇၄၃၆ ဦးအထိရောက်ရှိလာပြီး ၁၇၅၄၅ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းစီးတီးမှ ၆၅၂၁ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၃၆၀၉ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၅၉၀ တို့ ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၄၇၅၃၄၃ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၃၅ သန်း ကျော်လွန်လာပြီဖြစ်သည်။

စက်တင်ဘာ ၂၁ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၀၂၉၇၂ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

**ဆင်ဟွာ**

# စက်တင်ဘာ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၆၈၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၇၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၂၀၂ ဦးရှိ

**(၂၁-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့်–

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်– ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်– ၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၀-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၅၈၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်– ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၆၈၇)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၄၈,၂၄၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်– ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၄၉,၈၄၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၁၅၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၀၂,၃၂၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်– ၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၃)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၇,၂၀၂)ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၁-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၀၆)ခု | (၃၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၉)ခု | (၁၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၈)ခု | (၃၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၃)ခု | (၆၇)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင်၁၀၀) | (၂၈)ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၉၈)ခု | (၁၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၃၃)ခု | (၁၂၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇,၂၅၃)ခု | (၁,၄၀၉)ဦး |
| **စုစုပေါင်း** | (၂၀,၅၈၈)ခု | (၁,၆၈၇)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၂၁- ၉ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၁၁၆၄၃၉ | ၃၂၆၇၅၉၈၂ | ၆၉၄၆၁၉ |
| ၂။ | အိန္ဒိယ | ၃၃၅၀၄၅၃၄ | ၃၂၇၄၉၅၇၄ | ၄၄၅၄၁၆ |
| ၃။ | ဘရာဇီး | ၂၁၂၄၇၆၆၇ | ၂၀၂၈၀၂၉၄ | ၅၉၁၀၃၄ |
| ၄။ | ဗြိတိန် | ၇၄၆၅၄၄၈ | ၆၀၁၀၈၇၉ | ၁၃၅၂၅၂ |
| ၅။ | ရုရှား | ၇၃၁၃၈၅၁ | ၆၅၂၆၁၁၁ | ၁၉၉၈၀၈ |
| ၆။ | ပြင်သစ် | ၆၉၅၆၈၄၈ | ၆၆၄၉၆၅၈ | ၁၁၆၀၅၀ |
| ၇။ | တူရကီ | ၆၈၇၄၉၄၇ | ၆၃၆၅၀၁၉ | ၆၁၈၀၅ |
| ၈။ | အီရန် | ၅၄၅၉၇၉၆ | ၄၈၁၉၂၂၃ | ၁၁၇၉၀၅ |
| ၉။ | အာဂျင်တီးနား | ၅၂၄၁၃၉၄ | ၅၀၉၉၁၅၇ | ၁၁၄၅၁၈ |
| ၁၀။ | ကိုလံဘီယာ | ၄၉၄၂၂၄၉ | ၄၇၈၁၆၅၄ | ၁၂၅၉၂၄ |


## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၁– ၉ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၉၅၉၅၈ | ၄၀၀၂၇၀၆ | ၁၄၀၈၀၅ |
| ဖိလစ်ပိုင် | ၂၄၀၁၉၁၆ | ၂၁၉၃၇၀၀ | ၃၇၀၇၄ |
| မလေးရှား | ၂၁၁၂၁၇၅ | ၁၈၈၀၇၃၃ | ၂၃၇၄၄ |
| ထိုင်း | ၁၅၀၀၁၀၅ | ၁၃၅၂၈၃၈ | ၁၅၆၁၂ |
| ဗီယက်နမ် | ၆၉၅၇၄၄ | ၄၆၄၃၂၆ | ၁၇၃၀၅ |
| မြန်မာ | ၄၄၉၈၄၅ | ၄၀၂၃၂၀ | ၁၇၂၀၂ |
| ကမ္ဘောဒီးယား | ၁၀၅၃၄၄ | ၉၈၁၈၆ | ၂၁၄၀ |
| စင်ကာပူ | ၇၈၇၂၁ | ၇၁၀၈၇ | ၆၂ |
| လာအို | ၁၉၃၉၉ | ၁၅၁၃၃ | ၁၆ |
| ဘရူနိုင်း | ၅၃၈၅ | ၃၆၇၇ | ၂၉ |

# ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့ရှိ ကမ္ဘာ့ရတနာဘဏ်ခွဲ နှစ်ခုတို့ကို လုယက်မှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးရမိ

## လုယက်မှုမှရရှိသည့် ငွေများဖြင့် ယာဉ်များဝယ်ယူခြင်း၊ တိုက်ခန်းငှားရမ်းခြင်း၊ လက်နက်ခဲယမ်းများ ဝယ်ယူခြင်း၊ ရန်ကုန်မြို့အတွင်း ဆန္ဒပြသူများအား ငွေကြေးထောက်ပံ့ခြင်းများ ပြုလုပ်ကြောင်း စစ်ဆေးပေါ်ပေါက်




နေပြည်တော် စက်တင်ဘာ ၂၁

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် နံနက် ၁၀ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ (၅/၇) ဖြုဟ္မစိုရ်လမ်းရှိ ကမ္ဘာ့ရတနာဘဏ်ခွဲအား EE-4402 CALDINA အဖြူရောင်အငှားယာဉ်ဖြင့် အမျိုးသား လေးဦးက သေနတ် သုံးချက် ပစ်ဖောက်၍ ငွေကျပ် ၁၈၅ သိန်းအား လည်းကောင်း၊ ဩဂုတ်လ ၃၀ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မရမ်းကုန်းမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ သမိုင်းမြို့ဟောင်း (၈) လမ်းရှိ ဘုရင့်နောင် ကမ္ဘာ့ရတနာဘဏ်ခွဲ (၂) သို့ YGN 1J/9428 နံပါတ်တပ်ဆင်ထားသည့် Crown အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် ပစ္စတိုသေနတ်ကိုယ်စီ ကိုင်ဆောင်ထားသော အမျိုးသား လေးဦး ရောက်ရှိလာပြီး ငွေကျပ် ၁၁၇၉ သိန်းခန့်အား လည်းကောင်း လုယက် ယူဆောင်သွားသည့် ဖြစ်စဉ်များဖြစ်ပွားခဲ့သည်။

### ဆက်စပ်ပစ္စည်းသိမ်းဆည်း

ထိုသို့ ဘဏ်လုယက်မှု ကျူးလွန်ခဲ့သူ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးအဖွဲ့က အပူတပြင်းလိုက်လံစုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့ရာ တောင်ဥက္ကလာပမြို့နယ်ရှိ ကမ္ဘာ့ရတနာဘဏ်ခွဲအား လုယက်မှုကျူးလွန်ခဲ့သူများ အသုံးပြုခဲ့သော EE/4402 CALDINA အဖြူရောင် အငှားယာဉ်မောင်းဖြစ်သူ လင်းလင်းထိုက် (ခ) နဂါးအား ထိန်းသိမ်းစစ်ဆေးခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ တိုက်အမှတ်(၁၆)၊ (၅)လွှာ (ယာ) ခန်းနှင့် တာမွေမြို့နယ်၊ မလ္လကုန်းရပ်ကွက်၊ ဗညားဒလလမ်း နေအိမ်တိုက်ခန်းများသို့ ဝင်ရောက်ရှာဖွေခဲ့ရာ တရားခံများအား တွေ့ရှိရခြင်းမရှိဘဲ ၎င်းတို့အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းအချို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ဘုရင့်နောင် ကမ္ဘာ့ရတနာဘဏ်ခွဲ (၂) အား လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် YGN 1J/9428 နံပါတ်တပ်ဆင်ထားသော Crown အမျိုးအစား အဖြူရောင် ယာဉ်ပိုင်ရှင်ဖြစ်သူ ဦးသောင်းထိုက် အား ထပ်မံထိန်းသိမ်းစစ်ဆေးခဲ့ရာ ၎င်း၏ ထွက်ဆိုချက်အရ စက်တင်ဘာလ ၁၈ ရက် ည ၇ နာရီ ခန့်တွင် စိုးသူအောင် (ခ) စိုးကြီးအား ထပ်မံထိန်းသိမ်းစစ်ဆေးခဲ့သည်။ စိုးသူအောင် (ခ) စိုးကြီး၏ ထွက်ဆိုချက်အရ သူရအောင် (ခ) သူရ (ခ) မိုးအောင် နေထိုင်သည့် အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၁၁၈) ဒုတိယထပ်၊ အခန်း (B) သို့ သွားရောက်၍ ရှာဖွေရာ ၎င်း၏မိဘများဖြစ်သည့် ဦးနိုင်ဝင်းနှင့် ဒေါ်ကလျာစုလှိုင်သန့် တို့အား ၎င်းအပ်နှံထားသည့် ငွေကျပ် ၆၂ သိန်း၊ လုယက်မှုကျူးလွန်စဉ်တွင် အသုံးပြုခဲ့သည့် YGN 9I/1163 Crown ယာဉ်တို့နှင့် လည်းကောင်း၊ သူရအောင် (ခ) သူရ (ခ) မိုးအောင် (၂၄) နှစ် အား ဩဂုတ်လ ၁၉ ရက် နံနက် ၈ နာရီ ၁၀ မိနစ်ခန့်တွင် အင်းစိန်ဆေးရုံဝင်ပေါက်ရှေ့၊ မင်းကြီးလမ်းပေါ်တွင် လုယက်မှု ကျူးလွန်ရာမှ ရရှိသည့်ငွေများဖြင့် ဝယ်ယူထားသော YGN 1F/4191 KIA အမျိုးအစား အပြာရောင် ဆလွန်းယာဉ်နှင့်အတူလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

သူရအောင် (ခ) သူရ (ခ) မိုးအောင်၏ ထွက်ဆိုချက်အရ ကမ္ဘာ့ရတနာဘဏ်များကို လုယက်မှု ကျူးလွန်ရာတွင် ၎င်းနှင့် မင်းညို (ခ) ကျော်ဇင်လင်း (ခ) အောင်ဆက်နိုင်တို့က ဦးဆောင်ခဲ့ပြီး ပက်ထရစ် (ခ) ဝင်းထိုက်ကိုကို၊ ဟိန်းဇေ(ခ)မင်းဟိန်းသူ(ခ) ရာမန်း၊ မြတ်မင်း (ခ) ဖြိုးဟိန်းကျော် (ခ) ဟန်မီဒွတ်လာ၊ မဝင်းထက်မာ (ခ) ရှီမား (ခ) သင်းယုမေနှင့် ဇော်မင်းနိုင် တို့ပါဝင်ခဲ့ကြောင်း စစ်ဆေးသိရှိခဲ့ရသည်။

### လက်နက်များနှင့် ဖမ်းဆီးရမိ

ပါဝင်ပတ်သက်ခဲ့သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၁၉ ရက် နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ (၁၅၂) လမ်း၊ တိုက်(၄၀)၊ မြေညီထပ်(ဝဲ)အခန်း၌ မဝင်းထက်မာ(ခ) ရှီမား (ခ) သင်းယုမေ (၂၂) နှစ် နှင့် ဟိန်းဇေ (ခ) မင်းဟိန်းသူ (ခ) ရာမန်း (၁၉) နှစ် တို့အားလည်းကောင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၁၃၄၈)၊ မြေညီထပ်(ယာ) အခန်း၌ မင်းညို (ခ) ကျော်ဇင်လင်း(ခ) အောင်ဆက်နိုင် (၂၅)နှစ်၊ အခန်းပိုင်ရှင်ဖြစ်သူ အောင်အောင် (၄၃) နှစ်နှင့် အတူနေထိုင်သူ ပြည့်ဖြိုးကျော် (၂၅) နှစ် တို့အား ပစ္စတိုသေနတ် နှစ်လက်၊ USA 380 ကျည်အတောင့် ၅၀၊ 9MM Luger ကျည်အတောင့် ၅၀၊ ပစ္စတိုကျည်အိမ်အပို တစ်ခု၊ ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ်အတု တစ်လက်၊ အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ YGN 9D/6787 နံပါတ်တပ်ဆင်ထားသော TOYOTA CROWN ယာဉ် တစ်စီး၊ ငွေကျပ် ၅၀,၅၅၀,၀၀၀ တို့နှင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

### လက်နက်ကိုင် တိုက်ခိုက်ရေး


ထို့နောက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်ခန့်တွင် ပက်ထရစ်(ခ) ဝင်းထိုက်ကိုကို (၂၀) နှစ်အား တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ (၁၅၂) လမ်း၊ တိုက် (၄၀) ရှိ မဝင်းထက်မာ (ခ) ရှီမား (ခ) သင်းယုမေ ထံသို့ လာရောက်စဉ်၌လည်းကောင်း၊ ညနေ ၅ နာရီ ၄၅ မိနစ်အချိန်တွင် မြတ်မင်း (ခ) ဖြိုးဟိန်းကျော် (ခ) ဟန်မီဒွတ်လာ (၂၀) နှစ်အား ၎င်းနေထိုင်ရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ လမ်း (၁၃၀)၊ တိုက်အမှတ်(၅၀)၊ ၇ လွှာ (ဝဲ) ခြမ်းတွင် လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများကို စစ်ဆေးချက်များအရ ၎င်းတို့သည် ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခဲ့ပြီး မတ်လအတွင်း၌ သူရအောင် (ခ) သူရ (ခ) မိုးအောင်၊ မင်းညို (ခ) ကျော်ဇင်လင်း (ခ) အောင်ဆက်နိုင်၊ ဝင်းထက်မာ (ခ) ရှီမား (ခ) သင်းယုမေ၊ ပက်ထရစ် (ခ) ဝင်းထိုက်ကိုကို၊ ဟိန်းဇေ (ခ) မင်းဟိန်းသူ (ခ) ရာမန်း တို့သည် KIA တပ်မဟာ ၄ မိုင်ဂျာယန်တွင် အကြမ်းဖက်သင်တန်းအား တက်ရောက်ခဲ့ကြောင်း၊ မေလအတွင်း ရန်ကုန်မြို့သို့ ပြန်ရောက်ပြီး မင်းညို (ခ) ကျော်ဇင်လင်း၊ သူရအောင် (ခ) သူရ၊ ပက်ထရစ် (ခ) ဝင်းထိုက်ကိုကိုတို့နှင့်အတူ UGP (Urban Gurella Post) မြို့ပြပျောက်ကျားသတင်းစဉ် ခေါင်းစဉ်ဖြင့် လှုပ်ရှားခဲ့ကြကြောင်း၊ ထို့နောက် P.R.A (People Republican Army) အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး သူရအောင် (ခ) သူရက ရန်ပုံငွေရှာဖွေရေး တာဝန်ကိုလည်းကောင်း၊ မင်းညို (ခ) ကျော်ဇင်လင်းက လက်နက်ခဲယမ်းများ ဝယ်ယူရေး တာဝန်ကိုလည်းကောင်း၊ ဝင်းထက်မာ (ခ) ရှီမား (ခ) သင်းယုမေသည် စာရင်းဇယားကိုင်တွယ် ထိန်းသိမ်းခြင်း တာဝန်ကိုလည်းကောင်း အသီးသီး ရယူခဲ့ကြောင်း၊ အဖွဲ့၏ရည်ရွယ်ချက်မှာ ငွေကြေးများ လုယက်ပြီး လက်နက်ကိုင် တိုက်ခိုက်ရေးဘက်သို့ ဦးတည်နိုင်ရန်ဖြစ်ကြောင်း၊ ဝင်းထက်မာ (ခ) ရှီမား (ခ) သင်းယုမေသည် အကြမ်းဖက်အုပ်စုအဖြစ် ကြေငြာထားသည့် NUG မှ အိသဉ္ဇာမောင်၏ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ပန်းဘဲတန်းမြို့နယ် လူငယ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ၂၀၂၁ ခုနှစ်၊ မတ်လအထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အိသဉ္ဇာမောင်နှင့်အတူ လှိုင်မြို့နယ်အတွင်း ဆူပူဆန္ဒပြပွဲများတွင် မတ်လ ပထမပတ်အထိ ဆက်တိုက်ပါဝင်ခဲ့ကြောင်း သိရှိရသည်။

ထွက်ဆိုချက်များအရ မင်းညို (ခ) ကျော်ဇင်လင်း (ခ) အောင်ဆက်နိုင်သည် ၂၀၂၁ ခုနှစ်၊ ဇွန်လကုန်ခါနီးတွင် ဆူပူဆန္ဒပြမှုများအတွင်း သိကျွမ်းရင်းနှီးခဲ့သူ ဝင်းကျော်(ခ)ဝင်းမောင်(စိစစ်ဆဲ) ထံမှ SIGSAUGER 9mm ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်အပိုတစ်ခုနှင့် ကျည် ၅၅ တောင့် တို့အား *စာမျက်နှာ ၁၇ သို့*

# စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဗဟိုလမ်းနှင့် ဇလွန်လမ်းဆုံ၌ လှည့်ကင်းဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံး၊ သေနတ်တို့ဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား

လုံခြုံရေးတပ်ဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်မှုဖြစ်စဉ်မှ တရားခံများ




❋ *ကျောဖုံးမှ*

ဝင်ရောက်ရှာဖွေခဲ့ရာ **ကျော်စိုးလင်း (ခ) မိုက်ကယ်၊ ဇော်လင်းထွန်း၊ စည်သူဖြိုး (ခ) ဇင်ကို** တို့ သုံးဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ လှိုင်မြို့နယ်၊ ၄ ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ Super Luck လက်ဖက်ရည်ဆိုင်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဝင်ရောက်ရှာဖွေခဲ့ရာ **သဲမောင်မောင်နှင့် အောင်ပြည့်** တို့အား MG-1 လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး ငါးလုံး၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ကမာရွတ်မြို့နယ် (၅) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ် (၁၅၆)၊ (၆) လွှာသို့ ဝင်ရောက်ရှာဖွေခဲ့ရာ **ဝေယံ (ခ) ဝေယံပိုင်၊ ကျော်ကျော်ခန့်** နှင့် **ရဲရင့်ကို (ခ) ရဲရဲ** တို့ သုံးဦးအား လည်းကောင်း၊ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း၊ (၃)လွှာ၌ **လမင်းထွန်း(ခ)အမွန်း** အား ၉ မမ ပစ္စတို တစ်လက်၊ ၉ မမကျည် ၆၈ တောင့်၊ MG1 လက်ပစ်ဗုံး တစ်လုံး၊ ဖုန်းမျိုးစုံ သုံးလုံးတို့နှင့် အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်း**

တရားခံ **လမင်းထွန်း** ၏ ထွက်ဆိုချက်အရ တောင်ဥက္ကလာပမြို့နယ် City Mart အနီးတွင် ဆက်စပ်တရားခံ **ဘိုဘို (ခ) Y2B** အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းနေထိုင်ရာ စမ်းချောင်းမြို့နယ် မြေနီကုန်းခုံးကျော်အနီးရှိ တိုက်အမှတ် (၂၅၄)၊ အခန်း(၇/က)အား ရှာဖွေခဲ့ရာ AK-47 တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၅.၅၆ ကျည်အတောင့် ၆၀၊ MG 1 လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၂၅ လုံး၊ ဒီတိုနေတာ နှစ်ချောင်းနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး ကမာရွတ်မြို့နယ် ခိုင်ရွှေဝါလမ်းထိပ်၌ **စည်သူ (ခ) ဒန်းနစ်** အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **လမင်းထွန်း** ၏ ထွက်ဆိုအချက်အရ ကမာရွတ်မြို့နယ် (၇) ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် ၂၂၊ အခန်း (၃၅) အား ဝင်ရောက်ရှာဖွေ ခဲ့ရာ **အောင်သီဟဟိန်း၊ ချယ်ရီဘိုကြည်နိုင်၊ အာကာကျော်ထူး၊ ဝေယံထွန်းဦး** တို့ လေးဦးအား SIG SAUER ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ Luger ကျည် ၁၉ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိခဲ့သည့် တရားခံ **ဝေယံထွန်းဦး** ၏ ထွက်ဆိုချက်အရ ကမာရွတ်မြို့နယ် (၃) ရပ်ကွက်၊ အမှတ် (၂) ဘောဂလမ်း၊ တိုက်အမှတ်(၂)၊ (၆) လွှာရှိ **အာကာကျော်ထူး** ၏ နေအိမ်အား ရှာဖွေခဲ့ရာ MK 12 သေနတ် တစ်လက်၊ ၁၂ ဗို့ ကျည် ငါးတောင့်၊ ၉ မမ ကျည် ငါးတောင့်၊ ဇ၁ လက်ပစ်ဗုံး တစ်လုံး၊ ကျည်အိမ် အသေး တစ်ခုနှင့် အကြီး တစ်ခုတို့အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

တရားခံ **လမင်းထွန်း** ၏ ထွက်ဆိုချက်အရ စက်တင်ဘာလ ၁၆ ရက်တွင် ကမာရွတ်မြို့နယ် (၃) ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ် (၁၁၇) အား ရှာဖွေခဲ့ရာ ပထမထပ်၌ **မျိုးဝဏ္ဏမင်း၊ အေးမြတ်သွယ်နှင့် ရဲမြင့်အောင်** တို့ သုံးဦးအား FGC9 MK2 သေနတ် တစ်လက်၊ ၉ မမကျည် ငါးတောင့်၊ ဒရုန်း တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် **တရားခံများ ဖမ်းဆီးရမိမှုအနေဖြင့် ကျား ၁၆ ဦး၊ မ နှစ်ဦး၊ ပေါင်း ၁၈ ဦး** ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ လက်နက်ခဲယမ်းများအနေဖြင့် **လက်နက်ငယ်မျိုးစုံ ငါးလက်၊ ကျည်မျိုးစုံ ၁၆၆ တောင့် ၊ လက်ပစ်ဗုံးမျိုးစုံ လေးလုံး၊ ကျည်အိမ်မျိုးစုံ ငါးခု၊ လက်လုပ်ဗုံး ၃၀ လုံး၊ ဒရုန်း တစ်ခု** နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

**အကြမ်းဖက် သင်တန်းတက်**

ဖမ်းဆီးရမိ တရားခံများ အနက် **လမင်းထွန်း၊ ရဲရင့်ကို၊ ဝေယံပိုင်၊ စည်သူဖြိုး၊ ဇော်လင်းထွန်း၊ ကျော်စိုးလင်း၊ ကျော်စွာသိန်း၊ ရဲသူ၊ ငြိမ်းချမ်းနှင့် ကိုဇင်** တို့ ၁၀ ဦးသည် KNLA တပ်မဟာ (၆) နယ်မြေတွင် အကြမ်းဖက် ဖောက်ခွဲရေး သင်တန်းတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

တရားခံများ အနက်မှ **ဇော်လင်းထွန်း၊ ဝေယံပိုင်၊ ရဲရင့်ကို၊ ကျော်စိုးလင်း၊ စည်သူဖြိုးနှင့် ကျော်ကျော်ခန့်** တို့သည် **Generation Freedom Army (GFA)** အား ဖွဲ့စည်း၍ မေလ ၉ ရက်တွင် စည်သူဖြိုးနှင့် ကျော်စိုးလင်းသည် စမ်းချောင်းမြို့နယ် ဗဟိုလမ်း၊ ရထားသံလမ်းအနီးရှိ ရစဖရုံးအား လည်းကောင်း၊ မေလ ၁၅ ရက်တွင် စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်း (တောင်) ရပ်ကွက်၊ ကျွန်းတောလမ်းရှိ ရစဖရုံးအား လည်းကောင်း၊ ဇူလိုင်လ ၉ ရက်တွင် သီရိမင်္ဂလာဈေးထိပ်ရှိ ပညာရေးမှူးရုံးအား လည်းကောင်း၊ ဩဂုတ်လတွင် စမ်းချောင်းမြို့နယ် ဗဟိုလမ်း ကောင်းသာ ဘီယာဆိုင်ရှေ့တွင် ထီရောင်းသည့် ဟိုက်ဂျက်ကားအားလည်းကောင်း၊ စက်တင်ဘာလ ၄ ရက်တွင် ကမာရွတ်မြို့နယ် စည်ပင် ရဲလိုင်းခန်းအားလည်းကောင်း၊ စက်တင်ဘာလ ၆ ရက်တွင် စမ်းချောင်းမြို့နယ် မြေနီကုန်း၊ Sprit စတိုးဆိုင်အနီး CCTV Control ပုံးအားလည်းကောင်း လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဖောက်ခွဲမှုများ ပြုလုပ်**

အလားတူ ဆက်စပ်တရားခံများမှ ဝေယံထွန်းဦးသည် ဇွန်လ ၈ ရက်တွင် NLD ပါတီမှ ၂၀၁၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဖြိုးဇေယျာသော် (ဖမ်းဆီးရန်ကျန်) နှင့် အိုင်ဖုး(ခ)Holly (ဖမ်းဆီးရန်ကျန်) တို့၏ စေခိုင်းမှုအရ ကမာရွတ်မြို့နယ် မာလာမှတ်တိုင်အနီး၌ လည်းကောင်း၊ ဇူလိုင်လ ၁ ရက်တွင် မြေနီကုန်း ခုံးကျော်တံတားအောက်ရှိ ယာဉ်ထိန်းရဲအဆောက်အအုံအားလည်းကောင်း၊ ဘိုဘို၊ လမင်းထွန်းနှင့် ကိုဖြိုး (ဖမ်းဆီးရန်ကျန်) တို့သည် ဩဂုတ်လ ၂၇ ရက်တွင် ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ Delta Plaza ရှေ့ ဗာဒံပင်မှတ်တိုင်အနီး၌ လည်းကောင်း၊ ဒဂုံမြို့နယ် ပြည်လမ်းအနောက်ရပ်ကွက်၊ ဟယ်လ်ပင်မှတ်တိုင်အနီး၌လည်းကောင်း၊ ဘိုဘို၊ လမင်းထွန်း၊ ကိုဖြိုး (ဖမ်းဆီးရန်ကျန်)၊ ဇင်ယော် (ဖမ်းဆီးရန် ကျန်) တို့သည် ဩဂုတ်လ ၂၉ ရက်တွင် မင်္ဂလာဒုံမြို့နယ် အတွင်းရှိ ပျဉ်းမပင်ကျေးရွာအုပ်စု မြသီတာရပ်ကွက်၊ မြသိန်းတန်ဘုန်းကြီးကျောင်းရှိ Mytel တာဝါတိုင်အား လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ၊ ကာယ ၁၀ လမ်းရှိ Mytel တာဝါတိုင်တို့အား လက်လုပ်ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပြီး မီးရှို့ဖျက်ဆီးမှု အနေဖြင့် ဩဂုတ်လ ၄ ရက်တွင် GFA အဖွဲ့မှ စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်း (တောင်) ရပ်ကွက်၊ ရစဖရုံးအား မီးရှို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

*စာမျက်နှာ ၁၉ သို့*

---

*စာမျက်နှာ ၁၆ မှ*

ငွေကျပ် ၃၈ သိန်းဖြင့် လည်းကောင်း၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် SUR-2004-9mm-PAK ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အတောင့် ၅၀ တို့အား ငွေကျပ်သိန်း ၃၀ ဖြင့်လည်းကောင်း ဝယ်ယူခဲ့ပြီး လုယက်မှုများကျူးလွန်ရာတွင် အသုံးပြုခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

**စစ်ဆေးပေါ်ပေါက်**

လုယက်မှု ကျူးလွန်သူများသည် ဘဏ်များအား လုယက်ရာမှ ရရှိခဲ့သည့်ငွေများအား ၎င်းတို့ လှုပ်ရှားသွားလာရာတွင် အသုံးပြုသည့် ယာဉ်များဝယ်ယူခြင်းနှင့် ငှားရမ်းခြင်း၊ တိုက်ခန်းငှားရမ်းခြင်း၊ လက်နက်ခဲယမ်းများ ဝယ်ယူခြင်း၊ ရန်ကုန်မြို့အတွင်းရှိ ဆန္ဒပြသူများအား ငွေကြေးထောက်ပံ့ခြင်း၊ ၎င်းတို့၏ကိုယ်ရေးကိုယ်တာနှင့် အပျော်အပါးများအတွက် အသုံးပြုခြင်းတို့တွင် သုံးစွဲခဲ့ကြောင်းစစ်ဆေးပေါ်ပေါက်ခဲ့သည်။

**ထွက်ပြေးတိမ်းရှောင်နေသူ အမြန်ဆုံး ဖမ်းမိရေး**

အထက်ပါ လုယက်မှုဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်ခဲ့သူများနှင့် လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ငွေများအား လက်ခံသိမ်းဆည်း ထားပေးသူများဖြစ်သည့် နိုင်ဝင်းနှင့် ကလျာစုလှိုင်သန့်တို့ နှစ်ဦးအား လည်းကောင်း၊ လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများနှင့်အတူ တိုက်ခန်းအတွင်း လက်ခံထားရှိသူ အောင်အောင်နှင့် ပြည့်ဖြိုးကျော်တို့ နှစ်ဦးအား လည်းကောင်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် လုယက်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ပြီး ထွက်ပြေး တိမ်းရှောင်နေသူ ဇော်မင်းနိုင်အား အမြန်ဆုံး ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့ ရေဝတီဘဏ်မှ ငွေများသယ်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီးအားဓားပြတိုက် ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများ၏ ဝန်ခံထွက်ဆိုချက်

နေပြည်တော် စက်တင်ဘာ ၂၁

**ပဲခူးမြို့ရှိ ရေဝတီဘဏ်ခွဲမှ ရန်ကုန်မြို့သို့ ဘဏ်ငွေများသယ်ဆောင်လာသော မော်တော်ယာဉ် နှစ်စီးအား PDF အကြမ်းဖက်အဖွဲ့ဝင်များက ရဲတပ်ဖွဲ့ဝင်များအဖြစ် အယောင်ဆောင်၍ စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်- မန္တလေးကားလမ်းဟောင်း၊ မိုင်တိုင်အမှတ်၊ ၂၅/၅ နေရာ၌ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။**

PDF အကြမ်းဖက်အဖွဲ့ အနေဖြင့် အများပြည်သူအား ပစ်ခတ်သတ်ဖြတ်နိုင်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေရေး စသည့် ရည်ရွယ်ချက်များဖြင့် လက်နက်ခဲယမ်းများ ဝယ်ယူရန်အတွက် ပြည်သူလူထု၏ ငွေများကို ယခုကဲ့သို့ ဓားပြတိုက်ရာဇဝတ်မှု ကျူးလွန်ခဲ့သည့်အပေါ် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ စွမ်းစွမ်းတမံ ကြိုးပမ်းဖော်ထုတ်မှုကြောင့် ပြစ်မှုကျူးလွန်ခဲ့သည့် အဓိက တရားခံများအား ၉ နာရီအတွင်း ဖမ်းဆီးရမိခဲ့မှု သတင်းအား စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၎င်းဖြစ်စဉ်အပေါ် အချို့သော မီဒီယာများ၊ Social Media များနှင့် Facebook အပါအဝင် လူမှုကွန်ရက် စာမျက်နှာများ၌ ဖြစ်စဉ်အား လိုရာဆွဲ၍ ရေးသားဖော်ပြခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပုတ်ခတ်ရေးသားခြင်း စသည့်လုပ်ရပ်များဖြင့် လိမ်လည် ထုတ်လွှင့်ခဲ့ကြကြောင်း တွေ့ရှိရပြီး ဖမ်းဆီးရမိ တရားခံများ၏ ဝန်ခံထွက်ဆိုချက်များနှင့် နှိုင်းယှဉ်သုံးသပ်နိုင်စေရေးအတွက် တရားခံများ၏ ဝန်ခံထွက်ဆိုချက်များကို ယခုလို ဖော်ပြလိုက်ရပါသည်-



ဟန်ဝင်းဇော်(ခ)ကုလားကြီး

ကျွန်တော့် နာမည်ကတော့ ဟန်ဝင်းဇော်(ခေါ်) ကုလားကြီး ဖြစ်ပါတယ်။ မှတ်ပုံတင်နံပါတ်က ၁၀/ကထန(နိုင်) ၁၈၄၁၂၃ ဖြစ်ပါတယ်။ မီးရထားဝန်ထမ်း တစ်ယောက်ဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ CDM လုပ်ပြီးတော့ ကယ်ရီမောင်း၊ ကားအော်ဒါလိုက်နေပါတယ်။ နေရပ်လိပ်စာကတော့ ပဲခူးမြို့ မဇင်း ၁ လမ်း၊ မီးရထားဝင်း ဝန်ထမ်းအိမ်ရာမှာ နေထိုင်ပါတယ်။

ကျွန်တော် ပဲခူးမြို့ မီးရထားစက်ခေါင်းရုံ တွဲပြင်ဌာနမှာ လုပ်သားတွဲမှူးနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ တပ်မတော် အာဏာထိန်းပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော် CDM ဝင်ခဲ့ပါတယ်။ CDM ဝင်ပြီးတဲ့ နောက်ပိုင်းမှာ မိသားစု မပြေလည်တဲ့အတွက် အလုပ်အကိုင်အဖြစ် ကယ်ရီမောင်းဖို့အတွက် ညီအစ်ကို တစ်ဝမ်းကွဲတော်သည့် စည်သူဖြိုးထံမှာ သွားရောက်ပြီးတော့ အလုပ်တစ်ခုခုရှိရင် ခေါ်ဖို့အတွက် ပြောဆိုခဲ့ပါတယ်။ စည်သူဖြိုး ကျွန်တော့်ကို မိတ်ဆက်ပေးလို့ အောင်ပြည့်ခန့် (ခေါ်) နိုင်နိုင်နဲ့ ရင်းနှီးခဲ့ပါတယ်။ ၉ လပိုင်း ၁၂ ရက်နေ့ ညနေမှာ ကျွန်တော့်ဆီကို နိုင်နိုင် (ခေါ်) အောင်ပြည့်ခန့် ရောက်ရှိလာပြီးတော့ အလုပ်လုပ်စရာရှိတယ်။ ကားတစ်စီး စီမံဖို့အတွက်ကို လာရောက် ပြောဆိုပါတယ်။ ၉ လပိုင်း ၁၂ ရက်နေ့ ညမှာပဲ ကားရောက်ရှိကြောင်းကို ကျွန်တော်သူ့ကို ဖုန်းဆက်ပြီးတော့ အကြောင်းကြားခဲ့ပါတယ်။ နောက်နေ့ ၁၃ ရက်နေ့ မနက်မှာ ကျွန်တော့်အိမ်ကို မနက် ၇ နာရီလောက်မှာ လာရောက်ပြီး ကားအဆင်ပြေလားလို့ လာမေးလိုက်ရာမှာ ကျွန်တော်က ၁၀ နာရီမှာ ကားရမယ်ဆိုတဲ့ အကြောင်းပြောခဲ့ပါတယ်။ ဒါနဲ့ သူက သူဖုန်းဆက်တဲ့အချိန်ကျရင် သူ့ဆီကို ကားနဲ့လာဖို့အတွက် ကျွန်တော့်ကို ပြောသွားပါတယ်။ ပြီးတော့ ဦးလေး (ခေါ်) ဦးမြင့်သောင်ဆီမှာ ဖုန်းဆက်ပြီး Hijet ဖြူရောင်ကားကို မဇင်း(၁) လမ်းထိပ်မှာ သွားယူခဲ့ပြီးတော့ စရန်ငွေအဖြစ် ၁ သောင်း ပေးခဲ့ပါတယ်။ ကားငှားခကတော့ ၃၀၀၀၀ ကျပ်ဖြစ်ပါတယ်။

၉ လပိုင်း ၁၃ ရက်နေ့ ၁၁ နာရီ ၁၅ မှာ အောင်ပြည့်ခန့်က ကျွန်တော့်ကို ဖုန်းဆက်ပြီး လာလို့ရပြီဆိုတဲ့အကြောင်း၊ မဟာစေတီမှာရှိတဲ့ စည်သူဖြိုးတို့ အိမ်ကို လာလို့ရပြီဆိုတဲ့ အကြောင်း ဖုန်းဆက်ပြီး လှမ်းအကြောင်းကြားလို့ ကျွန်တော်ကားနဲ့ မဟာစေတီတန်းလျား စည်သူဖြိုးတို့ အိမ်ကို ရောက်ရှိခဲ့ပါတယ်။ အိမ်ရှေ့ ရောက်ရောက်ချင်းမှာ အောင်ပြည့်ခန့်က အထုပ်နဲ့၊ လူနဲ့ ကားပေါ်ကို တင်ဆောင်ပြီး ကျွန်တော်နဲ့အတူတူ မြို့ရှောင်လမ်းအတိုင်း၊ သာယာအေးအကျော် ပိုက်ဆံလုမယ့်ဆီကို ကျွန်တော်တို့ ရောက်ရှိခဲ့ပါတယ်။ ကျွန်တော် ကားရောက်ပြီး အချိန်မှာ ရန်လင်းထွေးနဲ့၊ စည်သူဖြိုး ဆိုင်ကယ် တစ်စီးနဲ့ ရောက်ရှိလာပါတယ်။ နောက်ပြီး ရန်နိုင်နဲ့ ကျော်ကြီး ဆိုင်ကယ်တစ်စီးနဲ့ ရောက်ရှိလာပါတယ်။ ကျွန်တော်တို့ ဓားပြတိုက်မယ့်နေရာကို ရောက်ပြီးတဲ့အချိန် ကားပေါ်က ပါလာတဲ့ အထုပ်ကို ဖြည်လိုက်တဲ့အချိန်မှာ သေနတ်နှစ်လက်နဲ့ ယူနီဖောင်းတွေကို တွေ့ပါတယ်။ ရဲယူနီဖောင်းတွေကို ရန်လင်းထွေးရယ်၊ စည်သူဖြိုးရယ်၊ ရန်နိုင်ရယ်က ဝတ်ပါတယ်။ ပြီးတော့ ရန်နိုင်နဲ့ ရန်လင်းထွေးနဲ့က သေနတ်နှစ်လက်ကိုတစ်ယောက်တစ်လက် စီကိုင်ပါတယ်။ ကျွန်တော့်ကိုကျတော့ မော်တော်ပီကယ်ဝတ်စုံဝတ်ခိုင်းလို့ ကျွန်တော် မော်တော်ပီကယ်ဝတ်စုံ ဝတ်ပါတယ်။ အောင်ပြည့်ခန့်က ကျွန်တော့်ကို ကားတားရမည့် ကားနံပါတ်များကို ပြပါတယ်။ ကျွန်တော်က ကားနံပါတ်တွေကို မကြည့်နိုင်ဘူး၊ မကြည့်တတ်ဘူးဆိုတဲ့ အချိန်မှာ အောင်ပြည့်ခန့်က ကားလာတဲ့အချိန် ပြတဲ့အတွက် ကျွန်တော် ကားကို လမ်းဘေးကို ထိုးရပ်ခိုင်းလိုက်ပါတယ်။ ကားတွေလမ်းဘေးကို ထိုးရပ်ခိုင်းပြီးတော့ ကျွန်တော်က လမ်းကြောင်းတွေ မပိတ်ဖို့အတွက်ကို ကားလမ်းကြောင်းတွေ ရှင်းပေးခဲ့ပါတယ်။ အဲဒီအချိန် ရှေ့မှာ စည်သူဖြိုးရယ်၊ ကျော်ကြီးရယ်၊ ရန်လင်းထွေးတို့ရယ်က ကားသမားတွေကို အောက်ဆင်းခိုင်းပြီးတော့ သူတို့ရဲ့ ကတ်တွေ၊ ဖုန်းတွေကို သိမ်းဖို့အတွက် လုပ်ပါတယ်။ နောက်မှာ အောင်ပြည့်ခန့်နဲ့၊ ရန်နိုင်နဲ့က ရှေ့ကားမှာ ရှေ့က လူတွေနဲ့ သွားပြီး စကားပြောဖို့အတွက်ကို နောက်ကားမှာပါတဲ့ ဝန်ထမ်းတွေကို ရှေ့ကားကို လွှတ်လိုက်ပါတယ်။ အဲဒီမှာ ဖုန်းတွေ၊ ကတ်တွေ သိမ်းပြီးတော့ ဝန်ထမ်းတွေအားလုံးကို ကားရဲ့ အနောက်ခန်းထဲကို ထည့်ပြီး တိပ်တွေနဲ့ လက်ပြန်ကြိုးတုပ်၊ ပါးစပ်တွေပိတ်တာတွေ လုပ်ဆောင်နေပါတယ်။ ဝန်ထမ်းတွေကို လက်ပြန်ကြိုးတုပ်ပြီး ကားပေါ်မှာ တင်ထားတဲ့အခါမှာ ကျွန်တော့်ကို ယူနီဖောင်းချွတ်ပြီး ကျွန်တော့်ရဲ့ Hijet ကားကို ရွှေ့ဖို့အတွက်ကို လှမ်းပြောခဲ့ပါတယ်။ ကျွန်တော်က ယူနီဖောင်းချွတ်ပြီး Hijet ကားကို ရှေ့ဘဏ်ကားရဲ့ ဖင်မှာ တော့ပြီး ကျွန်တော်ရပ်ပေးလိုက်ပါတယ်။ အဲဒီမှာ ရန်လင်းထွေးနဲ့ စည်သူဖြိုး၊ ကျော်ကြီး၊ ရန်နိုင်တို့က ကျွန်တော့်ကားပေါ်ကို ပိုက်ဆံအိတ်တွေ တင်ပါတယ်။ တင်ပြီးလို့ ပြီးလည်းပြီးရော ကျွန်တော် နောက်ကားကို ထပ်ရွှေ့ဖို့အတွက် လုပ်ပါတယ်။ အဲဒီအချိန်မှာ ရန်လင်းထွေး၊ စည်သူဖြိုး၊ ကျော်ကြီး၊ ရန်နိုင်၊ အောင်ပြည့်ခန့် သူတို့ ငါးယောက်က ထပ်တင်ပါတယ်။ တင်ပြီးတဲ့အချိန်မှာ ကျွန်တော့်ကို ကားမောင်းဖို့အတွက် အောင်ပြည့်ခန့်က အနောက်ကနေ လှမ်းပြောပါတယ်။ ဘဏ်ကားပေါ်က ပိုက်ဆံတွေ တင်ပြီးတော့ ကျွန်တော် ကားကိုမောင်းတဲ့အချိန်မှာ အောင်ပြည့်ခန့်က ကျွန်တော့် ကားရဲ့ အနောက်မှာ တက်စီးလာပါတယ်။ ကျွန်တော်က ရှေ့ကနေ ကားကို မောင်းပါတယ်။ ကျွန်တော် မောင်းလာတဲ့အချိန်မှာ ကျွန်တော့်ကားကို ရန်လင်းထွေးနဲ့ စည်သူဖြိုးတို့က ကျွန်တော့် ကားကို ကျော်သွားပါတယ်။ ကျွန်တော်က အဲ့ဒီအချိန်မှာ တိုးဂိတ်ကို ကျော်ဖို့အတွက် စက်မှုဇုန်လမ်းထဲကို ဝင်ခဲ့ပါတယ်။

ကားမှာပိုက်ဆံတွေ အကုန်လုံး ပါလာတဲ့အတွက် ကားက နည်းနည်းလေး ဝိတ်ရှိတော့ ကျွန်တော် ဖြည်းဖြည်းချင်း မောင်းဝင်ပြီး မြို့ရှောင်လမ်းကို ရောက်ရှိခဲ့ပါတယ်။ မြို့ရှောင်လမ်းရောက်တော့ ဓမ္မဒူတမဂ္ဂင် ဆရာလေးကျောင်းထဲသို့ ကျွန်တော့်ကို မောင်းဝင်ဖို့အတွက် အောင်ပြည့်ခန့်က အနောက်ကနေ ညွှန်ကြားခဲ့ပါတယ်။ ရန်လင်းထွေးနဲ့ စည်သူဖြိုးတို့က ဆိုင်ကယ်နဲ့ သွားပြီးတော့ ဓမ္မဒူတ မဂ္ဂင် ဆရာလေးကျောင်းကို အရင်ရောက်ရှိနေပါတယ်။ အောင်ပြည့်နဲ့ ကျွန်တော်နဲ့ ပိုက်ဆံတွေတင်ပြီးသွားတဲ့ ကားကတော့ နှစ်နာရီလောက်မှ ဆရာလေးကျောင်းကို ရောက်ရှိပါတယ်။ ဆရာလေးကျောင်းမှာ ပိုက်ဆံအိတ်တွေကို ဆွမ်းစားဆောင်ပေါ်သို့ ဝိုင်းချပြီးတော့ ကားကိုပြန်အပ်ဖို့အတွက် ဆရာလေးကျောင်းမှ ကျွန်တော် ပြန်ထွက်ခဲ့ပါတယ်။ မဇင်း(၁) လမ်းထိပ်မှာ ကျွန်တော် ကား owner ကို ပိုက်ဆံနှစ်သောင်းနဲ့ ကားကို ပြန်ပြီးတော့ အပ်ခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်အိမ်ကို ပြန်ခဲ့ပါတယ်။ လေးနာရီကျော်မှာ ကျွန်တော့်ကို စည်သူဖြိုး ဖုန်းဆက်လို့ စည်သူဖြိုး အိမ်မှာ အောင်ပြည့်ခန့် ဆိုင်ကယ်ကို ယူပြီးတော့ မြို့ရှောင်လမ်းက ဓမ္မဒူတမဂ္ဂင် ဆရာလေးကျောင်းမှာ သူတို့ကို သွားရောက် ကြိုခဲ့ပါတယ်။ ကြိုပြီး စည်သူဖြိုးကို သူ့၏အိမ်သို့ ပြန်ပို့ခဲ့ပြီး ကျွန်တော် ကျွန်တော့်အိမ်သို့ ပြန်ခဲ့ပါတယ်။



မမေသူကျော်

ညီမနာမည်ကတော့ မမေသူကျော်ပါ။ မှတ်ပုံတင်နံပါတ်က ၇/ပခန(နိုင်) ၃၃၃၅၅၁ ဖြစ်ပါတယ်။ အခုလက်ရှိ ရေဝတီဘဏ်လီမိတက် ပဲခူးဘဏ်ခွဲ (၁) မှာ အလုပ်ဆင်းနေပါတယ်။ နေရပ်လိပ်စာကတော့ အိမ်နံပါတ် ၁၂၇ မော်ကန် ၁၂ လမ်း၊ ပုံနယ်စုရပ်ကွက်၊ ပဲခူးမြို့မှာ ကျွန်မနေထိုင်ပါတယ်။ ဒီ ၂၀၂၁ ခုနှစ်၊ ၁ လပိုင်း တပ်မတော်က အာဏာထိန်းတဲ့ အချိန်ထိ ချေးငွေဌာနမှာ ညီမ အလုပ်လုပ်ခဲ့ပါတယ်။ ဒါပေမယ့် အာဏာထိန်းပြီးတဲ့ အချိန်ကနေ စပြီးတော့ ၄ လလောက်ထိကို CDM လုပ်ခဲ့တယ်။ CDM လုပ်ပြီးတော့ ၆ လပိုင်းလောက်မှာ ညီမ အလုပ်ပြန်ဆင်းတယ်။ အလုပ်ပြန်ဆင်းတဲ့အချိန်မှာ ညီမတို့ရုံးက Domestic ဌာန စာရင်းကိုက်တဲ့ဌာနမှာ လက်ရှိအချိန်ထိ လုပ်နေပါတယ်။ ၂၀၁၆ ခုနှစ်မှာ ရေဝတီဘဏ်လီမိတက် ပဲခူးဘဏ်ခွဲ(၂)မှာ အောင်ပြည့်ခန့်နဲ့ ညီမ အလုပ်အတူတူဆင်းပြီးတော့ ၂၀၁၇ မှာ သမီးရည်းစား စဖြစ်ခဲ့တယ်။ ဒီအာဏာထိန်းတဲ့အချိန် ၂၀၂၁ ခုနှစ် ၂ လပိုင်းမှာ သူရော၊ ကျွန်မရော နှစ်ယောက်လုံး CDM လုပ်ခဲ့တယ်။ လုပ်ပြီးတော့အတူတူ ဆန္ဒပြဖြစ်ခဲ့ကြတယ်။

အောင်ပြည့်ခန့်ကတော့ အခုအချိန်အထိ CDM ဆက်လုပ်နေဆဲပဲ။ ၉ ရက်၊ ၉ လ အဲဒီညမှာ ညီမတို့နဲ့ သူနဲ့ Messenger ကနေ ၁၀ ရက်နေ့ကျရင် တွေ့ဖို့အတွက် ပြောပါတယ်။ ရွှေသာလျောင်းဘုရား၊ ဆိတ်သားတုတ်ထိုးဆိုင်မှာ အောင်ပြည့်ခန့်နဲ့ တွေ့ကြတယ်။ တွေ့တော့ အောင်ပြည့်ခန့်ကနေပြီး ညီမကို "နင်ဘာလို့ နောက်ကျနေရတာလဲ" ဆိုတော့ ညီမက "မဟုတ်ဘူး၊ ဒိုက်ဦးက Currency ကလာမှာဆိုတော့ ငါတို့မန်နေဂျာက စောင့်ခိုင်းနေတာ၊ စာရင်းဇယားတွေကလည်း အကုန်ပြီးသွားပြီဆိုတော့ အလုပ်ပြီးတဲ့သူတွေ ပြန်ဆိုတာနဲ့ ချက်ချင်းပြန်လာလိုက်တာ" လို့ အောင်ပြည့်ခန့်ကို အဲဒီလို ပြောလိုက်ပါတယ်။ အဲဒါနဲ့ သူကနေပြီး "ငွေတွေက ဘယ်လောက်တောင် များလို့လဲ"တဲ့ "ငါလည်း သေချာတော့ မသိဘူး၊ ဒိုက်ဦးက ရှစ်ထောင်ဆိုတော့ ငါတို့ဘဏ်နဲ့ ဆိုရင်တော့ 2B၊ 3B လောက်တော့ ရှိမှာပေါ့လို့" အဲဒီလိုမျိုး ပြောလိုက်တယ်။ ဘဏ်ဝန်ထမ်းဆိုတော့ Currency ရဲ့ Flow တွေ ဘာတွေကို နားလည်တယ်။

သူက "အဲဒါဆိုလို့ရှိရင် Currency ကို ရန်ကုန် ကနေပြီးတော့ ဘယ်နေ့လောက် လာယူမှာလဲလို့ မေးတယ်" "ပုံမှန်ဆိုရင် ဒီနေ့လိုမျိုး ငွေလာပို့ပြီး နောက်နေ့ဆိုရင်တော့ ရန်ကုန်က လာတာများတယ်၊ နေ့လယ်လောက် လာကြတာပဲလို့" အဲဒီလိုမျိုး ညီမက ပြန်ဖြေလိုက်တယ်။ ၁၃ ရက်နေ့ ၉ လပိုင်း၊ တနင်္လာနေ့ ရုံးဖွင့်တဲ့နေ့က အောင်ပြည့်ခန့်ကနေပြီး ညီမကို ဖုန်းခေါ်တယ်။ သူက ဒီနေ့ Currency လာဖို့ ရှိတာကျိန်းသေလားဆိုတဲ့ ပုံစံမျိုးနဲ့ ညီမကိုမေးတယ်။ "ပုံမှန်ဆိုလို့ရှိရင် သောကြာနေ့ လာတယ်ဆိုရင် တနင်္လာနေ့တော့ Currency က လာနေတာပဲလေလို့" ညီမက သူ့ကိုပြန်ဖြေလိုက်တယ်။ ပြန်ဖြေပြီးတော့ ညီမကလည်း ရုံးဆက်သွားတယ်ပေါ့နော်။ ရုံးရောက်ပြီးတော့ ညီမလည်း လုပ်စရာရှိတဲ့ မနက်ခင်း အလုပ်တွေကို လုပ်တယ်။

အဲဒီနေ့က တနင်္လာနေ့ဆိုတော့ ငွေများတဲ့အတွက် ငွေခန်းထဲမှာ သွားပြီးတော့ သွားဝိုင်းကူလိုက်တယ်။ သွားဝိုင်းကူတဲ့အချိန် သူကညီမကို ၁၁ ခွဲ ကျော်ကျော်လောက်လား မသိဘူး၊ Signal ကနေပြီးတော့ စာလာပို့တယ် "နင်ဘာလုပ်နေတာလဲ၊ မအားဘူးလားတဲ့" ညီမက "မအားဘူး၊ Currency တွေ ရောက်နေတော့ ငွေခန်းထဲမှာ ငွေဝိုင်းရေပေးနေတာ၊ လူမရှိလို့"ဆိုပြီး ပြန်ပြောလိုက်တယ်။ ၁၃ ရက်နေ့ ၉ လ ၂၀၂၂ ခုနှစ် နေ့လယ် ၂ နာရီထိုးမှာ ညီမလုပ်ရမည့်၊ စာရင်းကိုက်ရမည့် အလုပ်ကို အရှေ့မှာ လုပ်နေတယ်၊ လုပ်နေတဲ့အချိန်မှာ ငွေခန်းထဲကနေပြီး ဘဏ်ခွဲမန်နေဂျာက ဖုန်းဆက်နေတာကိုတော့ ကြားတော့ ကြားလိုက်တယ်။ ဒါပေမယ့် အကြောင်းအရာကိုတော့ သေချာတော့ မသိဘူး။ ငွေသယ်တဲ့ ကားကိစ္စနဲ့ ပတ်သက်ပြီးပြောတဲ့ အသံတော့ ကြားလိုက်တယ်။ နောက်တော့မှသူငယ်ချင်းတွေကိုမေးရင်းမေးရင်းနဲ့မှ ဒီ Currency ငွေသယ်တဲ့ကား ဓားပြတိုက် ခံလိုက်ရတယ်ဆိုတာကို ညီမ အဲဒီအချိန်ကျမှ သိလိုက်ရတယ်။ သိလိုက်ရပြီး ညီမတို့ဘဏ်ကို လုံခြုံရေး တပ်ဖွဲ့ဝင်တွေက အဲဒီ ညနေ ၄ နာရီလောက် လာရောက်စစ်ဆေးတယ်။ စစ်ဆေးပြီးတော့ ၇ နာရီခွဲ ၈ နာရီလောက်မှာ ပြန်ခိုင်းလိုက်တယ်။

*စာမျက်နှာ ၁၉ သို့*

*စာမျက်နှာ ၁၈ မှ*

## စည်သူဖြိုး



ကျွန်တော့်နာမည် စည်သူဖြိုး ပါ။ မှတ်ပုံတင်နံပါတ်ကတော့ ၇/ပခန(နိုင်)၃၇၂၁၄၄ ဖြစ်ပါတယ်။ ကျွန်တော်လက်ရှိနေတဲ့ လိပ်စာကတော့ မဟာစေတီတိုက် တန်းလျား ဈေးဆိုင်နားမှာနေပါတယ်။ ကျွန်တော့်ရဲ့ လက်ရှိအလုပ်အကိုင်ကတော့ နယူးဟုတ်အစာကုမ္ပဏီမှာ ဧရိယာမန်နေဂျာ ဖြစ်ပါတယ်။ တပ်မတော်က အာဏာထိန်းပြီးနောက်ပိုင်း ဆန္ဒပြမှုတွေမှာ သော်သော်နဲ့ ရင်းနှီးခဲ့ပါတယ်။ သော်သော်က တစ်ဆင့် မျိုးကို(ခ) မျိုးကိုကိုခိုင်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပြီး ဆန္ဒပြပွဲပေါင်း ၆၀ လောက် ဆန္ဒအတူတူပြခဲ့ကြတယ်။ လမ်းမှာ အတားအဆီးတွေ ပြုလုပ်ချိန်မှာ ရဲတပ်ဖွဲ့ဝင်များက ဖြိုခွဲခဲ့မှုကြောင့် ကျွန်တော်တို့ မျိုးကို (ခ) မျိုးကိုကိုခိုင်၊ မြတ်သူ၊ သော်သော်၊ သီဟ၊ အောင်ပြည့်ခန့်တို့နဲ့ အတူတူ တိမ်းရှောင်ခဲ့ပါတယ်။

၁-၅-၂၀၂၂ ရက်နေ့လောက်မှာ သူက KIA မှာ သင်တန်းရှိတယ်။ သင်တန်းတက်ဖို့ဆိုပြီး ကျွန်တော့်ကို ပြောပါတယ်။ အဲဒီအချိန်ကနေပြီး ကိုသန့်ဇင်ဦးဆီက ကျွန်တော့်ကို ငွေနှစ်သိန်း ထုတ်သွားပြီး KIA သင်တန်းကို သွားတက်ဖို့ ပြောပါတယ်။ ကျွန်တော် သင်တန်းက ပြန်လာပြီး ငှက်ဖျားမိပြီး ပြန်ကောင်းတဲ့ အချိန်မှာ မျိုးကို(ခ) မျိုးကိုကိုခိုင်က ကျွန်တော့်ကို ဖုန်းဆက်ပြီးတော့ ပဲခူး PDF အဖွဲ့ဖွဲ့စည်းပြီးသွားပြီ။ သူက ခေါင်းဆောင်ပါ။ ကျွန်တော့်ကို ထောက်ပို့နေရာအတွက်ပေးခဲ့ပါတယ်။ အဲဒီအချိန် တစ်ဆက်တည်းမှာ ၇-၉-၂၀၂၂ မှာ Zoom Meeting လုပ်ပါတယ်။ ဧရာဝတီဘဏ်ရဲ့ ကားလမ်းကြောင်းကိစ္စ သူက အစီအစဉ်ဆွဲခဲ့ပါတယ်။ အဲဒီမှာ ပါဝင်ခဲ့တဲ့ သူတွေကတော့ ကိုအောင်မျိုးသူ၊ ကိုသန့်ဇင်ဝင်း၊ မျိုးကို(ခ)မျိုးကိုကိုခိုင်(ပဲခူး PDF ခေါင်းဆောင်) ကျွန်တော်၊ အောင်ပြည့်ခန့်တို့ Zoom Meeting မှာ ပါဝင်ခဲ့ပါတယ်။ Zoom Meeting လုပ်ခဲ့တဲ့ အချိန်မှာ ကျွန်တော်တို့ပါဝင်ဆွေးနွေးခဲ့တာကတော့ မျိုးကို(ခ) မျိုးကိုကိုခိုင်က ကျွန်တော်တို့ကို ကားကို ဖမ်းတားမယ်ဆိုရင် ရဲယူနီဖောင်းလိုအပ်တယ်လို့ ပြောခဲ့ပါတယ်။ ရဲယူနီဖောင်းနဲ့လုပ်မှ ကျွန်တော်တို့ လုပ်လို့ရမယ်။ အဆင်ပြေမယ်လို့ပြောပါတယ်။ ဘဏ်ကိုတိုက်ရတဲ့ အကြောင်းရင်းက ဘာကြောင့်လဲဆိုတော့ ပဲခူးမြို့အတွက် ပိုက်ဆံလိုအပ်လို့ ဆိုပြီး ဘဏ်ကို တိုက် ခိုင်းပါတယ်။ မျိုးကို(ခ)မျိုးကိုကိုခိုင်ရဲ့ ခိုင်းစေမှုကြောင့် ကျွန်တော်က ရဲယူနီဖောင်းသုံးစုံကို CDM လုပ်ထားတဲ့ ရဲတပ်ကြပ် ကိုသိန်းနိုင်ရဲ့ ဇနီးဆီကနေ ကိုသိန်းနိုင်ရဲ့ ရဲဝတ်စုံသုံးစုံကို ငှားခဲ့ပါတယ်။ ၉-၉-၂၀၂၂ ရက်နေ့ နံနက် ၉ နာရီခွဲ အချိန်မှာ မမြင့်မြင့်နိုင်က ကျွန်တော့်ကို ရဲဝတ်စုံ သုံးစုံလာပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဘဏ်ဓားပြမတိုက်ခင် ၁၂-၉-၂၀၂၂ ရက်နေ့ညနေ ၅ နာရီတွင် Zoom Meeting လုပ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မျိုးကို(ခ) မျိုးကိုကိုခိုင် က ကျွန်တော်တို့ကို တာဝန်ကိုယ်စီ ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ကို မျိုးကို(ခ)မျိုးကိုကိုခိုင်က ကျွန်တော်ရယ် ရန်လင်းထွေးရယ် ရန်နိုင်ရယ်ကို ရဲဝတ်စုံ သုံးစုံဝတ်ဖို့ မှာကြားခဲ့ပါတယ်။ ကုလားကြီးကိုကျတော့ မော်တော်ပီကယ်ဝတ်စုံဝတ်ဖို့ပြောကြားခဲ့ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်က နေပြီး မော်တော်ပီကယ်ဝတ်စုံ မရှိတဲ့အကြောင်း ပြောကြားခဲ့တယ်။ အဲဒီအချိန်မှာ သူစီစဉ်ပေးမယ်ဆိုပြီး ကမ်းနားလမ်းက သူ့သူငယ်ချင်းကို ဖုန်းဆက်ပြီးတော့ ကျွန်တော့်ကို ယူခိုင်းပါတယ်။ နောက်ပြီးကျတော့ အောင်ပြည့်ခန့်ကို ဘဏ်ကားလာမယ့်လမ်းကြောင်း ကြည့်ဖို့တာဝန်ပေးခဲ့ပါတယ်။ ငပန်ကျတော့ မြတ်စတားနားက နေရာမှာချထားပေးခဲ့ပါတယ်။ အင်းတကော်နားမှာကျတော့ ရွှေပြည့်ကို ဟိုဘက်က နေပြီး ရဲကားတွေ၊ စစ်ကားတွေလာမလာကို ဖုန်းဆက်ဖို့ တာဝန်ပေးခဲ့ပါတယ်။ အားလုံးကိုတာဝန်ပေးခဲ့တာကတော့ မျိုးကို (ခ) မျိုးကိုကိုခိုင် ကစီမံခန့်ခွဲပြီးတာဝန်ပေးခဲ့ပါတယ်။ ကျွန်တော့်ကို ရန်လင်းထွေးကနေပြီး ဖုန်းဆက်ပါတယ်။ ဘဏ်ကားရောက်နေပြီ မြန်မြန်ပြန်လာခဲ့ဆိုပြီး ဖုန်းဆက်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် မြန်မြန် ပြန်သွားခဲ့ပါတယ်။ ကျွန်တော့်အိမ်မှာ ရန်လင်းထွေးရယ်၊ အောင်ပြည့်ခန့်ရယ်ရောက်နေပါပြီ။ ကျွန်တော်ရောက်ပြီးတဲ့နောက်မှာ ကုလားကြီးက ကားနဲ့ လိုက်ခဲ့ပါတယ်။ ကားပေါ်ကို ကျွန်တော် ယူနီဖောင်းဝတ်စုံနဲ့ သေနတ်နှစ်လက်ကိုတင်ပေးလိုက်ပါတယ်။ အောင်ပြည့်ခန့်ရယ်၊ ကုလားကြီးရယ် ကားနဲ့အရင်ထွက်သွားပါတယ်။

ကျွန်တော်ရယ်၊ ရန်လင်းထွေးရယ်က ဆိုင်ကယ်နဲ့ နောက်က လိုက်ခဲ့ပါတယ်။ သွားတဲ့လမ်းကြောင်းကတော့ စက်မှုဇုန်လမ်းဘက်က ထွက်ပြီးသွားပါတယ်။ ကျွန်တော်တို့ တစ်နာရီ ဝန်းကျင်လောက်မှာ ဓားပြတိုက်မယ့်နေရာကို ရောက်ခဲ့ပါတယ်။ မျိုးကို(ခ)မျိုးကိုကိုခိုင်ရဲ့ စီမံပေးတဲ့ နေရာကို ရောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ နောက်ကနေပြီး ရန်နိုင်နဲ့ ကျော်ကြီးတို့က ဆိုင်ကယ်နဲ့ ကျွန်တော်တို့ဆီကို ရောက်လာပါတယ်။ ဓားပြတိုက်မယ့် ၁၀ မိုင်ကုန်းပတ်ချာလည်ကို ကားရောက်ပါတယ်။ ရောက်တဲ့အချိန်မှာ ကျွန်တော်တို့ ရဲယူနီဖောင်းကို အကုန်လုံး ကိုယ်စီဝတ်ကြပါတယ်။ ကုလားကြီးက မော်တော်ပီကယ်ဝတ်စုံဝတ်ပြီး ရှေ့မှာစောင့်နေတဲ့အချိန် ကျွန်တော်ရယ်၊ ရန်နိုင်ရယ်၊ ရန်လင်းထွေးရယ်က ရဲယူနီဖောင်း ကိုယ်စီဝတ်ပြီး သေနတ်ကိုတော့ ရန်လင်းထွေးရယ် ရန်နိုင်ရယ်က ကိုင်ထားပါတယ်။ ကိုင်ထားပြီးတဲ့ အချိန် တစ်နာရီခွဲလောက်မှာ ဧရာဝတီဘဏ်ရဲ့ ကားကရောက်လာတော့ ကုလားကြီးကတားလိုက်ပါတယ်။ တားတဲ့အချိန်မှာ ကျွန်တော်တို့ ရှေ့တည့်တည့် ကားရောက်လာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က နေပြီး ကားခေါင်းခန်းကိုသွားပြီး သူတို့ရဲ့ပါလာတဲ့ လိုင်စင်တွေ၊ မှတ်ပုံတင်တွေ ပြည်ဝင်ခွင့်ထွက်ခွင့်ကတ်တွေ တောင်းပြီး ကားထဲက လူတွေအကုန်လုံးကို ဆင်းခိုင်းလိုက်ပါတယ်။ ဆင်းခိုင်းပြီးတော့ ကျွန်တော့်ကားရဲ့နောက်ဖုံးကိုဖွင့်ပြီး သူတို့ကိုအဲဒီမှာ တက်ခိုင်းလိုက်ပါတယ်။ အဲဒီအချိန်မှာ ရန်နိုင်နဲ့ကျော်ကြီးက ပထမကားမှာပါလာတဲ့ လူနှစ်ယောက်ကို ကြိုးတွေချည်၊ ပါးစပ်တွေပိတ်၊ မျက်လုံးတွေပိတ်ပြီးတုပ်ပါတယ်။ ဒုတိယကားကိုကျတော့ ရန်လင်းထွေးရယ်၊ အောင်ပြည့်ခန့်တို့က ပါလာတဲ့ လူသုံးယောက်ကို မျက်လုံးတွေကို ပဝါတွေစည်းပြီး ကားနောက်ခန်းထဲမှာ ထည့်ထားပါတယ်။ အဲဒီအချိန်မှာ ကုလားကြီးက ကားမောင်းလာပြီး ကားချင်း ဖင်တွေ့ပြီး ကားနှစ်စီးမှာ ပါသမျှပိုက်ဆံတွေ အကုန်တင်ပြီးတော့ ကျွန်တော်တို့ အကုန်လုံး ယူနီဖောင်းတွေ ချွတ်ပြီးတော့ ပြန်ကြပါတယ်။

ကျွန်တော်တို့ ခားပြတိုက်ပြီး ပိုက်ဆံတွေ တင်ထားတဲ့ ကားနဲ့ ကုလားကြီးနဲ့ အောင်ပြည့်ခန့်တို့က အရှေ့ကနေ သွားပါတယ်။ ဆိုင်ကယ်နဲ့ကျတော့ ကျွန်တော်ရယ်၊ ရန်လင်းထွေးရယ်၊ နောက်ကနေ လိုက်သွားပါတယ်။ နောက်ထပ် နှစ်ယောက်ကတော့ ကျော်ကြီးနဲ့ ရန်နိုင်က ဆိုင်ကယ်နဲ့ သူတို့အိမ် ပြန်သွားပါတယ်။ ကျွန်တော်တို့ ခားပြတိုက်ပြီး ပိုက်ဆံတွေ တင်ထားတဲ့ကားနဲ့ ကျွန်တော်တို့ဆိုင်ကယ်နဲ့ ဓမ္မဒူတ မဂ္ဂင်ကျောင်းကို ကျွန်တော်တို့ သွားခဲ့ပါတယ်။ အဲဒီကျောင်း ရောက်တဲ့အချိန်မှာ ဒေါ်ဥပ္ပသမာ နဲ့ ဒေါ်ဓမ္မစာရီ ဆွမ်းစားကျောင်းထဲက ခုတင်ပေါ်ကို ခားပြတိုက်လာတဲ့ ပစ္စည်းတွေ အကုန်လုံးတင်ခဲ့ပါတယ်။ တင်ပြီးတော့ ကျွန်တော်တို့ GPS ပါ မပါ ပိုက်ဆံအိတ်တွေကို အကုန်လုံးဖြည်ပြီး စစ်ခဲ့ပါတယ်။ စစ်ပြီးတဲ့နောက်မှာ ကုလားကြီးကို ပြန်လွှတ်လိုက်ပါတယ်။ ပြန်လွှတ်တဲ့ အချိန်မှာ ကျွန်တော်တို့ ကျော်ကြီးရယ်၊ ရန်နိုင်ရယ်၊ ကုလားကြီးရယ်တို့ အတွက် ပိုက်ဆံသိန်းခြောက်ရာကို ထည့်ပေးလိုက်ပါတယ်။ ပိုက်ဆံအိတ်တွေပြန်စီပြီး ပြန်ထည့်တဲ့ အချိန်မှာ ဂုန်နီအိတ်ကပြဲနေတဲ့ အတွက် ကျွန်တော်တို့ပါလာတဲ့ ကျန်ကျောင်းအိတ် အမည်းတွေနဲ့ ပိုနေတဲ့ ပိုက်ဆံအိတ်တွေကို အထုပ်ထုပ်ပြီး ထည့်ထားခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ပိုနေတဲ့ ပိုက်ဆံသိန်းခုနစ်ရာကို ကျွန်တော်က သိန်း ၄၀၀၊ အောင်ပြည့်က သိန်း ၃၀၀၊ ကိုယ်စီယူပြီးတော့ ဆိုင်ကယ်ဘောက်ထဲကိုထည့်ထားပါတယ်။ ကုလားကြီးကို လာခေါ်ဖို့ ဖုန်းဆက်ခဲ့ပါတယ်။ ကုလားကြီးရောက်လာပြီး ကျွန်တော့် ပိုက်ဆံသိန်း ၄၀၀၊ အောင်ပြည့်ခန့် သိန်း ၃၀၀ တို့ကို ကိုယ်စီယူပြီး ဆရာလေးကျောင်းက ထွက်သွားခဲ့ပါတယ်။ တိုက်လာသမျှ ပိုက်ဆံတွေအားလုံးနဲ့ လက်နက်ခဲယမ်း ပစ္စည်းအားလုံးကို ဆရာလေးကျောင်းမှာပဲ ထားခဲ့ပါတယ်။ ဆရာလေးကျောင်းကနေပြီး ကျွန်တော်တို့ လေးယောက် အိမ်ကို ပြန်ခဲ့ပါတယ်။ အိမ်ရောက်ပြီးတဲ့အချိန်မှာ ကုလားကြီးက ၅ မိနစ်နေပြီး ပြန်သွားပါတယ်။ အဲဒီအချိန်မှာ ဆရာလေးကျောင်းက ကျွန်တော်တို့ယူလာတဲ့ ပိုက်ဆံသိန်း ၇၀၀ ကို ဝေစုခွဲကြပါတယ်။

ငပန်က သိန်း ၁၀၀၊ ရွှေပြည့်က သိန်း ၁၀၀၊ ကျန်တဲ့ သိန်း ၅၀၀ ကတော့ ကျွန်တော်ရယ်၊ အောင်ပြည့်ခန့်ရယ်၊ ရန်လင်းထွေးရယ် သုံးယောက် ခွဲယူဖို့စီစဉ်ထားပါတယ်။ ကျွန်တော် ရေမိုးချိုးစားသောက်ဖို့ ထိုင်ပြီး လိုင်းသုံးနေတဲ့ အချိန် ၈ နာရီခွဲလောက်မှာ ရဲတပ်ဖွဲ့ဝင်တွေ ဝင်ရောက်ဖမ်းဆီးမှုကို ကျွန်တော်ရယ် ရန်လင်းထွေးရယ် အောင်ပြည့်ခန့်ရယ်သုံးယောက် က တစ်ခါတည်းအဖမ်းခံခဲ့ရပါတယ်။

## အောင်ပြည့်ခန့်

ကျွန်တော့် နာမည်ကတော့ အောင်ပြည့်ခန့်ပါ။ တပ်မတော်ကနေ အာဏာထိန်းပြီးတဲ့နောက်ပိုင်း ပဲခူးမြို့မှာလှုပ်ရှားတဲ့ ဆန္ဒပြပွဲတွေမှာ ကျွန်တော်ပါဝင်ခဲ့ပါတယ်။ ပြီးတော့ မဟာစေတီလမ်းနားမှာနေတဲ့ စည်သူဖြိုးဆိုတဲ့လူနဲ့ ကျွန်တော်ရင်းနှီးသွားတယ်။ ကျွန်တော့်သူငယ်ချင်း ညီသုတရဲ့အိမ်မှာ သုံးရက်လောက်နေတယ်။ နောက်ပိုင်း မဟာစေတီလမ်းနားက စည်သူဖြိုးတို့အိမ်မှာလည်း ကျွန်တော်နေတယ်။ အဲဒီနောက်ပိုင်းမှာ ဘဏ်ကနေ CDM လုပ်လို့ အလုပ်ပြုတ်သွားတယ်။ မျိုးကိုကိုခိုင်နဲ့ကတော့ စည်သူဖြိုးနဲ့ ပတ်သက်ပြီးတော့မှ သိရှိခဲ့တာပါ။ သူက ပဲခူးသပိတ်ခေါင်းဆောင်လို့လည်း သိထားပါတယ်။ စက်တင်ဘာ ၅ ရက်နေ့ ည ၇ နာရီမှာ မျိုးကိုရယ်၊ ကျွန်တော်ရယ်၊ ကိုသန့်ဇင်ဝင်းရယ် Zoom Meeting တစ်ခု လုပ်ဖြစ်ပါတယ်။ Meeting မှာ ပြောဖြစ်တာကတော့ ကမ္ဘောဇရတနာဘဏ်နဲ့ ကမ္ဘောဇဘဏ်တွေကို တခြားမြို့တွေမှာ ခားပြတိုက်မှုတွေ ဖြစ်ပွားခဲ့တယ်လို့ သိရှိရပါတယ်။ NUG ကချပေးတဲ့ မြို့တစ်မြို့အတွက် လက်နက်အရေအတွက်က နည်းပါတယ်။ လက်နက်တစ်လက်ကို သိန်း ၅၀ ဝန်းကျင်လောက်ရှိတယ်လို့ မျိုးကိုက ပြောပါတယ်။ အဲဒီအတွက် ငွေလိုတာဖြစ်လို့ အခုဘဏ်ခားပြတိုက်မှုကို လုပ်ပါမယ်လို့ မျိုးကိုက ပြောပါတယ်။

ကျွန်တော့်ကို ကျတော့ ဘဏ်နဲ့ပတ်သက်တဲ့ ငွေသယ်ယာဉ်လာတတ်တဲ့ အချိန် တွေကို စုံစမ်းခိုင်းပါတယ်။ မျိုးကို (ခေါ်) မျိုးကိုကိုခိုင်က ဘဏ်ကငွေသယ်ယာဉ်လာတဲ့အခါ လူဘယ်နှယောက်ပါလဲ၊ ကားဘယ်နှ စီးလာတတ်လဲ၊ လက်နက် ခဲယမ်းပါတတ်လား၊ ဘယ်အချိန်လာတတ်လဲဆိုတာကို ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော်က အရင်တုန်းက ဘဏ်မှာ ရုံးအကူလုပ်ဖူးတဲ့အတွက် ကားလာတတ်တဲ့အချိန်ကို သိပါတယ်။ နံနက် ၁၁ နာရီ နောက်ပိုင်း ဆိုတာကိုလည်း ကျွန်တော်သိပါတယ်လို့ ပြောခဲ့ပါတယ်။ လူအင်အားက ကားတစ်စီးကို သုံးယောက်၊ နှစ်စီးဆိုတော့ ခြောက်ယောက် အဲဒီလောက်ပါတတ်တယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်။ ပြီးတော့ကားက တစ်စီးမဟုတ်ရင် နှစ်စီးလာတတ်တယ်၊ လက်နက် ခဲယမ်းမပါဘူးလို့လည်း ပြောပြခဲ့ပါတယ်။ အဲဒီတော့ မျိုးကိုက ခားပြတိုက်ဖို့စီစဉ်မယ်လို့ ပြောပါတယ်။ ကျွန်တော်က မလုပ်ရဲဘူးလို့ ပြောတော့ သူကကိုယ်လုပ်စရာ ရှိတဲ့ လမ်းကြောင်းကြည့်တဲ့ အလုပ်ကိုပဲလုပ်ကျန်တဲ့ကိစ္စကို သူစီစဉ်မယ်လို့ ပြောပါတယ်။ အဲဒီနောက်ပိုင်း ကျွန်တော်က သူခိုင်းတဲ့အတိုင်း ဘဏ်မှာ ငွေသယ်ယာဉ်လာတဲ့ အချိန်တွေကို စောင့်ကြည့်ပါတယ်။ ဧရာဝတီဘဏ်ခွဲ(၁)က အကြီးတန်းဘဏ် လက်ထောက် ကျွန်တော့်ကောင်မလေး မေသူကျော်နဲ့ စက်တင်ဘာလ ၇ရက်နေ့ ည ၉ နာရီမှာ Signal နဲ့စကားပြောဖြစ်ပါတယ်။ ငွေသယ်ယာဉ်လာဖို့ရှိလားလို့ ကျွန်တော်ကမေးပါတယ်။ သူကမရှိဘူးလို့ ပြောပါတယ်။ အဲဒီတော့ ငွေသယ်ယာဉ်လာရင် ပြောပြဖို့ ကျွန်တော်က ပြောခဲ့ပါတယ်။ *စာမျက်နှာ ၂၀ သို့*

*စာမျက်နှာ ၁၇ မှ*

၎င်းအပြင် အကြမ်းဖက်သတ်ဖြတ်မှုအနေဖြင့် ဩဂုတ်လ ၁၃ ရက်တွင် သီရိမင်္ဂလာဈေးထိပ်ရှိ ယာဉ်ထိန်းရဲ တစ်ဦးအား GFA အဖွဲ့မှ ဝေယံပိုင်၊ ဇော်လင်းထွန်း၊ ကျော်ကျော်ခန့်၊ ကျော်စိုးလင်း၊ စည်သူဖြိုးနှင့် ရဲရင့်ကို တို့က ကင်းထောက်၍ အောင်ချမ်းငြိမ်း (ဖမ်းဆီးရန်ကျန်) က ဓားဖြင့် ထိုးသတ်ခဲ့ကြောင်း၊ စက်တင်ဘာလ ၂ ရက်တွင် လှိုင်မြို့နယ် (၁) ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ ဦးဂျူလိုင်မျိုးမင်း အား ဝေယံပိုင်၊ စည်သူဖြိုး၊ ဇော်လင်းထွန်းတို့က ကင်းထောက်၍ ကျော်စိုးလင်းက ပစ္စတိုဖြင့် နှစ်ချက် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း၊ စက်တင်ဘာလ ၉ ရက်တွင် စမ်းချောင်းမြို့နယ် သံတံတား ရပ်ကွက်၌ လှည့်ကင်း ဆောင်ရွက်ခဲ့သည့် လုံခြုံရေးယာဉ် တစ်စီးအား အောင်ချမ်းငြိမ်း (ဖမ်းဆီးရန်ကျန်)၊ ကျော်စိုးလင်းတို့က လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ပြီး ရဲရင့်ကိုက လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့ကြောင်းနှင့် ဇော်လင်းထွန်း၊ သဲမောင်မောင်၊ စည်သူဖြိုး၊ အောင်ပြည့်တို့က ကင်းထောက်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ အနေဖြင့် ဖောက်ခွဲဖျက်ဆီးမှု (၁၂) ကြိမ်၊ မီးရှို့ဖျက်ဆီးမှု တစ်ကြိမ်၊ အကြမ်းဖက်သတ်ဖြတ်မှု သုံးကြိမ်တို့ ကျူးလွန်ခဲ့သူများဖြစ်ကြောင်း ဖော်ထုတ် သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာ များ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေး အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်း ထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

*စာမျက်နှာ ၁၉ မှ*

၈ ရက်နေ့မှာ ပဲခူးမြို့ လိပ်ပြာကန် ရပ်ကွက်မှာရှိတဲ့ ရေဝတီဘဏ်ခွဲ (၁) အနားမှာ ငွေသယ်ယာဉ် လာရောက်ခြင်း ရှိ/မရှိကို သွားပြီး စောင့်ကြည့်ခဲ့ ပါတယ်။ အဲဒီနေ့မှာ လာရောက်ခြင်း မရှိခဲ့ပါဘူး။ ၁၀ ရက်နေ့မှာ ကျွန်တော် နောက်တစ်ခေါက် သွားကြည့်ပါတယ်။ အဲဒီနေ့က ဒိုက်ဦးဘက် ကလာတဲ့ ငွေသယ်ယာဉ်နှစ်စီး လာရောက်တာကို တွေ့ခဲ့ပါတယ်။ ကျွန်တော် အဲဒီကားတွေနောက်ကို ဆိုင်ကယ်နဲ့ နောက်ယောင်ခံပြီးတော့ ပဲခူးတိုးဂိတ်အကျော် အထိ လိုက်ခဲ့ပါတယ်။ ပဲခူးတိုးဂိတ်မှာ လုံခြုံရေးအင်အားများတဲ့အတွက် မျိုးကိုကို ဖုန်းဆက်ပြီးတော့ ကျွန်တော် လှမ်းပြောခဲ့ပါတယ်။ လမ်းကြောင်းတော့ရှိတယ် ဒါပေမယ့် လုံခြုံရေးအင်အား များတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီတော့ မျိုးကိုက အေးကွာ အဲဒါဆို နောက်တစ်ခေါက်မှ လုပ်မယ်လို့ ပြောပါတယ်။

စက်တင်ဘာလ ၁၀ ရက် နေ့ ညနေဘက်မှာ ကျွန်တော့် ကောင်မလေး ရေဝတီဘဏ်ခွဲ(၁) မှာအလုပ်လုပ်နေတဲ့ မေသူကျော် နဲ့တွေ့ပါတယ်။ ကျွန်တော်က နေ့ခင်းတုန်းကလာတဲ့ ကားနှစ်စီးက ဘယ်ကလာတာလဲ၊ ကားပေါ်မှာ ပိုက်ဆံဘယ်လောက် ပါလာလဲ ဆိုတော့ သူက ဒိုက်ဦးဘက်က ငွေတွေရယ်၊ ပဲခူးဘဏ်ခွဲ(၁)က ငွေတွေရယ်ကို ရန်ကုန်ကို သွားပို့တာဖြစ်ကြောင်း၊ သိန်း ၈၀၀၀ ဖြစ်ကြောင်း ပြောပြပါတယ်။ အဲဒီတော့ နောက်ထပ်လာဖို့ ရှိသေးလားလို့မေးတော့ သူက နောက်အပတ်ထဲမှာတော့ လာဖို့ရှိတယ်လို့ကြားတယ်လို့ ပြောပါတယ်။ ရန်ကုန်ရုံးချုပ်ကနေ လာသယ်



အောင်ပြည့်ခန့်

မယ်လို့လည်း သိရတယ်။ စက်တင်ဘာလ ၁၁ ရက် ည ၇ နာရီမှာ ကျွန်တော်နဲ့မျိုးကို ဖုန်းအဆက်အသွယ်ရပါတယ်။ နောက်အပတ်ထဲမှာတော့ ရန်ကုန်ကနေ ပဲခူးကို ငွေသယ်ယာဉ်တွေ ငွေလာယူဖို့ ရှိတယ်လို့ ပြောခဲ့ပါတယ်။ မျိုးကိုကလည်း သူ့ဘက်က အဖွဲ့တွေက အသင့်ဖြစ်နေပြီလို့ ကျွန်တော့်ကို ပြောပါတယ်။ ဒီတစ်ခေါက်တော့ မလွတ်အောင် လုပ်တော့မယ်လို့ ကျွန်တော့်ကို ပြောပါတယ်။

စက်တင်ဘာ ၁၂ ရက်နေ့ ညပိုင်းမှာ မျိုးကိုရယ်၊ ကျွန်တော်ရယ်၊ အခုဖမ်းပြတိုက်မှုမှာ ပါဝင်တဲ့ လူတွေအကုန်လုံး ပါဝင်တဲ့ Zoom Meeting တစ်ခု လုပ်ဖြစ်တယ်။ အဲဒီမှာ မျိုးကိုက ကျွန်တော်တို့အားလုံးကို ကိုယ်တာဝန်ယူရမယ့် နေရာအလိုက် တာဝန်ခွဲပေးပါတယ်။ ကျွန်တော်က ဘဏ်ကားလာတဲ့လမ်းကြောင်း ကြည့်ဖို့ တာဝန်ယူရပါတယ်။ ကုလားကြီးက မော်တော်ပီကယ် ဝတ်စုံ ဝတ်ရပါတယ်။ ရဲဝတ်စုံကို စည်သူဖြိုးရယ်၊ ရန်နိုင်ရယ်၊ ရန်လင်းထွေးရယ်က ဝတ်ပါတယ်။ သေနတ်ကိုကျတော့ ရန်နိုင်နဲ့ ရန်လင်းထွေးက ကိုင်ဖို့ ပြောပါတယ်။ ရွှေပြည့်ကိုကျတော့ အင်းတကော်မှာ ကင်းစောင့်ပြီးတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ လှုပ်ရှားမှုတွေကို ကျွန်တော့်ဆီ သတင်းပို့ခိုင်းပါတယ်။

မြတ်စတား လမ်းဆုံမှာကျတော့ ငပန်ကို ကင်းစောင့်ခိုင်းပြီး လုံခြုံရေးတပ်ဖွဲ့တွေရဲ့ လှုပ်ရှားမှုကို ကျွန်တော့်ဆီ သတင်းပို့ခိုင်းပါတယ်။ ကျော်ကြီးကိုကျတော့ အရပ်ဝတ်နဲ့ပဲ လိုက်ခိုင်းပြီးတော့ ပိုက်ဆံအိတ်သယ်ဖို့နဲ့ ကားအရွှေ့အပြောင်းအတွက်ပဲ တာဝန်ပေးထားပါတယ်။ ကျွန်တော်က စက်တင်ဘာ ၁၃ ရက်နေ့ မနက်မှာ ကျွန်တော့်ကောင်မလေး မေသူကျော်နဲ့ ဖုန်းအဆက်အသွယ်ရပါတယ်။ ၁၁ နာရီခွဲလောက်မှာ ကျွန်တော် ရေဝတီဘဏ်၊ ပဲခူးဘဏ်ခွဲ(၁) အရှေ့မှာသွားပြီး စောင့်ကြည့်နေပါတယ်။ အဲဒီအချိန်မှာ ငွေသယ်ယာဉ်တစ်စီး လာပါတယ်။ ကျွန်တော်လည်း ကားနံပါတ်မှတ်ပြီး ပြန်မလို့ လုပ်နေတုန်း ၁၂ နာရီ ၁၅ မိနစ်လောက်မှာ နောက်ထပ်တစ်စီး ထပ်ရောက်လာပါတယ်။ အဲဒါနဲ့ ကျွန်တော်လည်း နှစ်စီးစလုံးရဲ့ ကားနံပါတ်တွေကိုမှတ်ပြီး စည်သူဖြိုးဆီကို ဖုန်းဆက်ပါတယ်။ ပြီးတော့ကျွန်တော် ကုလားကြီး အိမ်ကိုသွားပါတယ်။ ကုလားကြီး အိမ်ကနေ Hijet ကားနဲ့သွားပြီး စည်သူဖြိုးအိမ်မှာ သေနတ်နှစ်လက်နဲ့ ဝတ်မယ့် ယူနီဖောင်းတွေကို ဝင်ယူပြီးတော့ အင်းတကော်ကွေ့ကို သွားပါတယ်။ ဆယ်မိုင်ကုန်းကွေ့ကို ကျွန်တော်နဲ့ ကုလားကြီးက Hijet ကားနဲ့သွားပါတယ်။ စည်သူဖြိုးနဲ့ ရန်လင်းထွေးက ဆိုင်ကယ်တစ်စီး၊ ကျော်ကြီးနဲ့ရန်နိုင်က ဆိုင်ကယ်တစ်စီးနဲ့ အဲဒီနေရာကိုသွားကြပါတယ်။ ရွှေပြည့်ကတော့ အစောကြီးကတည်းက သူ့နေရာမှာ သူ့တာဝန်ကိုသူ လုပ်ဆောင်နေပါတယ်။ ငပန်လည်း မြတ်စတား လမ်းဆုံမှာ အစောကြီးကတည်းက ရောက်နှင့်နေပြီးတော့ သူ့ရဲ့ကင်းတာဝန်ကို သူလုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့အားလုံး စုရပ်ကိုရောက်တဲ့ အချိန်ကတော့ တစ်ချက်ခွဲ ဖြစ်ပါတယ်။ (၂)ချက်ထိုးခါနီးလောက်မှာ ငွေသယ်ယာဉ်တွေရောက်လာပါတယ်။

ပြီးတော့ ၂ နာရီ ထိုးခါနီးလောက်မှာ ငွေသယ်ယာဉ် ရောက်လာပါတယ်။ ရောက်လာတော့ ကျွန်တော်နဲ့ ကုလားကြီးနဲ့ ကားကိုတားလိုက်ပါတယ်။ တားပြီးတော့ အရှေ့မှာရပ်ဖို့ လမ်းဘေးချရပ်ဖို့ ပြောပါတယ်။ လမ်းဘေးချရပ်တဲ့အချိန်မှာ စည်သူဖြိုးက ကားပေါ်မှာ လက်နက်ပါလာတယ်ဆိုတဲ့ သတင်းရလို့ဆိုတဲ့ အကြောင်းပြောပြီး ကားကို လမ်းဘေးမှာရပ်ပြီး သူတို့စစ်ဆေးခဲ့ပါတယ်။ ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာဘာညာ တောင်းပါတယ်။ ပြီးတော့ ဖုန်းတွေသိမ်းပါတယ်။ အဲဒီနောက် အင်းတကော် ရဲစခန်းကိုရောက်မှရှင်းလို့ ပြောပါတယ်။ သူတို့ ငွေသယ်ယာဉ်တစ်စီးမှာ ဘဏ်ဝန်ထမ်း သုံးယောက် ပါပါတယ်။ နှစ်စီးဆိုတော့ ခြောက်ယောက်ပါ။ အဲဒီ ခြောက်ယောက်ကို သူတို့ကားထဲမှာပဲ အနောက်မှာ တိပ်အမည်းတွေနဲ့ လက်ရယ်၊ ပါးစပ်ရယ်၊ မျက်လုံးရယ်ကို ပိတ်ခဲ့ပါတယ်။ ပိတ်ပြီး ကျွန်တော်တို့ အဲဒီပိုက်ဆံအိတ်များကိုပါလာတဲ့ ခွေးဘီလူးကားပေါ် ပြောင်းတင်ကြပါတယ်။ ပြောင်းတင်ပြီး ပြန်လာတော့ ကုလားကြီးက ခေါင်းခန်းမှာ မောင်းပါတယ်။ ကျွန်တော်က ကားရဲ့နောက်အခန်းမှာ ပိုက်ဆံအိတ်ပြုတ်ကျမှာ ကြောက်လို့ လိုက်ခဲ့ပါတယ်။ စည်သူဖြိုးနဲ့ ရန်လင်းထွေးကတော့ လာတုန်းကလိုပဲ ဆိုင်ကယ်တစ်စီး၊ ကျော်ကြီးနဲ့ ရန်နိုင်နဲ့က လာတုန်းကလိုပဲ ဆိုင်ကယ်တစ်စီး ပြန်ပါတယ်။ ကျွန်တော်နဲ့ ကုလားကြီးနဲ့က လုလာတဲ့ ပိုက်ဆံတွေကို သယ်လာတဲ့ယာဉ်က တစ်စီး၊ စည်သူဖြိုးနဲ့ ရန်လင်းထွေးနဲ့က ဆိုင်ကယ်တစ်စီး စက်မှုဇုန်လမ်းကနေပြီးတော့ စာကလေးကျေးရွာကို ဖြတ်ပြီး မြို့ရှောင်လမ်းကို ဖောက်ထွက်ကာ ဓမ္မဒူတမဂ္ဂင် ကျောင်းတိုက်ကို ကျွန်တော်တို့ သွားပါတယ်။ ရန်နိုင်နဲ့ ကျော်ကြီးနဲ့ကတော့ သူ့အစီအစဉ်နဲ့သူ လမ်းဟောင်းအတိုင်း ပြန်သွားပါတယ်။

ကျွန်တော်တို့ ဆရာလေးကျောင်းထဲကိုရောက်တာ ၃ နာရီ ဝန်းကျင်လောက် ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ ထိုကျောင်းတိုက်ကို ရောက်တော့ ကျွန်တော်ရယ်၊ ကုလားကြီးရယ်၊ စည်သူဖြိုးရယ်၊ ရန်လင်းထွေးရယ်က ကားပေါ်မှာပါလာတဲ့ ပိုက်ဆံတွေကို ဆရာလေးတို့ ဆွမ်းစားဆောင်ထဲ ခုတင်ပေါ်ကို ပြောင်းရွှေ့ပြီးတော့ ထားတယ်။ ပါလာတဲ့ သေနတ်နှစ်လက်ကိုလည်း အဲဒီမှာထားတယ်။ ပြီးတော့ မျိုးကိုကို ကျွန်တော်က ဖုန်းဆက်တယ်။ ဖုန်းဆက်ပြီး ငါတို့ရောက်ပြီဆိုတဲ့ အကြောင်းပြောတော့ မျိုးကိုက နေပြီး ကုလားကြီးတို့လည်း တစ်ယောက်သိန်း ၂၀၀ စီ ပေးဦးဆိုပြီး ကျွန်တော့်ကို ပြောပါတယ်။ ပြောတော့ ကျွန်တော် ကုလားကြီးကို တစ်သောင်းတန်ခြောက်စည်း သိန်းခြောက်ရာ ကြွပ်ကြွပ်အိတ်နဲ့ ထည့်ပြီးတော့ ပေးလိုက်ပြီး ကားသွားပြန်ထားဖို့ ပြောပါတယ်။ အဲဒီ သိန်းခြောက်ရာက ကုလားကြီးရယ်၊ ကျော်ကြီးရယ်၊ ရန်နိုင်ရယ် တစ်ယောက်သိန်းနှစ်ရာစီအတွက် သိန်းခြောက်ရာ ထည့်ပေးလိုက်တာ ဖြစ်ပါတယ်။ တစ်သောင်းတန်အိတ်တွေ အထဲမှာ GPS ပါမပါ ကျွန်တော်တို့ ဖောက်ပြီးတော့ စစ်ခဲ့ကြပါတယ်။ အိတ်တချို့တစ်ဝက်က ဆုတ်ပြဲသွားတယ်၊ သုံးလို့မရတော့တဲ့အတွက်ကြောင့် ကျွန်တော်တို့ အိတ်အမည်းတွေနဲ့ လှယ်ပြီးထည့်ခဲ့ကြပါတယ်။ အဲဒီအိတ်တွေ အကုန်လုံးကို ဆွမ်းစားကျောင်းထဲမှာပဲ ကျွန်တော်တို့ ထားခဲ့ကြတယ်။ အဲဒီအချိန်မှာ ထုပ်ပိုးလို့ မလောက်တော့လို့ ပိုက်ဆံ သိန်း ၇၀၀ အပြင်မှာ ပိုနေခဲ့တယ်။ ပိုနေတော့ စည်သူဖြိုးက အိမ်ယူသွားမယ်ဆိုပြီးတော့ ပြောပါတယ်။ ကုလားကြီးက အဲဒီအချိန်မှာ ကျွန်တော့်ကို ဆိုင်ကယ်နဲ့လာပြီးတော့ ကြိုပါတယ်။ အဲဒီအချိန်မှာ စည်သူဖြိုးနဲ့ ကုလားကြီးနဲ့က သိန်း ၄၀၀ ကို ယူပြီးတော့ သူ့ဆိုင်ကယ်နဲ့တစ်စီး၊ ကျွန်တော်နဲ့ ရန်လင်းထွေးနဲ့က ကုလားကြီး လာခေါ်တဲ့ ဆိုင်ကယ်နဲ့ သိန်း ၃၀၀ နဲ့တစ်စီး အဲဒီလိုမျိုး ကျွန်တော်တို့ ပြန်ခဲ့ကြတယ်။

စည်သူဖြိုး အိမ်ကိုရောက်တော့ ကျွန်တော်ကဘောက်ထဲက သိန်း ၃၀၀ ကိုထုတ်ပြီး စည်သူဖြိုး အိမ်ပေါ်က ခုတင်ပေါ်ကို တင်ထားခဲ့ပါတယ်။ အဲဒီကိုရောက်တော့ ကုလားကြီးက သူ့အိမ်ကိုသူ ပြန်သွားခဲ့ပါတယ်။ ပြီးတော့ အဲဒီ ည ၈ နာရီမှာပဲ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးခြင်းကို ကျွန်တော်ရယ်၊ စည်သူဖြိုးရယ်၊ ရန်လင်းထွေးရယ် သုံးယောက်ခံရပါတယ်။

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အခြေခံရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၁**



နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(သထုံ)၌ ယမန်နေ့က သဘာဝဘေး အန္တရာယ်ဆိုင်ရာ အခြေခံ ရှာဖွေကယ်ဆယ်ရေး သင်တန်းကို မွန်ပြည်နယ် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့် အညီ သင်တန်းဖွင့် အခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်းက အမှာစကား ပြောကြားပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၃၀ တို့တွင် ဆရာ ဆရာမများ ကြီးကြပ်လျက် ကျောင်းသားကျောင်းသူများဖြင့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီး သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၉ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၆၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၅၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၅၈၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၀၀/၁၂၁၀ ကျပ် | ၁၂၃၀/၁၂၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၀၅/၁၂၂၀ ကျပ် | ၁၂၂၀/၁၂၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၀၅/၁၂၁၅ ကျပ် | ၁၂၆၀/၁၂၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၃၀ /၁၂၅၅ ကျပ် | ၁၃၄၀/၁၃၅၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၅၁ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၅ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၃၅၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၇ . ၆၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၀ . ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၆၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၉၂ | ၈၁၈၈၀၀ |
| MTSH | ၃၀၅၀ | ၃၁၀၀ | ၁၇၂၆၄ | ၅၃၅၇၂၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၆၈၄ | ၁၉၈၃၆၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂ | ၁၀၀၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၉-၂၀၂၁ ဗုဒ္ဓဟူးနေ့

### MRTV HD

- **၀၆:၀၀** ပေတ္တသုတ်၊ရတနသုတ်၊မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
- **၀၉:၁၅** စိုက်ပျိုးရေးရာအဖြေရှာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း 'After You'
- **၁၁:၃၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'မြန်မာစာဘာသာရပ်'**
- **၁၆:၃၅** ပန်းခင်းစီပံချက်ဆွေးနွေးခန်း
- **၁၇:၀၅** ခေတ်အလိုက်ကြေးမုံပြင် **'သီဟာသနပလ္လင်ပြခန်း'**
- **၁၇:၃၀** MRTV Travelogue
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ(သုတစုံပြမောင်မယ်ဆုရ) (ပွဲစဉ်-၁)
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း'** (အပိုင်း-၃)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ပြေစတီရီယိုတေးကမ္ဘာ
- **၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပတ္တူညီသောပေတ္တာများ'** (အပိုင်း-၄)

### mitv

- **07:01** News
- **07:27** Discovering Tribes: Taisun (Their Life and Customs) (Part-1)
- **07:44** Ecotourism: White City Block & Japanese Underground Hospital
- **08:01** Mural Painting Bagan
- **08:13** Plastoleum Diesel
- **08:26** Myanmar Masterclass: Still Life (glass)
- **08:32** The Strokes of Myanmar
- **09:01** Charming & Fragrant Sabai
- **09:10** Kyauk Gu Umin Cave Gu Pha Ya
- **09:26** Myanmar's Entrepreneurs: Soe Moe Aung
- **09:39** Home Grown Treasure (Part-1)
- **10:01** Talk & Discussion: All about Weight Loss
- **10:43** Myanmar Betels
- **11:20** Scented Buddha Images

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
တောင်တန်းမြေမှပွင့်သောပန်း

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
နှုရင်းသီးအကြောင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ချိုအေးမွှေးတဲ့အုံးမွှေးလုံး

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ရသာချိုမြိန် ချင်းရိုးရာမှုစ်ဟင်းရည်ဘိုင်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
တောင်ကျကျေးရွာအပိုင်း(၁)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဂဝံယဉ်ကျေးမှု

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
နွံထဲကရွှေကြာ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
သူတို့ယဉ်ကျေးမှုသူတို့ရိုးရာ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ပြောင်းဖူးဟင်းရည်ချက်စားကြရအောင်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ အပိုင်း(၅)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၂)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကာကွယ်ခုခံပိုင်ခွင့်ရှိသောအပိုင်းအခြား'**
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews


**မြန်မာ့အလင်း**

- စာတည်းမှူးချုပ် - အောင်နိုင်ဦး
- ခေတ္တစာတည်းမှူး - မြင့်စိုး
- သတင်းထောက်မှူး - ခင်ရတနာ
- စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
- အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
- အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
- ဓာတ်ပုံ သတင်းထောက် - တင်စိုး
- သုတေသန - အိအိခင်နှင့် အဖွဲ့
- စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
- စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
- အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
- ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
- ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဖုန်းအပိုပစ္စည်းများကို လျှော့စျေးဖြင့်ရယူပြုပြင်ခြင်းနှင့် အခမဲ့သန့်ရှင်းရေးလုပ်နိုင်မည့် HUAWEI Service  Carnival Campaign ပြုလုပ်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၁**

ဟွာဝေးဖုန်းများအတွက် ရက် ၉၀ တရားဝင် အာမခံပါဝင်သော အပိုပစ္စည်းများကို ၅၀ ရာခိုင်နှုန်းအထိ လျှော့စျေးများဖြင့် ရယူပြုပြင်နိုင်မည့်အပြင် ဟွာဝေးထုတ်ကုန်များကို အခမဲ့ သန့်ရှင်းရေးလုပ်နိုင်မည့် HUAWEI Service Carnival Campaign ကို Huawei Device (Hong Kong)၏ စီစဉ်မှုဖြင့် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြုလုပ်လျက်ရှိပြီး ဟွာဝေးဖုန်းများ အသုံးပြုနေသူများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ ဟွာဝေးဝန်ဆောင်မှုစင်တာများ၌ ဝန်ဆောင်မှုကိုရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟွာဝေးဖုန်း အပိုပစ္စည်းများကို လျှော့စျေးရရှိနိုင်မည့် အစီအစဉ်မှာ ထုတ်ကုန်၏အာမခံကျော်လွန်ပြုပြင်မှုများအတွက် အသုံးပြုသည့် အပိုပစ္စည်းများအပေါ်တွင် ၅၀ ရာခိုင်နှုန်းအထိ လျှော့စျေးဖြင့်ရယူ၍ ပြုပြင်နိုင်မည့် အစီအစဉ်ဖြစ်ပြီး ဖုန်းအမျိုးအစားအားလုံးအတွက်မဟုတ်ဘဲ ဟွာဝေးက သတ်မှတ်ထားသည့် ဖုန်းစီးရီး လေးမျိုးမှ ဖုန်းမော်ဒယ်များအတွက်သာ ရရှိမည်ဖြစ်သည်။

အပိုပစ္စည်းများကို လျှော့စျေးဖြင့်ရရှိနိုင်မည့် ဖုန်းစီးရီးနှင့် မော်ဒယ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| စီးရီးများ | မော်ဒယ်လ်များ |
|---|---|
| P စီးရီးများ | P10, P20, P20 lite, P30, P30 lite, P40 lite, P smart S, P smart Z |
| Mate စီးရီးများ | Mate 10 Pro, Mate 20, HUAWEI Mate 20 Pro |
| nova စီးရီးများ | nova 2 lite ,nova 2i, nova 3, nova 3i, nova 4, nova 4e, nova 5T, nova 6 SE, nova 7, 7 SE 5G, nova 7i |
| Y စီးရီးများ | Y MAX, Y3 2017, Y5 2017, Y5 2018, Y5 lite 2017, Y6 Prime 2018, Y6 Pro 2019, Y6 II, Y7 2018, Y7 Prime, Y7 Pro 2018, Y7 Pro 2019, Y9 2018, Y9 2019 |

ဖုန်းအမျိုးအစားအလိုက် အပိုပစ္စည်းများ၏ မူလစျေးနှုန်းနှင့် လျှော့စျေးဖြင့်ရယူပြုပြင်နိုင်မည့် စျေးနှုန်းများကို သိရှိနိုင်ရန်အတွက် https://consumer.huawei.com/mm/support/huawei-service-carnival-campaign ဝက်ဘ်ဆိုက်လိပ်စာသို့ ဝင်ရောက်၍ မိမိဖုန်း၏ စီးရီးနှင့်မော်ဒယ်ကို ရွေးချယ်ကာ ဝင်ကြည့်နိုင်မည်ဖြစ်သည်။

အဆိုပါစျေးနှုန်းများသည် ရရှိနိုင်မည့် အပိုပစ္စည်းများအတွက် ခန့်မှန်းကျသင့်ငွေဖြစ်ပြီး ငွေစျေးအတက်အကျအပေါ်မူတည်၍ စျေးနှုန်းအနည်းငယ်ပြောင်းလဲမှုရှိနိုင်ကြောင်း၊ လျှော့စျေးဖြင့်ရယူပြုပြင်နိုင်မည့် အပိုပစ္စည်းအရေအတွက်ကို ကန့်သတ်ထားခြင်းမရှိဘဲ ဖုန်းများ၏လိုအပ်ချက်အပေါ်မူတည်၍ ရယူနိုင်မည်ဖြစ်ကြောင်း၊ ပြုပြင်မည့်သူများသည် အပိုပစ္စည်းတန်ဖိုးသာ ပေးချေရမည်ဖြစ်ပြီး ပြုပြင်ခအပါအဝင် မည်သည့်အပိုငွေကြေးမှ ထပ်မံပေးဆောင်ရန်မလိုကြောင်း ဟွာဝေးက ကြေညာထားသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် တရားဝင်တင်သွင်းရောင်းချထားသော ဟွာဝေးထုတ်ကုန်များသာ ဤဝန်ဆောင်မှုတွင် ပါဝင်နိုင်ကြောင်း၊ အပိုပစ္စည်းများ ရရှိနိုင်မှုသည် ဦးစားပေးဝယ်ယူခြင်းအပေါ် မူတည်ကြောင်း၊ အထူးလျှော့စျေးဝန်ဆောင်မှုတွင် ပါဝင်သူများစွာရှိနိုင်သောကြောင့် အပိုပစ္စည်းရရှိနိုင်ခြင်းရှိမရှိကို မိမိတို့ သွားရောက်ပြုပြင်မည့် ဝန်ဆောင်မှုစင်တာသို့ ပြုပြင်ရန်မသွားရောက်မီ ကြိုတင် ဆက်သွယ်စုံစမ်းရန် အကြံပြုကြောင်းလည်း ကြေညာထားသည်။

အခမဲ့သန့်ရှင်းရေး ဝန်ဆောင်မှုမှာမူ အမျိုးအစားနှင့် မော်ဒယ်သတ်မှတ်ချက်မရှိဘဲ တရားဝင်တင်သွင်းထားသော ဟွာဝေးတံဆိပ် ဖုန်းများ၊ တက်ဘလက်များနှင့် စမတ်နာရီများကဲ့သို့ ဝတ်ဆင်နိုင်သော နည်းပညာပစ္စည်းများကို အသုံးပြုနေသူများအနေဖြင့် ဟွာဝေး၏ ဝန်ဆောင်မှုစင်တာများတွင် သတ်မှတ်ကာလအတွင်း အခမဲ့စစ်ဆေးခြင်း၊ အခမဲ့ပိုးသတ်ခြင်း၊ အခမဲ့သန့်ရှင်းခြင်းတို့ကို ပြုလုပ်နိုင်မည့်ဝန်ဆောင်မှုဖြစ်ကာ အဆိုပါ အခမဲ့သန့်ရှင်းရေး ဝန်ဆောင်မှုကိုမူ ထုတ်ကုန်တစ်ခုစီအတွက် တစ်ကြိမ်သာ ရရှိနိုင်မည်ဖြစ်ကြောင်း ဟွာဝေးမှထုတ်ပြန်ချက်အရ သိရသည်။

**ကိုစိုး**

**Application Review**

## သီချင်းကြိုက်သူတွေအတွက် Tag Editor အက်ပလီကေးရှင်းများ

မိုဘိုင်းဖုန်းတွေထဲကို MP3 သီချင်းတွေ ဒေါင်းလုပ်ဆွဲပြီးဖြစ်ဖြစ်၊ အခြားသူဆီကနေ ကူးယူတာပဲဖြစ်ဖြစ် ကိုယ့်ဖုန်းထဲရောက်လို့ ဖွင့်လိုက်တဲ့အခါ သီချင်းနာမည်၊ သီဆိုသူနာမည်နဲ့ အယ်လ်ဘမ်နာမည်တွေနေရာမှာ မှန်မှန်ကန်ကန်မြင်တွေ့ရတာ ရှားပါတယ်။ သီချင်းကိုယူတဲ့နေရာက မူလရေးထားတဲ့အတိုင်း AVSEQ 1, 2, 3 စသည်ဖြင့်သာ ပေါ်နေတာမျိုးကို တွေ့ရမှာပါ။ အခုနောက်ပိုင်းဖုန်းတွေထဲက Music Player တွေမှာ သီချင်းနာမည်တွေကို အလွယ်တကူပြင်နိုင်ပေမယ့် အဲဒီလိုပြင်တာက Music Player တစ်ခုတည်းအတွက်ပဲ အမှန်ပြမှာဖြစ်ပါတယ်။ သီချင်းကို တခြားအက်ပလီကေးရှင်းတစ်ခုနဲ့ ဖွင့်တာပဲဖြစ်ဖြစ်၊ တခြားဖုန်းထဲကို မျှဝေပေးတာပဲဖြစ်ဖြစ်၊ လိုင်းပေါ်တင်လိုက်လို့ တခြားလူကပြန်ဒေါင်းယူတဲ့အခါဖြစ်ဖြစ် အလွဲတွေ ထပ်မြင်နေရဦးမှာဖြစ်ပါတယ်။ အမြဲတမ်း မှန်မှန်ကန်ကန်မြင်ရဖို့ဆိုရင်တော့ Tag Editor အက်ပလီကေးရှင်းတွေကို အသုံးပြုရမှာဖြစ်ပါတယ်။

ပလေးစတိုးမှာ အခမဲ့ရနိုင်တဲ့ Tag Editor အက်ပလီကေးရှင်းတွေ အများကြီးရှိတဲ့အနက် ဖိုင်ဆိုက်သေး၊ ဖုန်းမော်ဒယ် အနိမ့်အမြင့်မရွေးဘဲ သုံးရတာလည်း ရိုးရှင်းလွယ်ကူတဲ့ Tag Editor အက်ပလီကေးရှင်းတစ်ခုကတော့ Hit Music Tag Editor ဖြစ်ပါတယ်။ ဖိုင်ဆိုက်ဟာ 3MB ပဲရှိပြီး ဖုန်းအမျိုးအစားအနေနဲ့လည်း မော်ဒယ်မရွေး သုံးနိုင်သလို Lollipop ကစလို့ အန်းဒရွိုက်ဗားရှင်း ပိုမြင့်တဲ့ဖုန်းတွေမှာ SD ကတ်ထဲက သီချင်းတွေကိုပါ ပြင်နိုင်ပါတယ်။ ဖိုင်အမျိုးအစားအနေနဲ့ MP3 နဲ့ FLAC ဖိုင်တွေကို ပြင်နိုင်ပြီး သီချင်းနာမည်၊ သီဆိုသူနာမည်၊ အယ်လ်ဘမ်နာမည်တွေပြင်ဖို့ အော့ဖ်လိုင်းသုံးနိုင်သလို လိုင်းဖွင့်ထားရင် အက်ပလီကေးရှင်းထဲကနေပဲ ပုံတွေရှာပြီး အယ်လ်ဘမ်အတွက် ပုံအဖြစ်ပါ သုံးနိုင်ပါတယ်။ ပြင်ချင်တာတွေ ပြင်ပြီး သိမ်းလိုက်ပြီးရင်တော့ ဘယ်အက်ပလီကေးရှင်းနဲ့ဖွင့်ဖွင့် သီချင်းနာမည်မှန်တဲ့ MP3 ဖိုင်တွေ ရလာမှာဖြစ်ပါတယ်။ **ကျော်ဇင်ဦး**


**Mobile Game Review**

## လိုက်ဖမ်းရတဲ့ ဇာတ်လမ်းအပြောင်းအလဲနဲ့ Street Chaser ဂိမ်း

အန်းဒရွိုက်ဖုန်းတွေရဲ့ အစောပိုင်းခေတ်က နာမည်ကြီးခဲ့တဲ့ Tumple Run နဲ့ Subway Surfer တို့လို အပြေးဂိမ်းဖြစ်တဲ့ Street Chaser ဟာ ပြေးရတာချင်းတူပေမယ့် ထွက်ပြေးရတာမဟုတ်ဘဲ လိုက်ဖမ်းရတဲ့ဂိမ်းဖြစ်ပါတယ်။ ပိုက်ဆံအိတ်လုပြီးထွက်ပြေးတဲ့ လူဆိုးတွေကို လမ်းတွေပေါ်မှာ ပြေးလွှားရင်း အတားအဆီးတွေကိုရှောင်တိမ်းရင်း လိုက်ဖမ်းရမှာဖြစ်ပြီး ပြေးရင်း လမ်းမှာတွေ့တဲ့ပစ္စည်းတွေကိုသုံးပြီး လူဆိုးတွေကို ပစ်ဖမ်းနိုင်တာက ပိုကောင်းတဲ့ အချက်တစ်ခုဖြစ်ပါတယ်။

ဒီဂိမ်းကို အော့ဖ်လိုင်းအနေနဲ့ ကစားနိုင်သလို လိုင်းဖွင့်ပြီး ကစားသူရှစ်ယောက်အထိ ချိတ်ပြီး ကစားနိုင်ပါတယ်။ အွန်လိုင်းကစားရင် ရလာတဲ့ Coin တွေကို စုစည်းပြီး ပါဝါပိုတိုးလာအောင်လုပ်နိုင်သလို Daily Mission အသစ်တွေကိုလည်း ကစားနိုင်မှာဖြစ်ပါတယ်။ ဒီဂိမ်းဟာ လက်တစ်ဖက်တည်းနဲ့ ကစားနိုင်လို့ အပျင်းပြေကစားလို့ရသလို တဖြည်းဖြည်းခက်လာတဲ့ Level တွေကြောင့် စိတ်ပါလက်ပါ ကစားလို့လည်းရတဲ့ဂိမ်းမျိုး ဖြစ်ပါတယ်။ ဂိမ်းပလေးပိုင်း ခက်ခဲတာကြောင့် ကစားလို့ကောင်းပေမယ့် ဇာတ်ကောင်တွေရော၊ နောက်ခံတွေရော ရုပ်ထွက်ပိုင်းမကောင်းတာက အားနည်းချက်ဖြစ်ပါတယ်။ ဖိုင်ဆိုက်က 90MB ရှိပြီး ပလေးစတိုးမှာ Street Chaser iGold Technologies လို့ ရိုက်ရှာပြီး ဒေါင်းယူနိုင်ပါတယ်။

**ကျော်ဇင်ဦး**




## အူရီဒူး၏ ပိုရင်လှူ လိုရင်ယူ အစီအစဉ်မှ ဖုန်းဘေလ် ကျပ် ၇၅၆၆ သိန်းကျော် ပံ့ပိုးကူညီပေးထား

အူရီဒူးအသုံးပြုသူ ပြည်သူများအတွက် အရေးပေါ် ဖုန်းဘေလ်လိုအပ်လျှင် ပံ့ပိုးကူညီနိုင်ရန်အတွက် အူရီဒူးမြန်မာက ပြုလုပ်ထားသည့် ပိုရင်လှူ လိုရင်ယူ အစီအစဉ်မှ စက်တင်ဘာ ၁၅ ရက်အထိ ဖုန်းဘေလ်အကူအညီတောင်းခံသူ ၁၅ သိန်းနီးပါးအတွက် ဖုန်းဘေလ် ကျပ် ၇၅၆၆ သိန်းကျော်ကို ပံ့ပိုးကူညီပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အူရီဒူးမြန်မာသည် ပိုရင်လှူ လိုရင်ယူ အစီအစဉ်ကို မတ် ၂၀ ရက်က စတင်ပြုလုပ်ခဲ့ပြီး အူရီဒူးဆင်းကတ် အသုံးပြုနေသူများသည် အရေးပေါ်ဖုန်းဘေလ် လိုအပ်ပါက ဖုန်းဘေလ် ကျပ် ၅၀၀ ကို ရယူသုံးစွဲနိုင်ရန် ပြုလုပ်ထားသော အစီအစဉ်ဖြစ်သည်။ ထိုအစီအစဉ်အတွက် အူရီဒူးက စက်တင်ဘာ ၁၅ ရက်အထိ ကျပ် ၇၁၈၂ သိန်းကျော် မတည်လှူဒါန်းထားပြီး အူရီဒူးဝန်ထမ်းများနှင့် အခြားသုံးစွဲသူ ပြည်သူ တစ်သိန်းနီးပါးကလည်း အလှူငွေ ကျပ် ၃၈၄ သိန်းကျော်ကို လှူဒါန်းထားကြောင်း သိရသည်။

အူရီဒူးအသုံးပြုသူများအနေဖြင့် ယင်းအစီအစဉ်အရ အရေးပေါ် ဖုန်းဘေလ်လိုအပ်လျှင် *505# ကို ဖုန်းခေါ်ဆိုပြီး ဖုန်းဘေလ် ကျပ် ၅၀၀ ကို ရယူကာ ယင်းဖုန်းဘေလ်ကို ပုံမှန်ဘေလ်အတိုင်း ဖုန်းခေါ်ဆိုခြင်း၊ စာတိုပို့ခြင်း၊ ဒေတာ သို့မဟုတ် ဖုန်းခေါ်ဆိုမှုအစီအစဉ်များ ဝယ်ယူခြင်းတို့အတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ အလှူငွေကို ရယူသူများသည် အရေးပေါ် တစ်ကြိမ်သာ ရယူနိုင်မည်ဖြစ်ပြီး နောက်တစ်ကြိမ် ရယူရန်အတွက် အနည်းဆုံး ကျပ် ၅၀၀ သို့မဟုတ် ယင်းထက်ပိုသော ဘေလ်ပမာဏကို ပြန်လှူဒါန်းပြီးမှသာ ထပ်မံရယူနိုင်မည်ဖြစ်သည်။ ဖုန်းဘေလ်လှူဒါန်းလိုသူများအနေဖြင့်မူ *505# မှတစ်ဆင့် အနည်းဆုံး ကျပ် ၁၀၀ မှစ၍ အကန့်အသတ်မရှိ လှူဒါန်းနိုင်မည်ဖြစ်သည်။

**ကိုစိုး**

# ရှေးဟောင်းအမွေအနှစ် ပုဂံဒေသမှ စေတီပုထိုးများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်လို

ရန်ကုန် စက်တင်ဘာ ၂၁

**စက်တင်ဘာလဆန်းပိုင်းမှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြန်မာ့ရှေးဟောင်းအမွေအနှစ်တို့ စုဝေးရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ရေဝပ်ရေလျှံမှုဖြစ်ပေါ်ခဲ့၍ စေတီအချို့ပျက်စီးမှုရှိခဲ့သောကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဘုရား၊ စေတီ၊ ပုထိုးများ ရေရှည်တည်တံ့မှုအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာကြောင်း သိရသည်။**




ပုဂံရှေးဟောင်းနယ်မြေတွင်အထင်ကရဘုရား၊စေတီတော်တို့တွင်ပါဝင်သော အလိုတော်ပြည့်ဘုရားကို တွေ့ရစဉ်။

ရှေးဟောင်း အမွေအနှစ် စေတီပေါင်း ၃၀၀၀ ကျော် တစ်နေရာတည်းတွင် စုဝေးတည်ရှိရာ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေကို ယူနက်စကိုက ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နေရာအဖြစ် ၂၀၁၉ ဇူလိုင် ၆ ရက်က သတ်မှတ်ခဲ့ပြီး ကမ္ဘာတွင် ထိုသို့ ရှေးဟောင်းအမွေအနှစ် စေတီပုထိုး ၃၀၀၀ ကျော် တစ်နေရာတည်း စုစုစည်းစည်း တည်ရှိနေမှုမှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ရှိသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစား လေ့လာကြသည့် အထင်ကရဘုရား၊ စေတီ ၄၀၀ ကျော်ရှိပြီး ထိုဘုရား၊ စေတီနံရံတို့တွင် ရှေးဟောင်းပန်းချီလက်ရာတို့ကို တစုတဝေးတည်း တစ်နေရာတည်းတွင် တွေ့မြင်ရသောကြောင့် အရှေ့တောင်အာရှသာမက ကမ္ဘာအတွက် တန်ဖိုးဖြတ်၍မရသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာနေရာလည်း ဖြစ်သည်။

"ပုဂံခေတ်ကတည်းက ရှေးဟောင်းနယ်မြေမှာ ရေမကြီးခဲ့ဘူး။ ညောင်ဦးမြို့အထိ ရေဝင်တာတော့ ရှိခဲ့ဖူးတယ်။ ရှေးဟောင်းစေတီပုထိုးတွေဟာ ဧရာဝတီမြစ်ဘေးမှာရှိတဲ့အတွက် ပုဂံခေတ်ကတည်းက ရေဆင်းပေါက်တွေ လုပ်ဆောင်ခဲ့တယ်ဆိုတာ ရှေးယခင်ကဓာတ်ပုံတွေကို ကြည့်ရင် တွေ့ရမှာပါ။ ဧရာဝတီမြစ်အတွင်းကို ဆင်းရမယ့်ရေထွက်ပေါက်တွေ ပိတ်နေတယ်။ ပြီးတော့ စေတီဝင်းအတွင်းက ရေထွက်ပေါက်တွေ ပိတ်နေတာကြောင့် မိုးအဆက်မပြတ်ရွာချိန်မှာ ရေဝပ်ရေလျှံဖြစ်တာပါ။ နှစ်ပေါင်းများစွာ သက်တမ်း ကြာမြင့်နေပြီဖြစ်တဲ့ စေတီ၊ ပုထိုးတွေ ရာသီဥတုအပြောင်းအလဲမှာ ပျက်စီးမှုမရှိအောင် ကြိုတင်ပြင်ဆင်လုပ်ဆောင်ရတော့မယ်ဆိုတာကို အသိပေးလိုက်တာပါပဲ။ စူဠာမဏိဘုရားဆိုရင် ဗိသုကာပညာအင်မတန် ထွန်းတောက်တဲ့အချိန်မှာ တည်ဆောက်ခဲ့တာဖြစ်တဲ့အတွက် ရေဝပ်တယ်ဆိုတာ မရှိဘူး။ စေတီအပေါ်က ရေဆင်းပေါက်တွေပိတ်ကုန်လို့ ရေဝပ်မှုတွေရှိလာပါတယ်။ ပြီးတော့ ဆူဟာတို နှစ်လမ်းသွားလမ်းမကြီး ဖောက်လိုက်ကတည်းက မူလရေဆင်းပေါက်တွေ ပိတ်သွားတယ်၊ ပျက်ကုန်တာလည်းပါတယ်။ ကမ္ဘာမှာ မရှိသေးတဲ့ ရှေးဟောင်းအမွေအနှစ်တွေ တစ်နေရာတည်း တစုတဝေးတည်းမှာတည်ရှိနေတဲ့ ယဉ်ကျေးမှုနယ်မြေဖြစ်တဲ့အတွက် အမြန်ဆုံးဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ဖို့လိုနေပါပြီ"ဟု မြန်မာနိုင်ငံရှေးဟောင်းသုတေသန အသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာမျိုးက ပြောသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းနယ်မြေရှိ စေတီ၊ ပုထိုးများနှင့် ဆက်စပ်နေရာတို့တွင် အရေးပေါ်ဆောင်ရွက်ရမည့် ကဏ္ဍနှင့် ရေရှည်လုပ်ဆောင်ရမည့် ကဏ္ဍတို့ဖြင့် ပြုပြင်ထိန်းသိမ်းမှုများလုပ်ရန် လိုအပ်လာခြင်းဖြစ်သည်။ ဧရာဝတီမြစ်ကမ်းပါးတွင် မြန်မာ့ရှေးဟောင်းအမွေအနှစ်များစွာ တည်ရှိနေသောကြောင့် ပြောင်းလဲလာသောကမ္ဘာ့ရာသီဥတုနှင့် နှစ်စဉ်ကြုံတွေ့လာရသော ရေကြီးရေလျှံဖြစ်ပေါ်မှုကို ဒေသတွင်း နိုင်ငံများနည်းတူ ရင်ဆိုင်လာရလျက်ရှိရာ ဧရာဝတီမြစ်ရေလမ်းကြောင်း ပြန်လည်ထိန်းသိမ်းခြင်းနှင့် ပုဂံရှေးဟောင်းနယ်မြေအတွင်း ရေဆင်းလမ်းများ ပြန်လည် ဖော်ဆောင်ခြင်းတို့ဖြင့် ရာသီဥတုပြောင်းလဲမှုအကျိုးဆက်ကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ပြီး ယဉ်ကျေးမှု အမွေအနှစ်တို့ကို ဆက်လက် ထိန်းသိမ်းနိုင်မည် ဖြစ်သည်။

ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့ဝင် ဦးတင်လှက "ပုဂံမှာ ပြည်တွင်းခရီးသွားတွေ ဝါဝင်၊ ဝါထွက်နဲ့ သင်္ကြန်အပြီး စည်ကားတတ်ပါတယ်။ ဒီလ ပုပ္ပားမှာ ဘိုးတော်ထွက်ပွဲကို လာရင်းနဲ့ ပုဂံကို လာကြတာရှိတယ်။ ဒီလဆန်းပိုင်း မိုးမပြတ်ဘူး။ ရွာလိုက်တိတ်လိုက်ပဲ။ အများကြီး မပျက်စီးပါဘူး။ ဘုရားနှစ်ဆူတော့ ပြိုတာပြုတာရှိတယ်။ ဓမ္မရာဇကဘုရားတံတိုင်း နည်းနည်းပြိုတယ်။ အခုလိုဖြစ်စဉ်မျိုး လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကလည်း ဖြစ်ဖူးတယ်။ ဒီလိုမိုးရွာတဲ့ အခါမှာ ဘုရား၊ စေတီအပေါ်ပိုင်းက ရေထွက်ပေါက်တွေ ပိတ်နေရင် ရေကန်ကြီး လှောင်ထားသလို ရေဝပ်ပြီး စေတီတွေပျက်စီးတာလည်းရှိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တန်ဖိုးဖြတ်လို့မရတဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေဖြစ်တဲ့အတွက် အားလုံးဝိုင်းဝန်းလက်တွဲစောင့်ရှောက်ဖို့လည်း လိုပါတယ်" ဟု ပြောသည်။

ညောင်ဦးမြို့နယ် ပုဂံမြို့တွင် စက်တင်ဘာလဆန်းမှ ၁၇ ရက်အထိ မိုးမပြတ်ရွာသွန်းမှုကြောင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အုတ်တံတိုင်းအချို့ ပြိုကျခြင်း၊ စေတီအပြင်နံရံ အုတ်ချပ်များ ပျက်စီးခြင်းနှင့် ရေဆင်းပေါက်များပိတ်၍ ရေဝပ်ရေလျှံဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ရှေးဟောင်းအမွေအနှစ်များ ထိခိုက်ပျက်စီးသည့်အတွက် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများ ရေရှည်တည်တံ့မှုအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာခြင်းဖြစ်သည်။



စက်တင်ဘာလဆန်းပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပုဂံရှေးဟောင်းနယ်မြေ၌ ရေဝပ်ရေလျှံမှု ဖြစ်ခဲ့စဉ်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ-ကနူး**




## အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းဆင်း

**သဲကုန်း စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများ ပေါ်ထွက်လာစေရန်၊ ကျေးရွာလူနေမှုဘဝများ အဆင့်မြင့်မားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ခေါင်းဆောင်မှု၊ အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ရေပေးရေးဆိုင်ရာသင်တန်းကို အွန်လိုင်းစနစ်ဖြင့် ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ ယခုအခါ ကျေးရွာပေါင်း ၁၆ ရွာ၌ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများ၊ ရေပေးရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည့် ကျေးရွာများနှင့် လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများ စုစုပေါင်း ၁၆ ရွာမှ သင်တန်းသား သင်တန်းသူများအား သင်ကြားပို့ချခဲ့ရာ ယခုအခါ စုစုပေါင်း ၁၁၂ ဦးအား ခေါင်းဆောင်မှု၊ အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ရေပေးရေးဆိုင်ရာ အသိပညာများကို စနစ်တကျ လေ့ကျင့်သင်ကြားပို့ချပေးနိုင်ခဲ့ပြီဖြစ်သည်။

သင်တန်းဖွင့်လှစ်ပြီးစီးသည့် အဆိုပါကျေးရွာများကို စောင့်ကြည့်စစ်ဆေးအကဲဖြတ်ခြင်း၊ ဆန်းစစ်အမှတ်ပေးမှုများ ပြုလုပ်ခြင်းနှင့် စံပြကျေးရွာရွေးချယ်ခြင်းတို့ကိုလည်း ဆက်လက်စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**
**(ကျေးလက်)**

## စလင်းမြို့နယ်မှ ရေဘေးသင့်ကျေးရွာ ၁၈ ရွာသို့ တိရစ္ဆာန်အစာအိတ်များ ထောက်ပံ့

**စလင်း စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ကျေးရွာပေါင်း ၁၈ ရွာမှ ဒေသခံမွေးမြူရေးတောင်သူများ တိရစ္ဆာန်အစာ အစာအခက်အခဲမဖြစ်စေရေးအတွက် တိရစ္ဆာန်အစာအစာများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယမန်နေ့က ထောက်ပံ့ပေးအပ်သည်။

ယခုနှစ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်၍ ရေဝင်ရောက်ခြင်း၊ ကမ်းပါးပြိုခြင်းတို့ကြောင့် ရေဘေးသင့်ခဲ့သော ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ ကျေးရွာ ၁၈ ရွာ၌ ဒေသခံတောင်သူများ မွေးမြူထားသည့် ကျွဲ၊ နွားကောင်ရေ ၂၅၀၀ ကျော်ရှိရာ တိရစ္ဆာန်အစားအစာအတွက် တောင်သူများ အခက်မကြုံစေရန် တိရစ္ဆာန်အစာအိတ် ၅၀ ကီလိုဂရမ် အလုံးရေ ၁၀၀ ကို အိမ်ထောင်စုအလိုက် စနစ်တကျထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

ထို့အပြင် သဘာဝဘေးဒဏ်သင့် ကျေးရွာများမှ ကျွဲ၊ နွားတိရစ္ဆာန်များ ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအောင်သူရ ဦးဆောင်သော ဝန်ထမ်းများက ကျေးရွာအုပ်စုများအလိုက် သွားရောက်၍ ပေါင်ပုပ်၊ လက်ပုပ် ရောဂါ၊ လည်ချောင်းကွဲရောဂါနှင့် ထောင့်သန်းရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ကုသရေးလုပ်ငန်းများကိုလည်း အခမဲ့ကွင်းဆင်းလုပ်ဆောင်ပေးနေကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

# မလေးရှားနိုင်ငံတွင်ရောက်ရှိနေပြီး ငွေကြေးလိမ်လည်ခြင်းခံရခြင်းကြောင့် နေရပ်သို့ပြန်နိုင်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် မြန်မာနိုင်ငံသား ၁၇ ဦးအား နိုင်ငံတော်အစိုးရက ကူညီခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၂၁**

မလေးရှားနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၁၇ ဦးသည် မိမိနိုင်ငံသို့ ပြန်လည်ထွက်ခွာရန်အတွက် ဆောင်ရွက်ခဲ့စဉ် ငွေကြေးလိမ်လည်ခြင်းခံရပြီး နေရပ်သို့ပြန်နိုင်ရန် အခက်အခဲ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါနိုင်ငံသားများအား နိုင်ငံတော်မှ ကုန်ကျစရိတ်ကျခံ၍ အမြန်ဆုံးပြန်လည်ခေါ်ယူနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာလ ၆ ရက်တွင် ပြုလုပ်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ လမ်းညွှန်မှာကြားခဲ့သည်။

**လေဆိပ်သို့ရောက်ရှိ**

မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲဖြစ်ပေါ်ခဲ့သော အဆိုပါ မြန်မာနိုင်ငံသား ၁၇ ဦး အမြန်ဆုံးနေရပ်ပြန်နိုင်ရေးအတွက် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံးတို့မှ တာဝန်ရှိသူများက မလေးရှားနိုင်ငံမှ ဌာနဆိုင်ရာများနှင့် လိုအပ်သည့် ညှိနှိုင်းစစ်ဆေးမှုများပြုလုပ်၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ၎င်းတို့အား လိုအပ်သည့်ဆေးစစ်မှုများ ဆောင်ရွက်ခဲ့ရာတွင် ၎င်းတို့ ၁၇ ဦးအနက် ၁၄ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုခံထားရကြောင်း တွေ့ရှိရပြီး



မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်သည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

ပိုးကူးစက်မှု မတွေ့ရှိရသည့် သုံးဦးအား စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ မြန်မာလေကြောင်းလိုင်း၏ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညနေ ၄ နာရီခွဲခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့သည့် ၁၄ ဦးအား ၎င်းတို့နေထိုင်ရာများ၌ သီးခြားစောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်တွင် လိုအပ်သည့် ရောဂါစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရောဂါပြန်လည်ပျောက်ကင်းခဲ့သဖြင့် စက်တင်ဘာ ၂၀ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI)၏ ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညနေ ၄ နာရီခွဲခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့သည်။

**ဆက်သွယ်ဆောင်ရွက်နိုင်**

ပြည်ပနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် အခက်အခဲရှိသူများကို နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံသား အခက်အခဲရောက်နေတဲ့ ဒုက္ခသည်အဖြစ်နဲ့ ကျွန်တော်တို့ကို မြန်မာနိုင်ငံအထဲ ထိရောက်အောင် ပို့ပေးမယ်ဆိုတဲ့ သတင်းကိုကြားတော့ ကျွန်တော်ဝမ်းသာလွန်းအားကြီးလို့ ထမင်းတောင်မစားနိုင်ဘူး

**အောင်ဆန်းလင်း**

မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူ နှစ်ဦး၏ ပြောကြားချက်များကို ယခုကဲ့သို့ သိရှိရသည်။



သောင်းထိုက်စိုး



အောင်ဆန်းလင်း

**သောင်းထိုက်စိုး**

ကျွန်တော့်နာမည်က သောင်းထိုက်စိုးပါ၊ အသက်က ၃၄ နှစ်။ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၊ ငလိုက်ကျေးရွာအုပ်စု၊ သီးခြောက်ကျေးရွာမှာ နေထိုင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကို ပြန်ချင်တာပေါ့ဗျာ။ အမေ ကျန်းမာရေးမကောင်းလို့ ပြန်ဆင်းဖို့ရာ သူတို့က နှစ်ပတ်အတွင်း ပြန်ရမယ်ဆိုပြီး မြန်မာအေးဂျင့်ဖြစ်တဲ့ ချင်းလူမျိုး အဘွားလေး၊ တစ်ယောက်က ရဲဝင်းအောင် မြန်မာလူမျိုးပဲ ကျွန်တော်တို့ကို နှစ်ပတ်အတွင်း ပြန်ရမယ်။ မလေးငွေ ၃၂၀၀ သူတို့ကို ဝန်ဆောင်ခ ပေးရမယ်ဆိုပြီး ကျွန်တော်တို့ အဲဒီမှာ ၇ လပိုင်း ၄ ရက်နေ့ ရောက်တဲ့အချိန်မှာပဲ မလေးငွေ ၃၂၀၀ လုံး သူတို့လက်ထဲကို ပိုက်ဆံပေးခဲ့ပါတယ်။ ပေးခဲ့ပြီးတော့ ကျွန်တော်တို့ကို နှစ်ပတ်အတွင်း မပြန်ရရင် မင်းတို့ပိုက်ဆံ ပြန်ပေးမယ်လို့ ပြောပါတယ်။ နှစ်ပတ်ပြည့်သော်လည်း နေ့ရွှေ့၊ ရက်ရွှေ့နဲ့ ကျွန်တော်တို့ကိုရွှေ့ထားရာကနေ နှစ်လကျော်ကျော်၊ နှစ်လခွဲလောက် တိုက်ထဲကနေ ဘယ်မှသွားခွင့်မပေးဘဲ ပြန်လည်းမပို့ဘဲထားတယ်။ အဲဒီလိုဖြစ်တဲ့အချိန်မှာ စစ်သံမှူးဗိုလ်မှူးချုပ် အေးလွင်က ကျွန်တော်တို့ကို ဆက်သွယ်ပြီးတော့မှ မြန်မာပြည်ပြန်ရောက်တဲ့အထိအောင် ကူညီပေးပါတယ်။ မြန်မာနိုင်ငံသံရုံးကိုလည်း သွားပြီးတော့မှ CIO လျှောက်ပေးတဲ့ နေရာမှာလည်း ဗိုလ်မှူးချုပ် အေးလွင်ကိုယ်တိုင် လိုက်ပြီးတော့မှ ဆောင်ရွက်ပေးပါတယ်။

ကျွန်တော်တို့ကို မလေးရှားမှာ လိုအပ်သမျှ အစစအရာရာ မြန်မာပြည်ပြန်တဲ့အထိ ရောက်အောင် လေယာဉ်ပေါ်တက်သည့်အထိအောင် ဗိုလ်မှူးချုပ်အေးလွင်က စောင့်ပြီးတော့မှ ကျွန်တော်တို့ကို ကူညီပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကနေပြီး စက်တင်ဘာ ၆ ရက်နေ့ အစည်းအဝေးလုပ်တဲ့ အချိန်မှာ ကျွန်တော်တို့ ကျန်ခဲ့တဲ့ ၁၄ ယောက်ကို မြန်မာနိုင်ငံအရောက် ပြန်ခေါ်ရမယ်ဆိုတဲ့ သတင်းကို ကျွန်တော်တို့ Facebook မှာ သတင်းတွေ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်ခင်ဗျ။ ဟိုကနေ ပြန်လာရတဲ့အချိန်ကနေစပြီး ကွာရန်တင်းစင်တာကို ရောက်သည့် အချိန်ထိအောင် ကျွန်တော်တို့ကို အားလုံးအစစအရာရာ တာဝန်ယူဆောင်ရွက်ပေးတဲ့ အတွက်လည်း ကျွန်တော်တို့ ဝမ်းသာပါတယ်ခင်ဗျာ။

**အောင်ဆန်းလင်း**

ကျွန်တော်က မောင်အောင်ဆန်းလင်းပါ။ မလေးရှားနိုင်ငံမှာ ရောက်တာ သုံးနှစ်ကျော်ပါပြီ။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ်၊ စာဖောင်ကျေးရွာမှာ နေပါတယ်။ စစ်တွေက ပွဲစားတစ်ယောက်နဲ့ တွေ့တယ်။ ပွဲစားတစ်ယောက်နဲ့ တွေ့ပြီး ပွဲစားက နှစ်ပတ်နဲ့ပြန်ရမယ်ဆိုပြီး အာမခံပါတယ်။ ပြန်ရမယ်ဆိုတော့ ကျွန်တော်တို့ ပျော်တာပေါ့။ ဒါပေမယ့် နှစ်ပတ်ဆိုပြီး လိမ်သွားပါတယ်။ မြန်မာပြည်ကို မရောက်ခင်မှာ အခက်အခဲမျိုးစုံနဲ့ ထမင်းဆိုလည်း မဝတဝစားရပါတယ်။ ရေဆိုတာတောင် ကောင်းကောင်းမသောက်ရဘူး။ ရေတောင်မှ တော်သည့်အထိ ဒုက္ခမျိုးစုံဖြစ်ခဲ့ပါတယ်။

စစ်သံမှူးက CIO စာရွက် လျှောက်ဖို့အတွက် လိုက်ပို့ပေးပါတယ်။ သံရုံးအထိအောင် ရောက်အောင် ကျွန်တော်တို့ကို ကူညီပေးခဲ့ပါတယ်။ အဲဒီမှာ CIO စာရွက်ထုတ်ပေးတယ်။ နောက်ပြီး ကျွန်တော်တို့ကို ဆေးစစ်ဖို့နဲ့ အစစအရာရာအကုန်လုံး မြန်မာနိုင်ငံရောက်အောင်အထိ လ.ဝ.က ရုံးသွားတဲ့အခါမှာလည်း စစ်သံမှူးကိုယ်တိုင်လာပြီးတော့ အစအဆုံးထိအောင် ကူညီပေးပါတယ်။ မြန်မာနိုင်ငံသား အခက်အခဲရောက်နေတဲ့ ဒုက္ခသည်အဖြစ်နဲ့ ကျွန်တော်တို့ကို မြန်မာနိုင်ငံအထဲ ထိရောက်အောင် ပို့ပေးမယ်ဆိုတဲ့ သတင်းကိုကြားတော့ ကျွန်တော်တို့ အတိုင်းအထက်အလွန် အင်မတန်မှ ဝမ်းသာပါတယ်။ ကျွန်တော်တို့ ဝမ်းသာလွန်းအားကြီးလို့ ထမင်းတောင် မစားနိုင်ဘူး။

လေယာဉ်နဲ့ ခေါ်ပေးတဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တကွ တာဝန်ရှိသူများ၊ ကျေးဇူးတင်ထိုက်သူ အကုန်လုံးကို အလွန်ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံရောက်တော့ မိသားစုနဲ့ အမိအဖဆွေမျိုးအသိုင်းအဝိုင်းများကို တွေ့ရတော့မယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာပါတယ်။ ဒီထက်မက ဝမ်းသာတဲ့အရာ မရှိတော့ပါဘူး။ ကိုယ်နိုင်ငံထဲထိ ရောက်အောင် ကူညီပေးခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တကွ ကျေးဇူးတင်ထိုက်တဲ့လူ အားလုံးကို ဒီနေရာကနေပြီး ကျေးဇူးအထူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

# သီပေါမြို့နယ် ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်ကျောင်းများသို့ ဆွမ်းဆန်တော်အခက်အခဲမရှိစေရန် အလှူငွေများ လှူဒါန်း

**သီပေါ စက်တင်ဘာ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ ဘုန်းတော်ကြီးသင်နှင့် သာသနာ့နွယ်ဝင်သီလရှင်သင် ပညာရေးကျောင်းများအတွက် ကိုဗစ်-၁၉ ကာလ ဆွမ်းဆန်တော်အခက်အခဲ မရှိစေရန် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်နှင့် သီလရှင်သင်ကျောင်းများအား ယနေ့ မွန်းလွဲပိုင်းက ကျောက်မဲခရိုင် သာသနာရေးဦးစီးဌာနက နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖြစ်သည့် ရေပေါ်၊ ဝမ်စိမ်း၊ ကုန်းကော်၊ လုတ်ဂုန်း၊ မန်လီ၊ ခေးနင်း၊ မန်ခိုင်း ဆီထောက် ဘုန်းတော်ကြီးသင်ကျောင်းများနှင့် လွယ်မုတ်တောင်ရွှေမောင်းစာသင်တိုက်နှင့် ဓမ္မသုခသီလရှင် စာသင်တိုက်များသို့ ခရိုင်သာသနာရေး ဦးစီးမှူး ဦးသန်းဇော်လတ်နှင့် ဝန်ထမ်းများက စာသင်တိုက်တစ်တိုက်လျှင် အလှူတော်ငွေကျပ် တစ်သိန်းစီကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

## အင်းတော်မြို့တွင် စိမ့်စမ်းရေ ၂၄ နာရီ ရေပေးဝေရေး ရေပိုက်လိုင်းများ ပြတ်တောက်သဖြင့် ပြုပြင်ဆောင်ရွက်နေ

**အင်းတော် စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် စိမ့်စမ်းရေ ၂၄ နာရီ ရေပေးဝေရေး ရေပိုက်လိုင်းများ စက်တင်ဘာ ၁၉ ရက်က မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပြီး ရေပိုက်လိုင်းများ အက်ကွဲပြတ်တောက်နေသဖြင့် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက အကြီးစားပြင်ဆင်မှုပြုလုပ်ရန် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။



စိမ့်စမ်းရေ ၂၄ နာရီ ရေပေးဝေရေး အကြီးစားပြင်ဆင်မှု ဆောင်ရွက်ရာသို့ မြို့နယ်ရေပေးဝေရေး တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းစိုး ဦးစီး၍ ရေလုပ်သားများနှင့်အတူ စက်ယန္တရား အသုံးပြု၍ ရေပေးဝေနိုင်ရေးအတွက် ဆောင်ရွက်နေသော်လည်း အနည်းဆုံး ငါးရက်ခန့် ကြာမည်ဖြစ်ကြောင်း ရေပေးဝေရေးအဖွဲ့ထံမှ သိရသည်။

မြို့တွင်း ရေပေးဝေရေး လုပ်ငန်းသည် အင်းတော်မြို့နှင့် ၅ မိုင် ၃ ဖာလုံ ဝေးသော ဆင်ကြပ်တောင်စိမ့်စမ်းရေ ရေစုကန်မှ မြို့တွင်း (၄)ရပ်ကွက်နှင့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံသို့ ဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေစုကန်အတွင်းသို့ ဝင်ရောက်လျက်ရှိသည့် အမှိုက်သရိုက်များ ရှင်းလင်းခြင်း **(အပေါ်ပုံ)**၊ အက်ကွဲပြတ်တောက်နေသော ရေပိုက်လိုင်းများကို အကြီးစားပြုပြင်မှု လုပ်ဆောင်ပြီးစီးပါက မြို့တွင်းသို့ သန့်ရှင်းကြည်လင်သော ရေများသုံးစွဲနိုင်ရန် မြို့နယ်ရေပေးဝေရေးအဖွဲ့မှ အမြန်ဆုံး ဆောင်ရွက်နေကြောင်း အဆိုပါ ရေပေးဝေရေးအဖွဲ့ တာဝန်ရှိသူထံမှ သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## ဒုတိယအကြိမ်တွေ့ဆုံမှုတွင် ဝက်စ်ဟမ်းအသင်း မန်ယူကို အနိုင်ယူနိုင်မလား

ကာရာဘောင်ဖလားပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၂၃ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် မန်ယူအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ပရီမီယာလိဂ်တွင် တွေ့ဆုံပြီး သုံးရက်အကြာ ကာရာဘောင်ဖလားပြိုင်ပွဲတွင် ထပ်မံဆုံတွေ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ်တွင် တွေ့ဆုံစဉ် မန်ယူအသင်းက စီရော်နယ်ဒို၊ လင်ဂတ်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး–တစ်ဂိုးဖြင့် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိထားသည်။ အဆိုပါပွဲစဉ်တွင် မန်ယူအသင်းသည် ဝက်စ်ဟမ်းအသင်းကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရကာ ပွဲချိန်ပြီးခါနီးတွင် ဝက်စ်ဟမ်းအသင်း၏ ပယ်နယ်တီကို ဂိုးသမား ဒီဂီယာလက်စွမ်းပြ ကာကွယ်ထားနိုင်မှုကြောင့်သာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် မန်ယူအသင်းကို အနိုင်ယူသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။

မန်ယူအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် လေးပွဲတွင် သုံးပွဲအထိ နိုင်ပွဲရရှိပြီး တစ်ပွဲသာရှုံးနိမ့်ခဲ့သည့်အတွက် အသင်းစုဖွဲ့မှု အားကောင်းလာပြီး တိုက်စစ်ပိုင်းထက်မြက်လာသည်ကို တွေ့ရသည်။ ဝက်စ်ဟမ်းအသင်း၏ နောက်ဆုံးလေးပွဲကိုကြည့်လျှင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဒိုင်နမိုဇာဂရက် အသင်းကိုသာလျှင် နှစ်ဂိုးပြတ်အနိုင်ရရှိထားပြီး ပဲလေ့စ်၊ ဆောက်သမ်တန်အသင်းတို့ကို သရေကျကာ မန်ယူအသင်းကို ရှုံးနိမ့်ထားသည့်အတွက် အသင်းစွမ်းဆောင်ရည်ပိုင်းတွင် လိုအပ်ချက်များ ရှိနေပြီး အကျဘက်ရောက်နေသည်ဟု ဆိုနိုင်သည်။

ယနေ့ပွဲစဉ်တွင် မန်ယူအသင်းတွင် ရက်ဖို့ဒ်၊ ဒီယယ်လိုတို့ ပါဝင်နိုင်ဖွယ်မရှိသလို တိုက်စစ်ကစားသမား ကာဗာနီသည်လည်း သံသယအနေအထားတွင် ရှိနေသည်။ ထို့အပြင် မန်ယူအသင်းသည် ယနေ့ပွဲစဉ်တွင် အဓိကကစားသမားအချို့ကိုအနားပေးကာ အရန်ကစားသမားအများစုဖြင့် ဝက်စ်ဟမ်းအသင်းကို ရင်ဆိုင်လာဖွယ်ရှိသည်။ ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို အနည်းငယ်သာ အပြောင်းအလဲပြုလုပ်ပြီး အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုကာ မန်ယူအသင်းကို ရင်ဆိုင်လာဖွယ်ရှိသည်။

ထို့အပြင် ဝက်စ်ဟမ်းအသင်းသည် ယခုပွဲစဉ်၌ ပြီးခဲ့သည့်ပွဲစဉ်မှ အရေးနိမ့်မှုကို ချေဖျက်ကာ မန်ယူအသင်းကို အနိုင်ရရှိရေး အားစိုက်ကစားလာဖွယ်ရှိသည်။ ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် မန်ယူအသင်းကို ထပ်မံအရေးနိမ့်သွားမလား သို့မဟုတ် အနိုင်ရရှိသွားမလားဆိုသည်ကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။

**အောင်ဇော်**

## ဟုမ္မလင်းမြို့၊ ဒေါပုံမြို့၊ မြိတ်မြို့နှင့် ကလောမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဟုမ္မလင်းမြို့နယ် ဟုမ္မလင်း–နောင်ပိုအောင်ကားလမ်း နောင်လွန်ကျေးရွာအုပ်စု နားနောက်ကျေးရွာအနီးတွင် ဆပ်ဘာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၂၁ ကီလိုကို လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက် မင်းနန္ဒာလမ်းမကြီး သဘော်ာကျင်းမှတ်တိုင်အနီးတွင် ခိုင်ဖြိုးဝေ (ခ) ကုလားနှင့် ကျော်သူလွင် (ခ) နောင်နောင်တို့ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂၅ ပြားကို လည်းကောင်း ဖမ်းဆီးရမိသည်။



ဆပ်ဘာ အားသိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အလားတူ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် ဦးမြတ်လေးလမ်းနှင့် ထားဝယ်ကမ်းလမ်းဆုံတွင် အောင်ကျော်သူ(ခ) အီဇလာဟင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၇၀ ကိုလည်းကောင်း၊ ယင်းနေ့ ည ၁၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် တောင်လားကျေးရွာအုပ်စု မြင်းတိုက်ကျေးရွာအနီးတွင် သိန်းမြင့်နှင့် အောင်ဝင်း (ခ) အောင်မင်းတို့ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၉၀၀ နှင့် လက်လုပ်တူမီးသေနတ် တစ်လက်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

⚙ *ကျော်ပုံမှ*

ခြေစစ်ပွဲအဖြစ် ဘရူနိုင်းအသင်းနှင့် တီမောအသင်းတို့ တစ်ကျော့တည်း ယှဉ်ပြိုင်ရမည်ဖြစ်ကာ ကစားမည့်ရက်ကို အာဆီယံဘောလုံးအဖွဲ့ချုပ်က ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ ပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သော အသင်းများနှင့် မတွေ့ဆုံသော်လည်း ပြိုင်ပွဲ၏ အအောင်မြင်ဆုံးနှစ်သင်းဖြစ်သည့် ထိုင်း၊ စင်ကာပူတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ မြန်မာအသင်းသည် တစ်အုပ်စုတည်း ကျရောက်နေသည့် အသင်းများအနက် အုပ်စုအဆင့်တွင် ထိုင်း၊ စင်ကာပူတို့နှင့် ၂၀၁၄ ပြိုင်ပွဲတွင် လည်းကောင်း၊ ဖိလစ်ပိုင်အသင်းနှင့် ၂၀၁၂ ပြိုင်ပွဲတွင် လည်းကောင်း နောက်ဆုံးတွေ့ဆုံခဲ့သည်။

ခြေစစ်ပွဲကစားမည့် အသင်းများအနက် အုပ်စုအဆင့်တွင် တီမောအသင်းနှင့် ၂၀၀၄ ပြိုင်ပွဲ တစ်ကြိမ်သာ တွေ့ဆုံဖူးပြီး ဘရူနိုင်းအသင်းနှင့်မူ တွေ့ဆုံဖူးခြင်းမရှိကြောင်း သိရသည်။ တစ်ဖက်အုပ်စုတွင်မူ ၂၀၁၈ ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့သည့် ဗီယက်နမ်နှင့် မလေးရှားအသင်း ကျရောက်ခဲ့သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲအတွက် မကြာမီစခန်းဝင် လေ့ကျင့်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကာ နည်းပြချုပ်အဖြစ် အန်တွမ်နီပေါ့ကောက ကိုင်တွယ်မည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ– affsuzukicup.com**




## စစ်တွေမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်အား လိုက်နာခြင်းမရှိသူ ၃၈ ဦးကို အရေးယူထား

**နေပြည်တော် စက်တင်ဘာ ၂၁**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ စက်တင်ဘာ ၁၉ ရက်က ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်အမိန့်အား လိုက်နာခြင်းမရှိဘဲ လူစုလူဝေးပြုလုပ်သူ ၃၈ ဦးကို အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ Rock & Roll စားသောက်ဆိုင်၌ လူစုလူဝေး ပြုလုပ်နေကြောင်း သတင်းအရ စစ်တွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါစားသောက်ဆိုင်၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်အမိန့်အား လိုက်နာခြင်းမရှိဘဲ လူစုလူဝေးပြုလုပ်နေသူ မင်းဂံရပ်ကွက်နေ ဆိုင်ပိုင်ရှင် ခင်မောင်ထွန်း(၃၈ နှစ်)ပါ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၂၆ ဦးအား တွေ့ရှိဖမ်းဆီးရမိသဖြင့် ၎င်းတို့အား စစ်တွေမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## ချမ်းအေးသာစံမြို့နယ်တွင် ဖဲရိုက်လောင်းကစားနေသူ ၁၉ ဦးအား လောင်းကြေးငွေကျပ်သိန်း ၂၀၀ ကျော်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် Golden City Crown Hotel ၌ စက်တင်ဘာ ၂၀ ရက်က ဖဲရိုက်လောင်းကစားနေသူ ၁၉ ဦးအား လောင်းကြေးငွေကျပ် ၂၁၅၅၀၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က ချမ်းအေးသာစံမြို့နယ် ၇၀x၇၁ လမ်းကြား၊ လမ်း ၃၀ ပေါ်ရှိ Golden City Crown Hotel ၌ တရားမဝင်လောင်းကစားဝိုင်း ပြုလုပ်နေကြောင်း သတင်းအရ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဟိုတယ်၏ အခန်းအမှတ်(၄၀၄)တွင် အမရပူရမြို့နယ် မြေပဲတန်းရပ်ကွက်နေ မင်းနိုင်(၅၅ နှစ်)ပါ ၁၉ ဦးအား ဖဲရိုက်လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်း ၁၈ လုံး၊ လောင်းကြေးငွေကျပ် ၂၁၅၅၀၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဟိုတယ်မန်နေဂျာဖြစ်သူ မဟာအောင်မြေမြို့နယ် အကြော်စုရပ်ကွက်နေ မျိုးခိုင်(ခ)ပိစိ (၄၀ နှစ်)နှင့် မင်းနိုင်ပါ ၁၉ ဦးတို့အား ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) (၂၀-၉-၂၀၂၁)ရက်နေ့တွင် လှူဒါန်းပြီး | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း (၁၈-၉-၂၀၂၁)ရက်နေ့တွင် လှူဒါန်းပြီး | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မူမူ (ခ) ဒေါ်ခင်သန်းမူ (လောင်းရှည် )
### အသက် (၇၁)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ လောင်းရှည်မြို့နေ(ဦးအောင်သန်း–ဒေါ်ကျင်မူ) တို့၏သမီးကြီး၊ သနပ်ပင်မြို့နယ်၊ မင်းရွာနေ (ဦးထွန်းမောင်–ဒေါ်စောညွန့်)တို့၏ချွေးမ၊ သနပ်ပင်မြို့နယ်၊ ကျူချောင်းရွာနေ(ဦးကွန်)–ဒေါ်မြကြည်တို့၏ ညီမ၊(ဗိုလ်မှူးသန်းထွဋ်)(ငြိမ်း)ဗသက(၃၄) ၏ ဇနီး၊ ရန်ကုန်မြို့နေ ဒေါ်ကြူကြူ (ခ) ဒေါ်ခင်သန်းကြူ၊ ဒေါ်ခင်သန်းဦး၊ ဦးဇော်လင်း–(ဒေါ်မီမီချစ်)တို့၏ အစ်မကြီး၊ ဦးထင်လင်းအောင်(Super Auto Group)–ဒေါ်လင်းလင်းတင်ထွန်း (Mango Advertising)၊ ဦးနေလင်းအောင်(GLOBAL FOUNDRIES Singapore Pte. Ltd.)၊ ရဲမှူးကြီးမြင့်ထွန်း–ဒေါ်စန္ဒာလင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မလှိုင်မိုးမိုးမြင့်၊ မလင်းရွှေရည်မြင့်၊ မောင်ရှင်းသန့်ထင်လင်း၊ မောင်အောင်ခန့်ထင်လင်း၊ မောင်ကောင်းဆက်ထင်လင်း၊ မမြင့်ငွေရည်လင်းတို့၏ ချစ်လှစွာသောအဘွား၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဦးဘစံလမ်း၊ အမှတ် ၃၂/အီး၊ ကံကွန်ဒို၊ (၇)လွှာနေ ဒေါ်မူမူ သည် ၂၁–၉–၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၀၅:၅၀ နာရီတွင် အာယုဆေးရုံတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် နံနက် ၁၁:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညိုးငယ်သည့်စိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)
## သီရိပျံချီ ဦးမင်းသိန်း
### အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်နေ (ဦးလှဒင်–ဒေါ်သိန်း)တို့၏သားကြီး၊ (ဦးကံညွန့်–ဒေါ်ခင်ပု)တို့၏သားသမက်၊ ဒေါ်ခင်သန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးနိုင်မင်းဦး)–ဒေါ်မီမီသန်းဌေး၊ ဦးကျော်စွာ (နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်မေစီမင်း၊ ဒေါ်ကေသီမင်း၊ ဗိုလ်မှူးဇော်လွင်ထွန်း–ဒေါ်သီတာမင်း၊ ဦးဝေမင်းဦးတို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၉–၉–၂၀၂၁ ရက် နံနက် ၅နာရီတွင် နေအိမ်၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)၊ ပြည်ထဲရေးဝန်ကြီး(ငြိမ်း)နှင့် မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး အောင်ဖုန်း(ငြိမ်း)၊ (ကျုံမငေး)
## ကြည်း–၈၇၂၇
### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်စစ်အေး၏ခင်ပွန်း၊ ဦးစစ်တိုင်းအောင်–ဒေါ်ယဉ်ဝင်းဝင်းအောင်၊ ဦးစစ်သွေးအောင်–ဒေါ်ချိုဇင်ဝိုင်းတို့၏ဖခင်၊ ဗိုလ်မှူးကြီး အောင်ဖုန်း(ငြိမ်း)သည် ၁၅–၉–၂၀၂၁ ရက် နံနက် ၂:၅၀နာရီတွင် အာယုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)၊ ပြည်ထဲရေးဝန်ကြီး(ငြိမ်း)နှင့်မိသားစု

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/2366 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

### အလ္လာဟ်အသျှင်မြတ် အမိန့်တော်ခံယူခြင်း
### ဟာဂျီမ ဒေါ်ရူကီရာဘီ(ခ)ဒေါ်စန်းကြည်
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၈)၊ (၁၁၈)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလှတင်–ဒေါ်ခင်မြင့်)တို့၏သမီး (ဦးတင်–ဒေါ်စိန်မြ)တို့၏ သမီးချွေးမ၊ ဟာဂျီ AE ဦးလှမြင့်(ဦးစီးအရာရှိ ဆ/မ–ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့နေ (ဦးအောင်အောင်)–ဒေါ်နီနီမေ၊ ဦးကျော်ဇေယျ(ခ)ကိုကိုကြီး–(ဒေါ်မူမူအောင်)၊ [ဦးဇေယျကျော်ထင်(ခ)ကိုကိုလေး]၊ ဟာဂျီမော်လဝီ ဟာနစ်(ခ)ဦးသန်းနိုင်–ဟာဂျီမ ဒေါ်ယဉ်ယဉ်ကြည်၊ ဒေါ်မြင့်မြင့်ကြည်တို့၏ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး လေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၉–၉–၂၀၂၁(တနင်္လာနေ့) ည ၈:၁၀ နာရီတွင် အလ္လာဟ်အသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၂၁–၉–၂၀၂၁(အင်္ဂါနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးစွန်နီကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

### သားအဖြစ်မှ
### အမွေပြတ် စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အမှတ်(၇)၊ ဝက်ကြီးအင်း အရှေ့ရပ်နေ ဦးသန်းအောင်–ဒေါ်တင်တင်ဌေးတို့၏သားကြီး မောင်ထွန်းသူရလင်း ၉/ညဥန(နိုင်)၁၁၇၉၀၆ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ မည်သည့် အကြောင်းကိစ္စမဆို လုံးဝလုံးဝ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းအောင်–ဒေါ်တင်တင်ဌေး

## ဝမ်းနည်းကြေကွဲခြင်း

သတ္တုဖွံ့ဖြိုးရေးလီမိတက်မှ အစုရှယ်ယာရှင်နှင့် ဒါရိုက်တာအဖွဲ့ဝင် ဦးအိုက်စိုင်း၏ မိခင် ဒေါ်စုန်လန့် အသက်(၇၆)နှစ်သည် ၁၇–၉–၂၀၂၁ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကောင်းမွန်ရာဘုံဘဝသို့ရောက်ရှိပါစေ**

**နာယက၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များ**
**ဘဏ်အရာထမ်းများနှင့် အမှုထမ်းများ**
**သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း (ငြိမ်း)
### စစ်တက္ကသိုလ်အပါတ်စဉ်(၇)
### ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
### လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၇၈)နှစ်

ပဲခူးယ်ကုန်းမြို့နယ်နေ (ဦးကာကြည်–ဒေါ်လှစိန်)တို့၏သား၊ တောင်ကြီးမြို့နေ (ဦးဉာဏ်ထွန်း–ဒေါ်ငွေကြည်)တို့၏သမက်၊ (ဒေါက်တာဒေါ်ဝင်းရီ)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်ကို–ဒေါ်ခင်ညွန့်)တို့၏မောင်၊ ဦးကြည်ညွန့်–ဒေါ်ရီမြင့်၊ ဦးကျော်ထွန်း–ဒေါ်အေးသန်း၊ ဦးကျော်ဝင်း–(ဒေါ်အေးချိုချို)၊ ဦးသန်းဌေးတို့၏အစ်ကို၊ မသက်ထားမြင့်၊ မသက်မွန်မြင့်–ကိုလင်းဝင်းထွန်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ မမြတ်ပန်းပန်၊ မမြတ်ပန်းစံတို့၏ချစ်လှစွာသောအဘိုးသည် ၂၀–၉–၂၀၂၁ရက် ည ၇:၄၈နာရီတွင် ဝေဘာဂီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၉–၂၀၂၁ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်စိုး
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ စံပါယ်လမ်း၊ အမှတ်(၁)နေ (ဦးတင်–ဒေါ်အေးမြင့်)တို့၏သား၊ (ဦးခေတ်ကျန်–ဒေါ်သန်းငွေ)တို့၏သားသမက်၊ (ဦးစိန်ဝင်း)–ဒေါ်ခင်မာဝင်း၊ ဦးတင်ဝင်း–ဒေါ်ခင်ဝင်းရီတို့၏ညီမောင်၊ (ဦးထွန်းသန်း)–ဒေါ်သင်းသင်းဝါ၊ ဦးစန်းလွင်–ဒေါ်ရင်မေ၊ ဦးကျော်ငြိမ်း–(ဒေါ်တင်တင်နွဲ့)၊ ဦးသိန်းရွှေ–ဒေါ်လဲ့လဲ့မော်တို့၏ အစ်ကို၊ ကိုဝေစိုးလှိုင်–မထားထားလှိုင်၊ ကိုသွင်ကိုကို –မချောစုလှိုင်၊ (ကိုကျော်စိုးလှိုင်)–မဝင်းမမဇင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ (ဆရာမဒေါ်မွေးလှိုင်)၏ခင်ပွန်း၊ မနှင်းဦးလှိုင်၊ မောင်သုထက်မြတ်တို့၏ အဘိုးသည် ၂၀–၉–၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပျဉ်ထောင်သုသာန်သို့ ကောင်းမွန်စွာပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသဖြင့် ကွယ်လွန်သူအား ရည်စူး၍ ၂၆–၉–၂၀၂၁ ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းလင်းအေး
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ စောမဟာလမ်း၊ ခြံအမှတ်(၆)နေ (ဦးဘိုကြီး–ဒေါ်သန်းရွှေ)တို့၏သားကြီး၊ ဒေါ်သန်းသန်းအေး(ခ)ဒေါ်သီတာအေး၊ ဒေါ်ခင်ခင်အေး၊ ဦးသီဝအောင်တို့၏အစ်ကိုကြီး၊ ဒေါ်ခင်နှင်းဝေ၏ခင်ပွန်း၊ ကိုကျော်ဇင်သန့်–မအိဇင်နွယ်၊ ကိုအောင်ပြည့်–မနှင်းအေးလှိုင်၊ မနှင်းဦးဝေတို့၏ဖခင်၊ မောင်ဘုန်းပြည့်၊ မောင်တေဇာလင်း၊ မောင်သန့်ထူးဇင်တို့၏ အဘိုးသည် ၂၁–၉–၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၅:၂၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစန်းမြင့်
### နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့လက်ရွေးစင် ကစားသမားဟောင်း (လက်ဝှေ့)
### အထွေထွေအတွင်းရေးမှူး(ဟောင်း)၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်
### အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အား/ကာ ဦးစီးဌာန
### အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒီဇင်ဘာဥယျာဉ်အိမ်ရာ၊ တိုက်မှတ်(၁၄၂)နေ ဒေါ်လဲ့လဲ့အောင်၏ခင်ပွန်း နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း(လက်ဝှေ့) ဦးစန်းမြင့်သည် ၂၀–၉–၂၀၂၁ရက် ညနေ ၆:၂၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်
အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် အလှူဒါယိကာမကြီး
## ဒေါ်ဝေစိန်ညို
### (မြေပုံမြို့၊ ရခိုင်ပြည်နယ်)
### အသက်(၉၄)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့နေ(ဦးအငိုသံ–ဒေါ်ယဉ်ကျော့)တို့၏သမီး၊ (ဦးစောလှမောင်)၏ဇနီး၊ (ဦးဦးဘသိန်း)–ဒေါ်ကျော့၊ ဒေါ်စောရွှေသိန်း–ဦးချမ်းသာအောင်၊ ဒေါ်အောင်မေ–ဦးသိန်းကျော်အောင်၊ ဦးဘစောမောင်–ဒေါ်သိန်းယဉ်၊ ဒေါ်မေသန်းရီ၊ ဒေါ်အေးရီ– ဦးထွန်းအေး၊ ဦးလှကျော်ဇံ–ဒေါ်သက်သက်ဦး၊ ဦးသွင်စိုး–ဒေါ်မြစန်းအေးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၇ယောက်တို့၏ ဘောင်ဘောင်၊ မြစ်၁၁ယောက်တို့၏ ဖီးဖီးသည် ၂၀–၉–၂၀၂၁ရက် (တနင်္လာနေ့) ည ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၉–၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆–၉–၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၂)၊ပန်းမဥ္ဇူလမ်း၊ အမှတ်(၃၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ရီ(ခ)ဒေါ်ခင်ရီ(၄)
### (ဆက်သွယ်ရေးစာတိုက်ကြီး–ငြိမ်း)
### ဇီးကုန်းမြို့
### အသက်(၈၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နေ(ဦးချစ်မောင်–ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း–ဒေါ်ခင်ခင်)တို့၏သမီး၊ (ဦးသန်း–ဒေါ်ခင်မြိုင်)၊ (ဦးခင်ဆွေ–ဒေါ်ရီဆွေ)၊ (ဦးအေးကျော်–ဒေါ်ဟန်ဟန်)၊ (ဦးတင်ဟန်)–ဒေါ်လှလှ(ကျောင်းအုပ်ဆရာမကြီး–ဇီးကုန်းမြို့)တို့၏ ညီမ၊ (ဦးညွန့်တင်–ဒေါ်ရင်မေ)၊ (ဦးဝမ်းမောင်)–ဒေါ်ခင်မြင့်ဝေ၊ ဦးစိန်ဝင်း–(ဒေါ်ဖြူဖြူခင်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)လမ်း၊ အမှတ်(၃၂)နေ (ဦးအောင်သန်း–ဆက်သွယ်ရေးစာတိုက်ကြီး)၏ ချစ်လှစွာသောဇနီး၊ တူ/တူမ ၃၁ယောက်တို့၏ အဒေါ်ဖြစ်သူ ဒေါ်ခင်ရီ(ခ)ဒေါ်ခင်ရီ(၄)သည် ၁၈–၉– ၂၀၂၁ ရက်(စနေနေ့) ညနေ ၅:၀၀နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွန်လွန်သွားပါသဖြင့် ၁၉–၉–၂၀၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၄–၉–၂၀၂၁ရက်(သောကြာနေ့) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ဒူးယားလမ်း၊ အမှတ်(၉၈၉)နေ (ဦးညွန့်တင်–ဒေါ်ရင်မေ)တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ပါမောက္ခဒေါက်တာစောနောင်
### (၂၂–၉–၂၀၁၂) – (၂၂–၉–၂၀၂၁)

မိသားစုတစ်စုလုံး၏ ချစ်ခင်မြတ်နိုး၊ အားကိုးရဆုံးသားကြီး ပါမောက္ခဒေါက်တာစောနောင်ကွယ်လွန်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၉)နှစ်တင်းတင်းပြည့်ခဲ့ရပါပြီ။ နေ့စဉ်နှင့်အမျှ လွမ်းဆွတ်၊ သတိရတမ်းတနေဆဲပါ။ သားကိုရည်မှန်း၍ အကြိမ်ကြိမ် လှူဒါန်းခဲ့သော ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်စိမ်း အမယ်ငါးမျိုးနှင့် နဝကမ္မအလှူငွေများ ကပ်လှူခြင်းများနှင့် မိသားစုတစ်စုလုံး၏ နေ့စဉ်လစဉ်၊ ပြုပြုသမျှကုသိုလ်အစုစုတို့ကို ပါမောက္ခဒေါက်တာစောနောင်အား အမျှ၊ အမျှ၊ အမျှ ပေးဝေငပါသည်။

**ရောက်ရှိရာမြင့်မြတ်သောဘုံဘဝမှ သာဓု၊ သာဓု၊ သာဓု ခေါ်ဆိုနိုင်ပါစေ။**

| | | | |
|---|---|---|---|
| မိဘ – | ဦးသန်းရွှေ–ဒေါ်ညွန့်ညွန့် | ညီ – | ဦးမင်းရွှေ–ဒေါ်ဝင်းမြတ်စိုး |
| ဇနီး – | ပါမောက္ခဒေါက်တာရည်ရည်နိုင် | တူမ – | မင်းအိန္ဒြေခင် |
| ဦးလေး – | ဦးမောင်မောင် | တူ – | မင်းစိုးသန့် (ခေတ္တ–စင်ကာပူ) |
| အဒေါ် – | ဒေါ်ထွေးထွေး | | |

**ပတ်စ်ပို့ ပျောက်**

ကျွန်မ မသင်းသင်းထွေး ၁/မကန(ဧည့်)၀၀၁၇၁၆ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၇၄၄၄၄၂၆၇

## အများသိစေရန်အသိပေးကြေညာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ် (၃၆၅)၊ မြေကွက်တည်နေရာအမှတ် (၃၆၅)၊ အောင်မိုးဟိန်းလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင်အေး (SRM–075275)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တရားရုံးတရားမကြီးမှုအမှတ်(၁/၂၀၁၈)တွင် တရားလို ဒေါ်ခင်သိန်းမင်းမှ တရားပြိုင် ဦးသောင်းမြင့်အပေါ် ပိုင်ဆိုင်ကြောင်းမြွက်ဟ ကြေညာပေးစေလိုမှု စွဲဆိုခဲ့ရာ စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်၍ ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးလိုက်ကြောင်း ချမှတ်သည့် (၃–၄–၂၀၁၈) ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်–၄၀၂၄/၂၀၁၈ (၂၁–၁၂–၂၀၁၈) ပိုင်ဆိုင်လာသူ ဒေါ်ခင်သိန်းမင်း ၇/ပမန(နိုင်) ၀၃၅၁၉၉ မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံချက်၊ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ သေစာရင်း (၄)စောင်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏ လုပ်ထုံးလုပ်နည်းအရ အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ကန့်ကွက်သူမရှိပါသဖြင့် အမှုတွဲအမှတ်–ဒ၀မ၊ ဂရန်မိတ္တူ (၂၀၁၉၀၀၁၅၀၀/၁၉)(၂၃–၁–၂၀၁၉)ဖြင့် ဒေါ်ခင်သိန်းမင်း၏ ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်သဖြင့် မူလဂရန်အမှုတွဲအမှတ် –ဒ၀မ/ပရ/၂၃၆/၉၄ အရ (၂၁–၉–၉၄)ရက်တွင် မူလထုတ်ပေးထားသော ဦးတင်အေး (SRM–075275) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) အား ဤဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၉ ပုဗ္ဗသီရိအနောက်၊ လူနေရပ်ကွက်အမှတ်– ဝဏ္ဏဒီပ၊ မြေကွက်အမှတ် (ပ–၃၂၅၈၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ဝင်းမမ ၉/ ပမန(နိုင်)၁၄၃၉၃၅ အမည်အမှတ်အသားတည်ရှိသည့် ခုနှစ်(၃၀)ဂရန်မြေကွက်နှင့် ပုဗ္ဗသီရိမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၉/ပုဗ္ဗသီရိအနောက်လူနေရပ်ကွက်အမှတ်–ဝဏ္ဏဒီပ၊ မြေကွက်အမှတ် (ပ–၃၂၅၈၆)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်စိုးစိုးဌေး ၉/လဝန(နိုင်)၀၁၄၈၉၁ အမည်အမှတ်ရှိသည့် နှစ်(၃၀)ဂရန်မြေကွက် စုစုပေါင်း (၂)ကွက်တွဲလျက်ပါ၏ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရှင်ဖြစ်သူ ဦးအောင်ရဲထက် ၉/ပကခ(နိုင်)၀၂၅၇၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအိမ်ပါ အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရတနာလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၉၆၄/၂၀၁၈)**
**အမှတ်–၄၄၊ ၄လွှာ၊ ၁၂၂လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ခြင်းမရှိသော ဆူပူဆန္ဒပြမှုများနှင့် စပ်လျဉ်းသည့် ဖမ်းဆီးထိန်းသိမ်းခဲ့သူ (၅၃၁၅)ဦးအား လွှတ်ပေးခဲ့ကြောင်းနှင့် သတင်းပို့ဆက်သွယ်လာသူ(၇၀၂)ဦးတို့၏ အမှုများကိုပိတ်သိမ်း၊ ရုပ်သိမ်းပေးခဲ့ကြောင်း သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်က တာဝန်လွှဲပြောင်းရယူခဲ့ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ တည်ငြိမ်အေးချမ်းရေးကို မလိုလားသော နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကိုထောက်ခံသူများ၊ CRPH နှင့် NUG တို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခဲ့သော်လည်း အကြမ်းဖက်လုပ်ရပ်များဖြစ်သည့် လူသတ်၊ လုယက်၊ မီးရှို့မှုများ၊ အများပြည်သူအား အုပ်စုဖွဲ့တိုက်ခိုက်မှု၊ အစိုးရပိုင်၊ ပုဂ္ဂလိကပိုင်အဆောက်အဦများဖျက်ဆီးမှုနှင့် အခြားပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ထားခြင်းမရှိသူများ၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်မှုမရှိသူများအား ၎င်းတို့အပေါ် အရေးယူထားမှုများကို ဥပဒေနှင့်အညီ ပြန်လည်ဖြေလျှော့ပေးခဲ့ရာ ဖမ်းဆီးထိန်းသိမ်းခဲ့သူ (၅၃၁၅)ဦးအား လွှတ်ပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေသူများအား မိမိသဘောဆန္ဒအလျောက် ဆက်သွယ်သတင်းပို့ပါက အထက်တွင်ဖော်ပြခဲ့သည့် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ခြင်းမရှိပါက ၎င်းတို့အပေါ် ရေးဖွင့်ထားသည့်အမှုများကိုလည်း ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့ဝန်ထမ်းများအပါအဝင် သတင်းပို့ဆက်သွယ်သူ (၇၀၂)ဦးတို့၏ အမှုများကိုပိတ်သိမ်း၊ ရုပ်သိမ်းပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍လည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

## အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်း ထိုင်း၊ စင်ကာပူတို့နှင့် တစ်အုပ်စုတည်းကျရောက်

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲက Virtual ပုံစံဖြင့် ပြုလုပ်ခဲ့ရာ အာဆီယံဘောလုံးအဖွဲ့ချုပ်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ ဘောလုံးအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အုပ်စုမဲခွဲရာတွင် မြန်မာအသင်းသည် အုပ်စု(A)တွင် ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ခြေစစ်ပွဲအောင်အသင်းတို့နှင့် ကျရောက်ခဲ့ပြီး အုပ်စု(B)တွင်မူ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ ပါဝင်ခဲ့သည်။ ပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံကိုမူ ပြန်လည်ထုတ်ပြန်မည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၅ ရက်မှ ၁၉ ရက်အတွင်း ပြုလုပ်သွားမည်ဖြစ်သည်။

*စာမျက်နှာ ၂၅ ကော်လံ ၅*

### ယနေ့ မာတိကာ


**ကမ္ဘောဒီးယားနိုင်ငံ လူဦးရေ၏ ၅ ဒသမ ၂၄ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပေး**
နိုင်ငံတကာသတင်း | စာမျက်နှာ - ၁၄

**စက်တင်ဘာ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါဓာတ်ခံ အတည်ပြုလူနာသစ် ၁၆၈၇ ဦး တွေ့ရှိ**
ထုတ်ပြန်ချက် | စာမျက်နှာ - ၁၅

**ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့ရှိ ကမ္ဘာ့ရတနာဘဏ်ခွဲနှစ်ခုတို့ကို လုယက်မှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးရမိ**
ပြည်တွင်းသတင်း | စာမျက်နှာ - ၁၆






ကမာရွတ်မြို့နယ်၊ ၃ ရပ်ကွက် ၊ အမှတ်(၂)ဘောဂလမ်း၊ တိုက်အမှတ်၂၊ ဗလွှာမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းပစ္စည်းများ။

စမ်းချောင်းမြို့နယ်၊ မြေနီကုန်းခုံးကျော်အနီး တိုက်အမှတ်(၂၅၄)၊ အခန်း(၇/က)မှ သိမ်းဆည်းရမိသည့် ပစ္စည်းများ။

## စမ်းချောင်းမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုတိုက်ခိုက်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိ ဖောက်ခွဲမှု ၁၂ ကြိမ်၊ မီးရှို့မှု တစ်ကြိမ်၊ အကြမ်းဖက်သတ်ဖြတ်မှု သုံးကြိမ်ကျူးလွန်ခဲ့သူများဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၁**

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်တွင် စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက်၊ ဗဟိုလမ်းနှင့် ဇလွန်လမ်းဆုံ၌ လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ စက်တင်ဘာလ ၁၅ ရက်တွင် ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ပိုက်လုံးလမ်း၊ တိုက်(၇၀) အခန်း(၄၁)သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက

*စာမျက်နှာ ၁၇ ကော်လံ ၁*